ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

## လောကကို ထွန်းလင်းတောက်ပ

မိမိပြုခဲ့သော မကောင်းမှုအကုသိုလ်ကံကို ကုသိုလ်ကံဖြင့် ဖုံးအုပ်ဖြေဖျောက်နိုင်၏။ ထိုသို့ပြုနိုင်သူသည် တိမ်တိုက်မှ လွတ်မြောက်လာသောလကဲ့သို့ ဤလောကကို ထွန်းလင်းတောက်ပစေ၏။ (ကောင်းမှုကုသိုလ်ပြုနိုင်ရန် မိတ်ကောင်း ဆွေကောင်းရှိရန် လိုအပ်ပေရာ မိတ်ကောင်းဆွေကောင်းများနှင့် ပေါင်းသင်းဆက်ဆံနိုင်အောင် ကြိုးစားအားထုတ်သင့်၏)

လောကဝဂ်(ဓမ္မပဒ-၁၇၃)

၁၃၈၁ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၂ ရက်နေ့၊ တနင်္လာနေ့။ Monday, 10 February 2020 ၉၉၂၁

# (၇၃)ကြိမ်မြောက် မွန်အမျိုးသားနေ့အခမ်းအနား ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၉

**၁၃၈၁ ခုနှစ် တပို့တွဲလပြည့်ကျော် ၁ ရက်နေ့တွင် ကျရောက်သည့် (၇၃)ကြိမ်မြောက် မွန်အမျိုးသားနေ့အခမ်းအနားကို ယနေ့နံနက် ၇ နာရီတွင် မွန်ပြည်နယ် မော်လမြိုင်မြို့ ဘိုကုန်းရပ် သံလွင်ဥယျာဉ်မြေကွက်လပ်၌ ကျင်းပသည်။**

အခမ်းအနားသို့ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်၊ မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံ၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဒေါ်တင်အိ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် မျိုးမိုးအောင်၊ ပြည်နယ်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ မွန်အမျိုးသားနေ့အခမ်းအနား(ဗဟို)ကျင်းပရေးကော်မတီဥက္ကဋ္ဌ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မွန်တိုင်းရင်းသား တိုင်းရင်းသူများနှင့် ဒေသခံတိုင်းရင်းသားများ တက်ရောက်ကြသည်။

ရှေးဦးစွာ (၇၃)ကြိမ်မြောက် မွန်အမျိုးသားနေ့အခမ်းအနားကို ကမာဝက်မြို့ ဓာတ်တော်ကျောင်းတိုက် ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တပဏ္ဍိတမဟာထေရ်၊ ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်၊ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံ၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဒေါ်တင်အိ၊ ပြည်နယ် စာမျက်နှာ ၈ ကော်လံ ၁ သို့ ✳



ကမာဝက်မြို့ ဓာတ်တော်ကျောင်းတိုက်ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တပဏ္ဍိတမဟာထေရ်၊ ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်၊ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံ၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဒေါ်တင်အိ၊ ပြည်နယ် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဒေါက်တာမင်းကြည်ဝင်း၊ ကျင်းပရေးကော်မတီဥက္ကဋ္ဌ မင်းဗညားစန်းတို့က (၇၃)ကြိမ်မြောက် မွန်အမျိုးသားနေ့အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

## ကြေးမုံ ယနေ့ ဖတ်စရာ



**ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်ရှိ (၃၃/၁၁) ကေဗွီ၊ (၅) အမ်ဗွီအေ ခတ္တိယဓာတ်အားခွဲရုံဖွင့်ပွဲအခမ်းအနား ကျင်းပ**

စာမျက်နှာ » ၄

**မြန်မာနိုင်ငံကြက်ခြေနီအသင်းက နိုဗယ်ကိုရိုနာဗိုင်းရပ်စ် လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများတွင် အသုံးပြုရန် ဆေးပစ္စည်းများလှူဒါန်း**

စာမျက်နှာ » ၅

**ခွင့်တူညီမျှ ဝါဒဖြူစင် ဖက်ဒရယ်လစ်ဇင် စကားဝိုင်း(၁)**

စာမျက်နှာ » ၁၀

# တစ်ဦးချင်းပိုင် YBS ယာဉ်များ မတ်လကုန်နောက်ဆုံးထား၍ ကုမ္ပဏီအမည်ပေါက် လုပ်ဆောင်ရမည်

**ရန်ကုန် ဖေဖော်ဝါရီ ၉**

တစ်ဦးချင်းပိုင် YBS ယာဉ်များ မတ်လကုန်နောက်ဆုံးထား၍ ကုမ္ပဏီအမည်ပေါက် လုပ်ဆောင်ရမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့ (YRTA)မှ တွဲဖက်အတွင်းရေးမှူး ဦးလှအောင်က ပြောသည်။

ထိုသို့ တစ်ဦးချင်းပိုင် YBS ယာဉ်များကို ကုမ္ပဏီအမည်ပေါက် လုပ်ဆောင်ခြင်းမှာ စီမံခန့်ခွဲမှုအပိုင်းတွင် ထိရောက်မှန်ကန်စွာ ဆောင်ရွက်နိုင်ရေးအတွက် ဦးတည်လုပ်ဆောင်ခြင်းဖြစ်ကြောင်း ဖေဖော်ဝါရီ ၅ ရက်က ပြုလုပ်သော ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့နှင့် သတင်းမီဒီယာများ တွေ့ဆုံပွဲတွင် ပြောကြားခြင်းဖြစ်သည်။

ထို့ကြောင့် ပြောင်းလဲခဲ့သည့် YBS စနစ်အတွင်း ပြေးဆွဲနေသော ယာဉ်အိုယာဉ်ဟောင်းများကို မပိတ်ပင်ဘဲ ပါဝင်ပြေးဆွဲခွင့်ပေးခဲ့ပြီး ယာဉ်အိုယာဉ်ဟောင်းပိုင်ရှင်များအတွက်လည်း ထိခိုက်မှုအနည်းဆုံးဖြစ်စေရန်အတွက် YRTA အနေဖြင့် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း လက်ရှိပြေးဆွဲနေသည့် YBS စနစ်ကို စတင်အကောင်အထည်ဖော်ခဲ့သည်မှာ သုံးနှစ်ပြည့်ပြီဖြစ်သော်လည်း YBS ယာဉ်များ၏ သုံးပုံနှစ်ပုံခန့်သည် ကုမ္ပဏီပိုင်ကားများဖြစ်ကာ ကျန်ကားများမှာ ကုမ္ပဏီပိုင်မဖြစ်သေးသည့်အတွက် အဆင်မပြေမှုများ ကြုံတွေ့နေရကြောင်း ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ပြောသည်။

လက်ရှိ YBS ယာဉ်များတွင် အင်္ဂါရပ်နှင့်မညီသော စက်ချွမ်းအားကျဆင်းပြီး ကြံ့ခိုင်မှုမရှိသည့်ယာဉ်များနှင့် လုပ်ငန်းမလည်ပတ်နိုင်သော ယာဉ်များဖြစ်သည့် ၁၉၉၉ မှ ၂၀၀၃ ခုနှစ်ထုတ် ဘတ်စ်ကား YBS အစီးရေ ၇၀၀ ကျော်ရှိကြောင်း သိရသည်။

ငြိမ်းငြိမ်း

KBZ BANK
BEST BANK IN MYANMAR
Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

## ကြေးမုံ

# ဂုဏ်ယူမြတ်နိုးဖွယ် ပြည်ထောင်စု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် ဒီမိုကရေစီအသွင်ကူးပြောင်းရေးလမ်းကြောင်းပေါ်တွင် တစ်ဆင့်ပြီးတစ်ဆင့် တက်လှမ်းနေပြီဖြစ်သည်။ ပြည်သူများရွေးချယ်တင်မြှောက်သည့် ပြည်သူ့အစိုးရက ပြည်သူများ၏ အင်အားကို အဓိကရယူ၍ ဒီမိုကရေစီလမ်းကြောင်းကို မြဲမြံခိုင်မာတည့်မတ်မှန်ကန်အောင် ကြိုးပမ်းတည်ဆောက်နေသည်။ ပြည်သူ၏အားသည် အဓိကဖြစ်၍ ပြည်သူများအားလုံးက ပြည်ထောင်စုကြီးကို ချစ်မြတ်နိုးသောစိတ်ဖြင့် နိုင်ငံတော်အစိုးရနှင့်အတူ ဂုဏ်ယူဖွယ် ပြည်ထောင်စုဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

ထွန်းသစ်စထွက်ပြူနေသည့် ဒီမိုကရေစီအခြေခံအုတ်မြစ် ရင့်ကျက်ခိုင်မာပြီး ရေရှည်တည်တံ့ခိုင်မြဲစေရန်အတွက်ဆိုလျှင်မူ တရားဥပဒေစိုးမိုးရေး၊ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့သည် အလွန်အရေးကြီးပြီး ဒွန်တွဲနေသည်ကို ပြည်သူအားလုံးလက်ခံသိရှိကြပြီး ဖြစ်ပေလိမ့်မည်။ ထို့ကြောင့်လည်း နိုင်ငံတော်အစိုးရအနေဖြင့် အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ပြည်ထောင်စုငြိမ်းချမ်းရေးနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဦးစားပေးအဆင့်သတ်မှတ်၍ ကြိုးပမ်းဆောင်ရွက်နေသည်။

(၇၃) နှစ်မြောက် ရှမ်းပြည်နယ်နေ့ အခမ်းအနားတွင် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်က "ကျွန်တော်တို့ရဲ့ ပြည်ထောင်စုဖွား တိုင်းရင်းသားတွေအားလုံး ကျေနပ်လက်ခံ ဂုဏ်ယူနိုင်မယ့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်နိုင်ဖို့အတွက် ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ – (၂၁) ရာစုပင်လုံအစည်းအဝေးမှာ အခြေခံမူတွေချမှတ်နိုင်ဖို့ ကြိုးပမ်းဆောင်ရွက်နေတာ ဖြစ်ပါတယ်။ ရှေ့ဆက်မယ့် ခရီးလမ်းမှာလည်း အခက်အခဲတွေ၊ စိန်ခေါ်မှုတွေကတော့ အများကြီးရှိနေမှာပါ။ ဒါကိုလည်း အပြန်အလှန်နားလည်မှု၊ အပြန်အလှန်လေးစားမှုနဲ့ အပြန်အလှန်ယုံကြည်မှုတွေကို အခြေခံပြီး ဘုံသဘောတူညီချက်တွေရရှိအောင် ညှိနှိုင်းသွားရမှာ ဖြစ်ပါတယ်"ဟု ပြောကြားခဲ့သည်။

မျက်မှောက်ကာလတွင် တိုင်းပြည်အတွက် အထူးအရေးကြီးပြီး အလျင်အမြန်လိုအပ်နေသော အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးကို ကြိုးပမ်းတည်ဆောက်နေသည်။ ၎င်းအချက်များသည် တစ်ခုနှင့်တစ်ခု ဒွန်တွဲနေရာ ဦးစွာလိုအပ်သော အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးကို နိုင်ငံရေးဆွေးနွေးပွဲများပြုလုပ်ကာ ညှိနှိုင်းအဖြေရှာနေကြသည်။ တစ်ဦးနှင့်တစ်ဦး အပြန်အလှန်လေးစားနားလည် ယုံကြည်မှုတည်ဆောက်ပြီး ဘုံသဘောတူညီချက်များရရှိလျှင် တိုင်းရင်းသားပြည်သူများအားလုံး မျှော်မှန်းသည့်ရည်မှန်းချက်ပန်းတိုင်သို့ ရောက်ရှိမည်ဖြစ်သည်။

လွန်ခဲ့သည့် ၇၃ နှစ်က တောင်တန်းဒေသနေ တိုင်းရင်းသားခေါင်းဆောင်ကြီးများနှင့် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းတို့ ပင်လုံမြေတွင် စုပေါင်းတွေ့ဆုံညှိနှိုင်းကာ ပြည်မနှင့်အတူတကွ လွတ်လပ်ရေးရယူကြမည်ဆိုသည့် ဂုဏ်ယူဖွယ် ပြည်ထောင်စုတည်ထောင်မှုပြုရေးအတွက် အရေးကြီးသည့် သမိုင်းဝင်ဆုံးဖြတ်ချက်များကို စိတ်တူ၊ ကိုယ်တူ၊ ဆန္ဒတူ ချမှတ်နိုင်ခဲ့သည်။ တိုင်းရင်းသားသွေးစည်းညီညွတ်မှုကို အခိုင်အမာ တည်ဆောက်နိုင်သောကြောင့် လွတ်လပ်သောနိုင်ငံတော်အဖြစ် ကမ္ဘာ့အလယ်တွင် ဝင့်ဝင့်ထည်ထည် ရပ်တည်နိုင်ခဲ့သည်။

သို့သော် တိုင်းရင်းသားပြည်သူများ၏ မျှော်မှန်းချက်များ၊ လိုအင်ဆန္ဒများမှာ ပြည့်စုံခြင်းမရှိသေးပေ။ ပြည်သူများအားလုံးလိုလားသည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီးပေါ်ထွန်းလာအောင် ကြိုးပမ်းဆောင်ရွက်ရဦးမည် ဖြစ်သည်။ ဖက်ဒရယ်ပြည်ထောင်စုဖြစ်တည်ရန်အတွက် အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးတို့ကို တည်ဆောက်ရမည်ဖြစ်သည်။ လွန်ခဲ့သည့် ၇၃ နှစ်က တိုင်းရင်းသားခေါင်းဆောင်များ ပင်လုံစိတ်ဓာတ်ဖြင့် စည်းလုံးညီညွတ်မှုကို ဖော်ထုတ်ကာ လွတ်လပ်ရေး အောင်ပန်းကိုရယူသကဲ့သို့ ယခု (၂၁) ရာစုပင်လုံတွင်လည်း စည်းလုံးညီညွတ်မှုဖြင့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုပန်းတိုင်သို့ တက်လှမ်းကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ တိုင်းရင်းသားခေါင်းဆောင်များအနေဖြင့် ပြည်ထောင်စုကြီး၏ အနာဂတ်အရေးအတွက် အရေးကြီးသည့် (၂၁) ရာစုပင်လုံ နိုင်ငံရေးစားပွဲဝိုင်းတွင် သဘောထားကြီးခြင်း၊ သည်းခံခြင်း၊ စေ့စပ်ညှိနှိုင်းခြင်းဖြင့် ဂုဏ်ယူဖွယ်၊ မြတ်နိုးဖွယ်၊ လေးစားဖွယ် ပြည်ထောင်စုကြီးဖြစ်ထွန်းလာအောင် စည်းလုံးညီညွတ်မှုကိုအခြေခံ၍ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရမည် ဖြစ်ပါကြောင်း။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# ၂၀၂၀ ပြည့်နှစ်၊ (၇၃)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံး ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။

(၂) ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ပြည်ထောင်စုစိတ်ဓာတ်အရင်းခံ၍ အောင်မြင်သည်အထိ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရေး။

(၃) တရားဥပဒေစိုးမိုးရေး၊ မှန်ကန်သည့်တရားစီရင်ရေးနှင့် နိုင်ငံသားများ ဘေးကင်းလုံခြုံရေးတို့အတွက် တိုင်းရင်းသားအားလုံး၏စုပေါင်းအင်အားဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

(၄) မူးယစ်ဆေးဝါးအန္တရာယ်ကို အမျိုးသားရေးတာဝန်အဖြစ် ကြိုတင်တားဆီးကာကွယ်ခြင်းဖြင့် ပြည်သူများ၏ လူမှုအဆင့်အတန်းတိုးတက်မြင့်မားစေရေး။

(၅) စစ်မှန်သော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနှင့် ကိုက်ညီသည့် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေး။

# သွေးချင်းတို့ရဲ့ ပွဲတော်မှသည်...

ယခုနှစ် ပြည်ထောင်စုနေ့သို့ရောက်ရှိရန် နီးကပ်လာချိန်တွင် မြန်မာနိုင်ငံတိုင်းရင်းသားလုပ်ငန်းရှင်များအသင်းနှင့် ကယားပြည်နယ်တိုင်းရင်းသားလုပ်ငန်းရှင်များအသင်းတို့ ဦးဆောင်ကျင်းပသော "သွေးချင်းတို့ရဲ့ပွဲတော်ဆီ (၂၀၂၀)" ပွဲတော်ကြီးကို ဖေဖော်ဝါရီ ၁ ရက်မှ ၇ ရက်အထိ ရန်ကုန်မြို့ ကျိုက္ကဆံအားကစားကွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်ကို တွေ့ရသည်။

မြန်မာနိုင်ငံသည် တိုင်းရင်းသားမျိုးနွယ်စု ၁၃၅ မျိုးဖြင့် တည်ဆောက်ဖွဲ့စည်းထားသော နိုင်ငံဖြစ်ရာ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးသည် အလွန်အရေးကြီးသည်။ နှစ်ထောင်ချီ၍ အတူယှဉ်တွဲနေထိုင်လာကြသော တိုင်းရင်းသားညီအစ်ကိုမောင်နှမများ ဖြစ်ကြသည်နှင့်အညီ အရေးကြီးလျှင် သွေးစည်းခဲ့ကြသော ဥပမာများစွာရှိခဲ့သည်။ ကိုလိုနီနယ်ချဲ့စနစ် ကမ္ဘာတစ်လွှားဖြန့်ကြက်လာမှုကြောင့် အင်္ဂလိပ်လက်အောက်ကျရောက်ခဲ့ရသော်လည်း ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်တွင် ချုပ်ဆိုသော ပင်လုံစာချုပ်ဖြင့် တိုင်းရင်းသားချင်းစည်းလုံးညီညွတ်မှုအင်အားကို ပြသကာ လွတ်လပ်ရေးကို အရယူနိုင်ခဲ့သည်။ သို့သော် အယူဝါဒရေးရာ၊ လူမျိုးစုရေးရာ မကျေနပ်မှုများ မှစတင်၍ ပြည်တွင်းစစ်မီးတောက်လောင်ခဲ့ရာ ယနေ့ထိတိုင်ဖြစ်သည်။

ထို့ကြောင့်ပင် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်က ဖေဖော်ဝါရီ ၇ ရက်က ကျင်းပသော (၇၃) နှစ်မြောက် ရှမ်းပြည်နယ်နေ့အခမ်းအနားတွင် "လွတ်လပ်ရေးရပြီးကတည်းက တိုင်းရင်းသားအချင်းချင်း သံသယတွေ၊ မယုံကြည်မှုတွေနဲ့ စိတ်ဝမ်းကွဲပြားခဲ့ရာမှ လက်နက်ကိုင်နည်းလမ်းနဲ့ ဖြေရှင်းခဲ့ကြတဲ့အတွက် တစ်နိုင်ငံလုံး ဒုက္ခပင်လယ်ဝေခဲ့ရပါတယ်" ဟု ထည့်သွင်းပြောကြားသွားသည်။ ဆက်လက်ပြီး "ကျွန်တော်တို့အားလုံးဟာ ပြည်ထောင်စုသားတွေဖြစ်ကြတဲ့အတွက် တစ်ဦးနဲ့တစ်ဦး နားလည်မှု၊ ယုံကြည်မှု၊ လေးစားမှုတွေကို တိုးမြှင့်တည်ဆောက်ရင်း နိုင်ငံရေး တွေ့ဆုံဆွေးနွေးညှိနှိုင်းမှုတွေကတစ်ဆင့် ကြိုးပမ်းကြရန် အထူးပဲအရေးကြီးလှပါတယ်" ဟု ပြောသွားသည်။

သွေးချင်းတို့၏ ပွဲတော်ဆိုသည်မှာ ထိုသို့သောနားလည်မှု၊ ယုံကြည်မှု၊ လေးစားမှုများ ရရှိရန်အတွက် အရေးပါသော ပွဲတော်များပင်ဖြစ်သည်။

ဤပွဲတော်ကြီးသို့ ကယားပြည်နယ်မှ တိုင်းရင်းသား ၁၆၀၀ ကျော် တက်ကြွစွာ ပါဝင်ဆင်နွှဲခဲ့ကြသည်။ အလားတူပင် "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှ ၃၀၀ ကျော်၊ ကိုးကန့်မှ အင်အား ၆၀၀ ကျော်နှင့် ရှမ်းပြည်နယ်မှ ၈၀၀ ကျော် တက်ရောက်လာကြပြီး ကိုယ့်ဒေသထွက်ကုန်များ၊ ရိုးရာယဉ်ကျေးမှုများကို ပြသကြသည်။

ငြိမ်းချမ်းရေးအတွက်လည်း ဤပွဲတော်ကြီးသည် အထောက်အကူရမည့် လမ်းကြောင်းတစ်ခုဖြစ်သလို တိုင်းရင်းသားအချင်းချင်း တစ်ဦးနှင့်တစ်ဦး ပိုမိုချစ်ခင်ရင်းနှီးသွားစေသော ပွဲတော်ကြီးလည်း ဖြစ်ပေသည်။ သွေးချင်းတို့ရဲ့ ပွဲတော်ကို ပြီးခဲ့သည့်နှစ်က ကချင်ပြည်နယ်က ဦးဆောင်ကျင်းပခဲ့ပြီး လာမည့်နှစ်တွင် ကရင်ပြည်နယ်က တာဝန်ယူကျင်းပမည်ဖြစ်သည်။

ဤပွဲတော်ကြီး၏ ပိတ်ပွဲအခမ်းအနားတွင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဂုဏ်ပြုစကားပြောကြားရာတွင် "ယခုပွဲတော်မှ မငြိမ်းချမ်းလို့မဖြစ်ဘူး" ဆိုသည့် အသံကို မိမိတို့ ထပ်မံကြားသိရပါကြောင်း၊ ယခုပွဲတော်မှ အမြောက်သံ၊ ဗုံးသံ၊ သေနတ်သံအစား တိုင်းရင်းသားတေးသံများကို မိမိတို့ကြားခဲ့ရပါကြောင်း၊ ရောင်စုံပန်းများ ဖူးပွင့်နေသည့် ပန်းဥယျာဉ်ကြီးဆီသို့ ရောက်ရှိသည့်အလား တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု၊ ဝတ်စားဆင်ယင်မှုနှင့် အသုံးအဆောင်ပစ္စည်းတို့ကို တစ်ဝကြီး ကြည့်ရှုခံစားခွင့်ရပါကြောင်း၊ မိမိတို့၏ တိုင်းရင်းသားလူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေမည့် ခရီးသွားလုပ်ငန်း အလားအလာကောင်းတို့ကို မျှော်မှန်းခွင့်ရရှိခဲ့ပါကြောင်း၊ တိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီးမှုကို ဖော်ဆောင်ခွင့်ရခဲ့ပါကြောင်း စသည်ဖြင့် ပြောကြားသွားသည်ကို ဝမ်းမြောက်စွာတွေ့မြင်ကြရသည်။

ဖေဖော်ဝါရီ ၁ ရက်မှ ၇ ရက်အထိ ကျင်းပခဲ့သော ဤ "သွေးချင်းတို့ရဲ့ ပွဲတော်ဆီ" ပွဲတော်ကြီး၏ အဓိကရည်ရွယ်ချက်များဖြစ်သော တိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီးမှုများ ရရှိစေရန်၊ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေရန်၊ တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်မှုများ တိုးတက်ဖြစ်ထွန်းစေရန်၊ ရိုးရာအစားအစာများနှင့် ယဉ်ကျေးမှုများ အချင်းချင်းဖလှယ်ကြရန် စသည့် အချက်များအားလုံး ပေါက်မြောက်အောင်မြင်စွာ ကျင်းပနိုင်ခဲ့ကြောင်း တွေ့မြင်ရပေသည်။ ။

# ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့အထိမ်းအမှတ် မူလတန်းအဆင့် ကဗျာရွတ်ဆိုပြိုင်ပွဲ ကျင်းပ

**လှိုင်းဘွဲ ဖေဖော်ဝါရီ ၉**

ကရင်ပြည်နယ် လှိုင်းဘွဲမြို့နယ်၌ အခြေခံပညာဦးစီးဌာနနှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော ဖေဖော်ဝါရီ ၁၃ ရက်တွင် ကျရောက်မည့် (၁၀၅)နှစ်မြောက် ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့ အထိမ်းအမှတ်ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မူလတန်းအဆင့် ကဗျာရွတ်ဆိုပြိုင်ပွဲကို ယနေ့နံနက်ပိုင်းက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး လူထုအခြေပြုဗဟိုဌာန၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်သမဝါယမအသင်းစုလီမိတက်ဥက္ကဋ္ဌ ဦးလင်းခိုင်က ပြိုင်ပွဲမစတင်မီ ပြိုင်ပွဲများ၏စည်းမျဉ်း၊ စည်းကမ်းများကို ကျောင်းသားကျောင်းသူများ နားလည်သဘောပေါက်စေရန် အသေးစိတ်ရှင်းလင်း ပြောကြားသည်။

ထို့နောက် လှိုင်းဘွဲမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ မူလတန်းအဆင့် ကဗျာရွတ်ဆိုပြိုင်ပွဲသို့ ပြိုင်ပွဲဝင် ၃၃ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ထူးချွန်သော ကျောင်းသား ကျောင်းသူများအား ဖေဖော်ဝါရီ ၁၃ ရက်တွင် ကျရောက်မည့် ဗိုလ်ချုပ်အောင်ဆန်း၏ မွေးနေ့အထိမ်းအမှတ်အခမ်းအနားတွင် ဆုများပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။



**ခင်စန်းမြင့်**

ကြေးမုံ
စာတည်းမှူးချုပ် – ဦးဝင်းရွှေ
စာတည်းမှူး – ဦးဝင်းနိုင်
စာတည်းများ – ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း
သတင်းထောက်မှူး – ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ – ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ – ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဒေါ်နေဇာဇာထွန်း၊ ဦးသက်ထွေး၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ
အငယ်တန်းသတင်းထောက်များ – ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး
ဓာတ်ပုံသတင်းထောက် – ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် – စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ – အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ – ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

## ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ဝိုင်းဝန်းကြိုးပမ်း



ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အောင်မြင်ရေး၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ဖြစ်ပေါ်ရေး၊ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအကြားတွင် သံသယစိတ်ကင်းစင်ပြီး ခိုင်မာသောယုံကြည်မှု တည်ဆောက်နိုင်ရေး၊ ဒီမိုကရေစီစံချိန်စံညွှန်းများ၊ လူ့အခွင့်အရေး စံနှုန်းစံထားများနှင့်ကိုက်ညီပြီး နိုင်ငံတော်၏ ပကတိအခြေအနေများနှင့် ဆီလျော်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးတို့ကို ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်ပါသည်။

*[ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၏ ၄-၁-၂၀၂၀ ရက်နေ့တွင် (၇၂)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အခမ်းအနားသို့ပေးပို့သော သဝဏ်လွှာမှ ကောက်နုတ်ချက် ]*

# နိုင်ငံခြားသံရုံးများမှ သံရုံးအကြီးအကဲများနှင့် ၎င်းတို့၏ ဇနီး / ခင်ပွန်းများ မြိတ်-ကျွန်းစုသို့ လေ့လာရေးခရီးရောက်ရှိ

**မြိတ် ဖေဖော်ဝါရီ ၉**

အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် ဦးဆောင်သည့် မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံရုံးအကြီးအကဲများနှင့် ၎င်းတို့၏ ဇနီး/ခင်ပွန်းများပါဝင်သော သံတမန်လေ့လာရေးအဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ထားဝယ်မြို့မှ မြိတ်မြို့သို့ မြန်မာ့လေကြောင်းခရီးစဉ်ဖြင့် ရောက်ရှိကြသည်။

ယင်းနောက် သံတမန်လေ့လာရေးအဖွဲ့သည် မြိတ်မြစ်အတွင်း ရေယာဉ်ဖြင့် လှည့်လည်ကြည့်ရှုကြပြီး ကျွန်းစုမြို့နယ် ပထော်ပထက်ကျွန်းပတ်ဝန်းကျင်ကို လေ့လာ၍ ပထက်ကျွန်းရှိ အတုလရံသီရွှေသာလျောင်း လျောင်းတော်မူဘုရားအား ဖူးမြော်ကြည်ညိုကြကာ ပြည့်ဖြိုးထွန်းကုမ္ပဏီ၏ ကဏန်းပျော့မွေးမြူရေးလုပ်ငန်းအား သွားရောက်လေ့လာကြသည်။

မွန်းလွဲပိုင်းတွင် မြိတ်မြို့ကျက်သရေဆောင် လေးကျွန်းဆီမီးစေတီတော်ကြီးအား ဖူးမြော်ကြည်ညိုကြပြီး သဘာဝငှက်သိုက်အိမ်၊ Myeik Shopping Centre တို့ကို သွားရောက်လေ့လာကြသည်။

ညပိုင်းတွင် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့်ဇနီးတို့က သံတမန်လေ့လာရေးအဖွဲ့အား မြိတ်ကော်ပိုရေးရှင်းအများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်၌ ညစာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သိရသည်။

ခိုင်ထူး(မြိတ်ပြန်/ဆက်)



# ရှမ်းပြည်နယ်(တောင်ပိုင်း) ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ် ကြည့်ရှုစစ်ဆေး


**နေပြည်တော် ဖေဖော်ဝါရီ ၉**

အစားထိုးဖွံ့ဖြိုးမှု အကောင်အထည်ဖော်ရေး စီမံခန့်ခွဲမှုဥက္ကဋ္ဌ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်သည် ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်းရှိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား ယနေ့တွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

**ကြည့်ရှုစစ်ဆေး**

ရှေးဦးစွာ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ပင်လောင်းမြို့နယ် နောင်တရားမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ပင်လောင်းမြို့နယ်၏ အစားထိုးဖွံ့ဖြိုးရေးလုပ်ငန်းများ ပါဝင်ဆောင်ရွက်နေသည့် ဦးစီးဌာနများနှင့် တွေ့ဆုံသည်။ ယင်းနောက် နောင်တရားမြို့နယ်အတွင်းရှိ အစားထိုးဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် နောင်တရားမြို့ စိုက်ပျိုးရေး ရှေ့တန်းအခြေစိုက်စခန်းရှိ အစားထိုးကျေးရွာများသို့ ဖြန့်ဝေမည့် ထောပတ်၊ ကော်ဖီ၊ လက်ဖက်ပျိုးပင်များကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပေါ့အင်အုပ်စု လွယ်တက် အမက ကျောင်းဆောင်သစ်ဆောက်လုပ်ခြင်းလုပ်ငန်း၊ ဥဏ်ပင်လမ်းခွဲ-ကျွဲဖြူကွင်း-လွယ်တက် (၂/၀) မိုင် ကျောက်ရောမြေလမ်းခင်းခြင်းလုပ်ငန်း၊ ဆောင်းပေါင်း အမက ကျောင်းဆောင်သစ်ဆောက်လုပ်ခြင်းလုပ်ငန်း၊ ထီရယ်ကျေးရွာ (၁/၄)မိုင် စိမ့်စမ်းရေသွယ်ယူခြင်း ရေတားတမံ (Chan Link Fancing)(88 ft)ရေသန့်စက်အိမ်နှင့် ရေသန့်ပစ္စည်းများ တပ်ဆင်ခြင်းလုပ်ငန်း၊ ပေါ့အင်ကျေးရွာအုပ်စု ကျောက်တင်-ခြံပုတ်-ဝါးပြုံးမြေလမ်း သုံးမိုင်ဖောက်လုပ်ခြင်း လုပ်ငန်းကိုလည်းကောင်း၊ ဆောင်ခမောက်-စည်ပင်-ပင်ခင် (၄/၀) မိုင် ကျောက်ရောမြေလမ်းဖောက်လုပ်ခြင်း လုပ်ငန်းနှင့် နောင်မူလမ်းခွဲ-ကျောက်ဆင့်လမ်း(၂/၀)မိုင် ဖောက်လုပ်ခြင်း လုပ်ငန်းများကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။



အဆိုပါ လုပ်ငန်းများသည် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အထိ ပေါ့အင်၊ မွေးပြင်၊ ပင်ခင်၊ လွယ်မောကျေးရွာ လေးအုပ်စုတွင် အစားထိုးဖွံ့ဖြိုးမှု အကောင်အထည်ဖော်ရေး စီမံခန့်ခွဲမှုအဖွဲ့တွင် ပါဝင်သည့် သက်ဆိုင်ရာဦးစီးဌာနများက ပညာရေး၊ ကျန်းမာရေး၊ ရေရရှိရေး၊ လမ်း/တံတား၊ လျှပ်စစ်မီးရရှိရေး လုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။

**လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာ**

ထို့နောက် လမ်းပန်းဆက်သွယ်ရေး ဖွံ့ဖြိုးလာသည့်အတွက် ဒေသထွက်ကုန်စည်များ စီးဆင်းမှုမြန်ဆန်ခြင်း၊ ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာခြင်း၊ ရေရရှိရေး လုပ်ငန်းများ ဆောင်ရွက်ပေးခြင်းကြောင့် သန့်ရှင်းသော သောက်သုံးရေရရှိလာခြင်း၊ ကျောင်းဆောင်များ ဆောင်ရွက်ပေးခြင်းကြောင့် ဒေသခံကျောင်းသား ကျောင်းသူများအတွက် အဆင်ပြေချောမွေ့ခြင်း၊ အခြေခံကျန်းမာရေး စောင့်ရှောက်မှုများ ဆောင်ရွက်ပေးခြင်းကြောင့် သေဆုံးမှုများ နည်းပါးလာခြင်း၊ လျှပ်စစ်မီး သွယ်တန်းပေးခြင်းကြောင့် လူနေမှုအဆင့်အတန်းနှင့် အသေးစားစီးပွားရေး လုပ်ငန်းများအတွက် အဆင်ပြေ ချောမွေ့မည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## တန့်ဆည်မြို့နယ်၌ အမျိုးသားလျှပ်စစ်ဓာတ်အားဖြင့် ကျေးရွာသုံးရွာ မီးလင်း

**တန့်ဆည် ဖေဖော်ဝါရီ ၉**

စစ်ကိုင်းတိုင်းဒေသကြီး တန့်ဆည်မြို့နယ်တွင် အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်းဖြင့် ကျေးရွာများတွင် ဖေဖော်ဝါရီ ၈ ရက် ညနေပိုင်းမှစတင်ပြီး လျှပ်စစ်မီးလင်းပေးနိုင်ခဲ့ကြောင်း တိုင်းဒေသကြီးလျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ သိရသည်။

အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်း(NEP Plase 1)ဖြင့် တံဆိပ်ကျေးရွာ၊ အုန်းနဲဘုတ်ကျေးရွာနှင့် သုံးဆင့်ကျေးရွာတို့တွင် ၁၁/သုည ဒသမ ၄ ကေဗွီ ၅၀ ကေဗွီအေ ထရန်စဖော်မာအသုံးပြုကာ လျှပ်စစ်မီးလင်းပေးနိုင်ခဲ့ကြောင်း လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ ဦးဝေလင်းသန့်က ပြောသည်။

မွေးကြူဇင်



ဖေဖော်ဝါရီ ၈ ရက် နံနက် ၉ နာရီက စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်တွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး အောင်မျိုးဦး၊ မြို့မရဲစခန်းမှူး ဒုရဲမှူးသန်းထိုက်နှင့်အဖွဲ့၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ လက်ထောက်မီးသတ်ဦးစီးမှူး ဦးတင်ထွန်းအောင်နှင့်အဖွဲ့တို့က မြို့မရဲစခန်းအတွင်း မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် ဇာတ်တိုက်လေ့ကျင့်မှုများပြုလုပ်ခြင်း၊ မီးသတ်တပ်ဖွဲ့ဝင်များက လက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ မီးလောင်မှုဖြစ်ပွားပါက ချက်ချင်းမီးငြိမ်းသတ်နိုင်ရေးအတွက် ရဲတပ်ဖွဲ့ဝင်များ၊ မိသားစုဝင်များအား မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်မှုများ ပြုလုပ်စဉ်။

ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)

## တစ်စိတ်တည်းတစ်ဝမ်းတည်းဖြစ်မှ တကယ့်သွေးရင်းတွေဖြစ်နိုင်

ကျွန်မတို့သွေးချင်းလို့ဆိုတဲ့အခါမှာ တူညီတဲ့သွေး၊ တူညီတဲ့သွေးဆိုတာ တကယ်တော့ ကျွန်မတို့သွေးကြောတွေထဲမှာ စီးဆင်းနေတဲ့ သွေးတွေကို ပြောတာမဟုတ်ပါဘူး။ ကျွန်မတို့စိတ်ထဲကနေ စီးဆင်းနေတဲ့ သွေးကို ပြောတာပါ။ ဆိုလိုချင်တာဟာ စိတ်ထဲကသဘောချင်းဟာ တူညီမှ၊ ကျွန်မတို့ဟာ တစ်စိတ်တည်းတစ်ဝမ်းတည်းဖြစ်မှ တကယ့်သွေးရင်းတွေဖြစ်နိုင်မှာပါ။ အကြောထဲမှာ စီးဆင်းနေတဲ့သွေးက ဘယ်လိုပဲ တူတူ တစ်စိတ်တည်းတစ်ဝမ်းတည်းမဟုတ်ဘူးဆိုရင် ကျွန်မတို့ကို ကျွန်မတို့ သွေးချင်းလို့ခေါ်နိုင်မှာ မဟုတ်ပါဘူး။

*[နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ၁-၂-၂၀၂၀ ရက်နေ့တွင်ကျင်းပသော သွေးချင်းတို့ရဲ့ပွဲတော်ဆီ ၂၀၂၀ ဖွင့်ပွဲအခမ်းအနား၌ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက် ]*



# ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို ရှေးဟောင်းဓနုဖြူခံတပ်အား ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဖေဖော်ဝါရီ ၉**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုသည် ယမန်နေ့ နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့ရှိ အင်္ဂလိပ်-မြန်မာ ပထမစစ်ပွဲတွင် စစ်သူကြီးသတိုးသုဓမ္မမဟာဗန္ဓုလ ဦးဆောင်၍ အင်္ဂလိပ်တို့အား ခုခံတိုက်ခိုက်ခဲ့သည့် ရှေးဟောင်းဓနုဖြူ ခံတပ်၏ ကျန်ရှိနေသေးသော အုတ်ရိုးအစိတ်အပိုင်းများ ပြုပြင်ထိန်းသိမ်းနိုင်ရန် ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

**ရှင်းလင်းတင်ပြ**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးအား ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးလွင်က ရှေးမွန်မင်းများ တည်ဆောက်ခဲ့သော မြို့ရိုးဟောင်းကို စစ်သူကြီးမဟာဗန္ဓုလက ခံတပ်အဖြစ် မွမ်းမံတည်ဆောက်၍ အင်္ဂလိပ်တို့အား ခုခံခဲ့သည့်သမိုင်းကြောင်း၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ရရှိရန်ပုံငွေဖြင့် ဧရာဝတီမြစ်ဘက်ခြမ်းရှိ ခံတပ်အုတ်ရိုးအကြွင်းအကျန်များ ပျက်စီးဆုံးရှုံးမှုမရှိစေရေးအတွက် ရှေးမူမပျက်ကြံ့ခိုင်အောင် ဆောင်ရွက်မည့်အခြေအနေ၊ ခံတပ်ဧရိယာတွင် အများပြည်သူများ လာရောက်ကြည့်ရှုလေ့လာနိုင်ရန် လူသွားလမ်းများပြုလုပ်ခြင်း၊ မြေယာရှုခင်းပြုပြင်ခြင်းနှင့် လက်ရန်းအကာတန်းများပြုလုပ်၍ ကာကွယ်ထိန်းသိမ်းခြင်းလုပ်ငန်း ဆောင်ရွက်မည့်အခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းစီမံချက်နှင့်အညီ ဆက်လက်ဆောင်ရွက်ရန် မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ဓနုဖြူမြို့ နိုင်ငံတော် ပါဠိတက္ကသိုလ်တောင်ပေါ်ကျောင်းတိုက်ကြီးအတွင်းရှိ စစ်သူကြီးမဟာဗန္ဓုလ ကျဆုံးခဲ့သည့်နေရာတွင် အထိမ်းအမှတ်ပြုလုပ်ထားသော မဟာဗန္ဓုလရုပ်တုနေရာကို သွားရောက်ကြည့်ရှုပြီး ပြည်တွင်းပြည်ပဧည့်သည်များ ကြည့်ရှုလေ့လာနိုင်ရန်နှင့် နောင်မျိုးဆက်သစ်များ ဇာတိသွေး၊ ဇာတိမာန် ပေါ်ပေါက်လာနိုင်စေရေး စနစ်တကျထိန်းသိမ်းဆောင်ရွက်ရန် မှာကြားခဲ့ပြီး ကျိုက္ကလွန်ပွန်းစေတီတော်သို့ သွားရောက်ဖူးမြော်ကြည်ညို၍ ဂေါပကအဖွဲ့နှင့်တွေ့ဆုံကာ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်ရှိ (၃၃/၁၁) ကေဗွီ၊ ၅ အမ်ဗွီအေ ခတ္တိယဓာတ်အားခွဲရုံဖွင့်ပွဲအခမ်းအနား ကျင်းပ



**နေပြည်တော် ဖေဖော်ဝါရီ ၉**

ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ အကောင်အထည်ဖော်တည်ဆောက်ပြီးစီးခဲ့သည့် ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်ရှိ (၃၃/၁၁) ကေဗွီ၊ ၅ အမ်ဗွီအေ ခတ္တိယဓာတ်အားခွဲရုံဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် အဆိုပါ ဓာတ်အားခွဲရုံ၌ ကျင်းပသည်။

**၁၀၀ ရာခိုင်နှုန်းအထိ ဓာတ်အားရရှိအောင် ဆောင်ရွက်**

ရှေးဦးစွာ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က အမှာစကားပြောကြားရာတွင် ရန်ကုန်တောင်ပိုင်းခရိုင်အတွင်းတွင် ကျေးရွာပေါင်း ၁၀၃၁ ရွာရှိသည့်အနက် ၂၀၁၈ ခုနှစ်တွင် ရွာပေါင်း ၄၇၅ ရွာကိုသာ လျှပ်စစ်ဓာတ်အားပေးနိုင်ခဲ့၍ ၄၆ ရာခိုင်နှုန်းခန့်သာရရှိခဲ့သည်။ ယခု ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် တောင်ပိုင်းခရိုင်အတွင်း ၁၂၃ ရွာကို ထပ်မံ၍ ဓာတ်အားရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့သည့်အတွက် စုစုပေါင်း ၅၉၈ ရွာ ဓာတ်အားရရှိခဲ့ပြီး လျှပ်စစ်ဓာတ်အားရရှိမှုအနေဖြင့် ၅၈ ရာခိုင်နှုန်းခန့်အထိရရှိခဲ့ပြီးဖြစ်ပါကြောင်း၊ ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ကျန်ကျေးလက်ဒေသများသို့ လျှပ်စစ်ဓာတ်အားရရှိရေးစီမံဆောင်ရွက်ခဲ့ရာ ၂၀၁၆ ခုနှစ်တွင် ကျေးရွာပေါင်း ၁၀၈၅ ရွာသာ မီးလင်းခဲ့ပြီး ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ၂၆၉ ရွာ ထပ်မံမီးလင်းခဲ့၍ ရာခိုင်နှုန်းအားဖြင့် ၆၄ ရာခိုင်နှုန်းခန့်အထိ လျှပ်စစ်ဓာတ်အား ရရှိခဲ့ပြီးဖြစ်ပါကြောင်း၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ထပ်မံ၍ ၄၉၅ ရွာ လျှပ်စစ်ဓာတ်အားရရှိရန် စီစဉ်ဆောင်ရွက်လျက်ရှိသည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၈၇ ရာခိုင်နှုန်းအထိ လျှပ်စစ်ဓာတ်အားတိုးတက်သုံးစွဲနိုင်မည် ဖြစ်သည့်အပြင် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်၌ ကျန်ရှိသည့် ၂၅၉ ရွာကို လျှပ်စစ်ဓာတ်အားရရှိရေးဆောင်ရွက်ပေးရန် စီစဉ်ထားရှိသည့်အတွက် ဒီဇင်ဘာလကုန်တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ကျေးလက်နေပြည်သူများအားလုံး ၁၀၀ ရာခိုင်နှုန်းအထိ လျှပ်စစ်ဓာတ်အားရရှိအောင် ရည်မှန်းချက်ထား စီမံဆောင်ရွက်လျက်ရှိပါကြောင်း။

ယခုကဲ့သို့ ရန်ကုန်တိုင်းဒေသကြီးအတွင်းဆောင်ရွက်ခဲ့သည့် လုပ်ငန်းများအနက် ယခုဆောင်ရွက်ပေးခဲ့သော ရန်ကုန်တောင်ပိုင်းခရိုင်အတွင်း တွံတေးမြို့နယ်သည် ဧရိယာ ၂၇၉ ဒသမ ၀၉ စတုရန်းမိုင် ကျယ်ဝန်းကာ မြို့ပေါ်ရပ်ကွက် ရှစ်ရပ်ကွက်၊ ကျေးရွာအုပ်စု ၆၅ အုပ်စု၊ ကျေးရွာပေါင်း ၂၃၅ ရွာရှိသည့်အနက် မြို့ပေါ်ရပ်ကွက် ရှစ်ရပ်ကွက်နှင့် ကျေးရွာ ၁၂၁ ရွာတို့ကိုသာ ဓာတ်အားဖြန့်ဖြူးပေးနိုင်ခဲ့ရာမှ ယခု (၃၃/၁၁) ကေဗွီ၊ ၅ အမ်ဗွီအေ ခတ္တိယ ဓာတ်အားခွဲရုံတစ်ရုံ၊ ထရန်စဖော်မာအလုံး ၂၀၊ ၃၃ ကေဗွီဓာတ်အားလိုင်း ၉ ဒသမ ၅၂ မိုင်၊ ၁၁ ကေဗွီဓာတ်အားလိုင်း ၂၅ ဒသမ ၁၃ မိုင်နှင့် ၄၀၀ ဗို့ ဓာတ်အားလိုင်း ၂၃ ဒသမ ၄ မိုင်တို့ကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီး ရန်ပုံငွေ ၂၄၇၂ ဒသမ ၅၀၅ သန်း အသုံးပြုကာ တည်ဆောက်ပေးခဲ့သည့်အတွက် ကျေးရွာပေါင်း သုံးရွာ ထပ်မံဓာတ်အားရရှိမည်ဖြစ်ကာ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် နောက်ထပ်ကျေးရွာ ၂၈ ရွာ ထပ်မံဓာတ်အားရရှိမည်ဖြစ်ပြီး အိမ်ထောင်စုပေါင်း ၃၄၃၅ စု ထပ်မံဓာတ်အားရရှိမည်ဖြစ်ပါကြောင်း။

**ဝိုင်းဝန်းကူညီ**

ဤဒေသရှိ မိဘပြည်သူများအနေဖြင့် ယခင်ကမရရှိခဲ့သည့် လျှပ်စစ်ဓာတ်အားများ ရရှိလာသည့်အတွက် စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးတို့တွင် အစစအရာရာတိုးတက်ပြောင်းလဲလာမည်ဖြစ်ပါကြောင်း၊ ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်အတွက် အခြေခံအကျဆုံးသည် လျှပ်စစ်မီးဖြစ်သည်နှင့်အညီ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးအစရှိသည့် ကဏ္ဍအားလုံးတွင် ဘက်ပေါင်းစုံဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၏ ဆောင်ရွက်မှုများအပေါ် ပြည်သူတစ်ရပ်လုံးကလည်း ပူးပေါင်းကူညီဆောင်ရွက်ပေးကြရန်နှင့် ဓာတ်အားရရှိသုံးစွဲနိုင်ခြင်းမရှိသေးသည့်ဒေသများကို ဓာတ်အားဖြန့်ဖြူးနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည့်အတွက် ဒေသခံမိဘပြည်သူများကလည်း ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြရန်မေတ္တာရပ်ခံလိုကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက အမှာစကားပြောကြားပြီး တွံတေးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်လွင်နှင့် တွံတေးမြို့နယ် ခတ္တိယရွာသစ်ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဝဏ္ဏစိုးတို့က ဓာတ်အားခွဲရုံဖွင့်လှစ်နိုင်ခြင်းအတွက် ကျေးဇူးတင်စကားများ ပြန်လည်ပြောကြားကြသည်။

ယင်းနောက် (၃၃/၁၁) ကေဗွီ၊ ၅ အမ်ဗွီအေ ခတ္တိယ ဓာတ်အားခွဲရုံဖွင့်ပွဲအခမ်းအနားမှခ်ဦးအား တိုင်းဒေသကြီးလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်း၊ တိုင်းဒေသကြီး လျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော်၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ စွမ်းအင်လျှပ်စစ်သတ္တုနှင့် သစ်တောရေးရာကော်မတီဥက္ကဋ္ဌ ဦးတင်ရှိန်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာကျော်ဇင်ဦးနှင့် ဦးနေနိုင်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် (၃၃/၁၁) ကေဗွီ၊ ၅ အမ်ဗွီအေ ခတ္တိယဓာတ်အားခွဲရုံဖွင့်ပွဲအခမ်းအနား ကမ္ပည်းကျောက်စာမော်ကွန်းအား ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်းနှင့် တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ် ဦးလှအေးတို့က စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး **(အပေါ်ဝဲပုံ)** အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြကာ ဓာတ်အားခွဲရုံအတွင်း လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# မြန်မာနိုင်ငံကြက်ခြေနီအသင်းက နိုဗယ်ကိုရိုနာဗိုင်းရပ်စ် လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများတွင် အသုံးပြုရန် ဆေးပစ္စည်းများလှူဒါန်း

**ရန်ကုန် ဖေဖော်ဝါရီ ၉**

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းက နိုဗယ်ကိုရိုနာဗိုင်းရပ်စ် လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများတွင် အသုံးပြုရန် ဆေးပစ္စည်းများ လှူဒါန်းပွဲကို ဖေဖော်ဝါရီ ၈ ရက်တွင် ရန်ကုန်တိုင်းဒေသကြီးရှိ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ညှိနှိုင်းခန်းမ၌ ကျင်းပရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး တက်ရောက်သည်။



**လှူဒါန်း**

အခမ်းအနားတွင် လှူဒါန်းမှုနှင့်ပတ်သက်၍ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥက္ကဋ္ဌ ဒေါက်တာမောင်မောင်မြင့်နှင့် တာဝန်ရှိသူများက ယခုလှူဒါန်းမှုမှာ ကြက်ခြေနီနှင့် လခြမ်းနီလှုပ်ရှားမှု မိတ်ဖက်အသင်းအဖွဲ့များဖြစ်သည့် မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ နော်ဝေနိုင်ငံ ကြက်ခြေနီအသင်း၊ ဂျာမနီနိုင်ငံကြက်ခြေနီအသင်း၊ ဒိန်းမတ်နိုင်ငံကြက်ခြေနီအသင်း၊ တူရကီနိုင်ငံလခြမ်းနီအသင်းနှင့် ဆွီဒင်နိုင်ငံ ကြက်ခြေနီအသင်းတို့မှ အမေရိကန်ဒေါ်လာ ၁၆၅၀၀ တန်ဖိုးရှိ တစ်ကိုယ်ရေသုံး ရောဂါကာကွယ်ရေးဝတ်စုံ ၂၅၀ နှင့် ပါးစပ်နှင့်နှာခေါင်းစည်း ၅၀၀၀ တို့ကို လှူဒါန်းခြင်းဖြစ်ပါကြောင်း။

မြန်မာနိုင်ငံကြက်ခြေနီအသင်းသည် ဝန်ကြီးဌာနနှင့် ပူးပေါင်း၍ နယ်စပ် ဝင်၊ ထွက် ပေါက်များတွင် ရောဂါစောင့်ကြပ်ကြည့်ရှုမှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဝန်ကြီးဌာနနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့က ထုတ်ဝေထားသော ကျန်းမာရေးအသိပညာပေး အချက်အလက်များကို အသုံးပြု၍ ကျန်းမာရေးအသိပညာပေးပိုစတာနှင့် လက်ကမ်းစာစောင်များထုတ်ဝေကာ ပြည်သူများထံ ဖြန့်ဝေပေးအပ်မည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံကြက်ခြေနီအသင်းတွင် လျင်မြန်တုံ့ပြန်အဖွဲ့ (rapid response team) များ ဖွဲ့စည်းထားရှိပြီး ယခုကဲ့သို့ ကပ်အသွင် ရောဂါဖြစ်ပွားပျံ့နှံ့မှုများနှင့်ပတ်သက်၍လည်း သင်တန်းပေးလေ့ကျင့်ထားသူ ၃၀၀ ခန့်ရှိပါကြောင်း၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းသည် နိုဗယ်ကိုရိုနာဗိုင်းရပ်စ် လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများတွင် ဝန်ကြီးဌာနနှင့် ပူးပေါင်းလက်တွဲ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ယခုကဲ့သို့ မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ ပံ့ပိုးမှု၊ လုပ်ငန်းပူးပေါင်းဆောင်ရွက်မှုများကို ကျေးဇူးတင်ရှိပါကြောင်း၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ အသင်းဝင်အင်အားသည် များပြားပြီး အသင်း၏လုပ်ငန်းများတွင် လျင်မြန်တုံ့ပြန်ဆောင်ရွက်မှုများ ပါဝင်သည်ဖြစ်သဖြင့် ဝန်ကြီးဌာန၏ နိုဗယ်ကိုရိုနာဗိုင်းရပ်စ် လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် အားဖြည့်ဆောင်ရွက်မှုများတွင် များစွာ အထောက်အကူပြုနိုင်မည်ဖြစ်ပါကြောင်း။

ဝန်ကြီးဌာနအနေဖြင့် ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများတွင် ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများ၊ နိုင်ငံတကာနှင့် ပြည်တွင်းအစိုးရမဟုတ်သော အဖွဲ့အစည်းများ သက်ဆိုင်ရာကဏ္ဍအလိုက်ပါဝင်ကြရန် စာဖြင့်အကြောင်းကြားထားပြီးဖြစ်ပါကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် စနစ်တကျချိန်သားကိုက် ပူးပေါင်းချိတ်ဆက်ဆောင်ရွက်မှုများသည် အထူးအရေးကြီးပါကြောင်း။

**ချိတ်ဆက်ဆောင်ရွက်**

ထိုသို့ ပူးပေါင်းဆောင်ရွက်မှုတွင် လုပ်ငန်းတာဝန်ခွဲဝေသတ်မှတ်မှုများ စနစ်တကျရှိစေရေးအတွက် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းနှင့် ဗဟိုကူးစက်ရောဂါ တိုက်ဖျက်ရေးဌာနခွဲတို့ အသေးစိတ်ဆွေးနွေးရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းအနေဖြင့် မြို့နယ်အဆင့်များတွင် သက်ဆိုင်ရာ မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးများနှင့် ချိတ်ဆက်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ကျန်းမာရေးအသိပညာအချက်အလက်များ ဖြန့်ဝေရာတွင် ပြည်သူလူထုထံရောက်ရှိမှု၊ နားလည်မှု၊ အမှန်တကယ်အသုံးချမှုများရရှိစေရေး ထိရောက်စွာဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

နိုဗယ်ကိုရိုနာဗိုင်းရပ်စ် လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့်ဆောင်ရွက်ရာတွင် အားလုံးစုစည်းပူးပေါင်း ဆောင်ရွက်သွားစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းနှင့် မိတ်ဖက်ကြက်ခြေနီအသင်းများက လှူဒါန်းသည့် အမေရိကန်ဒေါ်လာ ၁၆၅၀၀ တန်ဖိုးရှိ တစ်ကိုယ်ရေသုံး ရောဂါကာကွယ်ရေးဝတ်စုံ ၂၅၀ နှင့် ပါးစပ်နှင့်နှာခေါင်းစည်း ၅၀၀၀ တို့ကိုလက်ခံခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင် မန္တလာဒီဂရီကောလိပ်မှ ကျောင်းသား ကျောင်းသူများအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၉**

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်သည် ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာနလက်အောက်ရှိ မန္တလာဒီဂရီကောလိပ်မှ ၂၀၁၉ – ၂၀၂၀ ပညာသင်နှစ် ခရီးသွားလုပ်ငန်းနှင့် ဧည့်ဝန်ဆောင်မှု စီမံခန့်ခွဲမှုပညာ (Bachelor of Tourism and Hospitality Management – BTHM)ဘာသာရပ် ပထမနှစ်ကျောင်းသား ကျောင်းသူ ၈၀ နှင့် ကြီးကြပ်သူ ဆရာ ဆရာမ ငါးဦးတို့အား ယနေ့မွန်းလွဲပိုင်းတွင် ဝန်ကြီးရုံးကျောက်စိမ်းခန်းမ၌ လက်ခံတွေ့ဆုံသည်။




**တိုက်တွန်းပြောကြား**

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ခရီးသွားလုပ်ငန်းကဏ္ဍတွင် အရည်အသွေးပြည့်ဝသည့် ကျွမ်းကျင်ပညာရှင်များ ပေါ်ထွန်းလာစေရေးအတွက် ၂၀၁၂ – ၂၀၁၃ ပညာသင်နှစ်မှစ၍ ပညာရေးဝန်ကြီးဌာန၏ အစီအစဉ်ဖြင့် ရန်ကုန်မြို့တွင် အမျိုးသားစီမံခန့်ခွဲမှုဒီဂရီကောလိပ်နှင့် မန္တလေးမြို့တွင် မန္တလာဒီဂရီကောလိပ်တို့တွင် ဝိဇ္ဇာဘွဲ့(ခရီးသွားလုပ်ငန်း) B.A (Tourism) ကို စတင်ဖွင့်လှစ်ခဲ့ရာ ယခုနှစ် ပညာသင်နှစ်ထိ ရှစ်နှစ်ရှိခဲ့ပြီဖြစ်ပါကြောင်း၊ ကျောင်းသားကျောင်းသူများအနေဖြင့် ခရီးသွားလုပ်ငန်းနှင့် ဧည့်ဝန်ဆောင်မှုပညာ ဘာသာရပ်များကို လေ့လာဆည်းပူးပြီး လေးနှစ်တာကာလအတွင်း လေ့ကျင့်ပေးခဲ့သည့် အတွေ့အကြုံများကို လက်တွေ့လုပ်ငန်းတွင် အကျိုးပြုအသုံးချနိုင်မည့် ပုဂ္ဂိုလ်များဖြစ်ရန်၊ နိုင်ငံ၏အနာဂတ်ခရီးသွားလုပ်ငန်းကဏ္ဍအတွက် ထိရောက်စွာ အကျိုးပြုနိုင်မည့် ခရီးသွားလုပ်ငန်းဆိုင်ရာ အသိပညာရှင်များ၊ အတတ်ပညာရှင်များအဖြစ် ပေါ်ထွန်းလာစေရန်နှင့် မိမိတို့ဝန်ကြီးဌာနနှင့် ခရီးသွားလုပ်ငန်းနယ်ပယ်တွင် ကျရာတာဝန်ကို ပါဝင်ထမ်းဆောင်နိုင်ကြပြီး ခရီးသွားလုပ်ငန်း၏ အနာဂတ်ကြယ်ပွင့်များဖြစ်အောင် ကြိုးပမ်းသွားကြပါရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် မန္တလာဒီဂရီကောလိပ် ကျောင်းအုပ်ကြီး ဒေါက်တာစိန်စိန်အောင်က ခရီးသွားလုပ်ငန်းနှင့် ဧည့်ဝန်ဆောင်မှု စီမံခန့်ခွဲမှုဆိုင်ရာပညာရပ် သင်ကြားမွေးထုတ်နေခြင်းနှင့် လေ့လာရေးခရီးစဉ်အကြောင်းကို လည်းကောင်း၊ Digital Marketing တာဝန်ခံ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ကျော်လွင်က ဝန်ကြီးဌာနမှ ဒစ်ဂျစ်တယ်နည်းပညာကို အသုံးပြု၍ ခရီးသွားမြှင့်တင်ရေးဆိုင်ရာ ဆောင်ရွက်နေမှုအခြေအနေများကို လည်းကောင်း၊ နီပေါနိုင်ငံအခြေစိုက် The Last Resort မှ အုပ်ချုပ်မှုဒါရိုက်တာ ဦးခင်မောင်ဝင်းက နီပေါနိုင်ငံတွင် Bungee Jumping အားကစားနည်းဖြင့် ကမ္ဘာလှည့်ခရီးသွားများကို ဝန်ဆောင်မှုပေးနေသောအခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ကျောင်းသား ကျောင်းသူများ၏ မေးမြန်းချက်များကို ပြည်ထောင်စုဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်၊ ကျောင်းအုပ်ဆရာမကြီး၊ The Last Resort မှ အုပ်ချုပ်မှုဒါရိုက်တာနှင့် ဝန်ကြီးဌာနမှ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းဖြေကြားခဲ့ပြီး ကျောင်းသားကျောင်းသူများကိုယ်စား ကျောင်းသားတစ်ဦးက ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ကျပ်သန်းပေါင်း ၁၀၀၀၀ ကျော်ဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးမည်

**မုံရွာ ဖေဖော်ဝါရီ ၉**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ကျေးလက်ဒေသများ လမ်းပန်းဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ရန်ပုံငွေဖြင့် ဆောင်ရွက်နေသကဲ့သို့ ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုမူလရန်ပုံငွေမှ ငွေကျပ် ၁၀၆၅၀ ဒသမ ၄၈၁ သန်း အကုန်အကျခံ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်သန်းသန်းထွေးက ပြောသည်။

**တည်ဆောက်ပေးသွားမည်**

ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းခင်းခြင်းကဏ္ဍတွင် စုစုပေါင်းအရှည် ၁၁၀ ဒသမ ၇၂၈ ကီလိုမီတာရှိ လမ်းမျိုးစုံကို ငွေကျပ် ၅၆၈၆ ဒသမ ၂၁၈ သန်း အကုန်အကျခံ၍လည်းကောင်း၊ တံတားတည်ဆောက်ခြင်းကဏ္ဍတွင် စုစုပေါင်းအရှည် ၂၄၂၉ ဒသမ ၈၃ မီတာရှိ တံတားမျိုးစုံ ၉၂ စင်းကို ငွေကျပ် ၄၉၆၄ ဒသမ ၂၆၃ သန်းဖြင့်လည်းကောင်း ယခုဘဏ္ဍာနှစ်အတွင်း တည်ဆောက်ပေးသွားမည်ဖြစ်သည်။

၂၀၁၉ – ၂၀၂၀ ဘဏ္ဍာနှစ်အတွင်း ဖောက်လုပ်ပေးမည့်လမ်းများအဖြစ် ကွန်ကရစ်လမ်းအရှည် ၁၈ ဒသမ ၀၄၉ ကီလိုမီတာ၊ ကတ္တရာလမ်းအရှည် ၁၃ ဒသမ ၆၀၂ ကီလိုမီတာ၊ ကျောက်ခင်းလမ်းအရှည် ၁၀ ဒသမ ၈၆၉ ကီလိုမီတာ၊ ဂျင်းမြေခင်းလမ်း အရှည် ၉ ဒသမ ၆၅၅ ကီလိုမီတာနှင့် မြေသားလမ်းဖောက်လုပ်ခြင်း အရှည် ၅၈ ဒသမ ၅၅၃ ကီလိုမီတာတို့ကို ခင်းကျင်းပေးသွားမည်ဖြစ်သည်။

ထို့အပြင် တံတားကဏ္ဍတွင် စုစုပေါင်းအရှည် ၁၈၀၇ ဒသမ ၆၅ မီတာရှိ ကွန်ကရစ်တံတား ၃၉ စင်း၊ စုစုပေါင်းအရှည် ၅၅၅ ဒသမ ၅ မီတာရှိရေကျော်ကိုးစင်းနှင့် စုစုပေါင်းအရှည် ၆၆ ဒသမ ၆၈ မီတာရှိ Box Culvert ၄၄ စင်းတို့ကို တည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းဦး(ဧယျာတိုင်း)**

(၇၃)နှစ်မြောက် ပြည်ထောင်စုနေ့အကြို ဂုဏ်ပြုဆောင်းပါး

# ပြည်ထောင်စုနေ့ အတွေးများ

သိန်းထွန်း( IR )



ပြည်ထောင်စုနေ့ဆိုသည်မှာ မိမိတို့ငယ်စဉ်ကျောင်းသားဘဝကပင် ရင်းနှီးကျွမ်းဝင်ခဲ့၊ မျှော်လင့်ခဲ့ရသည့် နေ့ထူးနေ့မြတ် ရက်တစ်ရက် ဖြစ်သည်။

ငယ်စဉ်ကတော့ ပြည်ထောင်စုနေ့၏ အဓိပ္ပာယ်နှင့် အနှစ်သာရကို နားမလည်နိုင်ခဲ့ပါ။ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် လွတ်လပ်ရေးအတွက် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ တိုင်းရင်းသားခေါင်းဆောင်ကြီးများသည် ပင်လုံမြို့၌ ပင်လုံစာချုပ်ချုပ်ဆိုခဲ့ကြသည် ဆိုသည့် ကျောင်းစာတွင် သင်ကြားရသည်များကိုသာ သိရှိခဲ့သည်။ ထိုအသိဖြင့်ပင် ပြည်ထောင်စုနေ့ ရောက်တိုင်း ပျော်ခဲ့ရဖူးပါသည်။

ပြည်ထောင်စုနေ့မတိုင်မီ ပြည်ထောင်စုအလံသည် တိုင်းနှင့်ပြည်နယ်များရှိ မြို့ကြီးများသို့ လှည့်လည်သည်မှာ နှစ်စဉ်လိုလိုပင်။ ပြည်ထောင်စုအလံ ဖြတ်သန်းသွားသည့် မြို့များရှိသကဲ့သို့ မြို့ကြီးများတွင် ပြည်ထောင်စုအလံ ညအိပ်ရပ်နားလေ့ရှိသည်။ ပြည်ထောင်စုအလံ ညအိပ်ရပ်နားမည့်မြို့များတွင် ပြည်ထောင်စုအလံကြိုဆိုရေးအဖွဲ့များ၊ လက်ဆင့်ကမ်းသယ်ယူရေးအဖွဲ့များ၊ ပြခန်းများ၊ ပျော်ပွဲရွှင်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပကြ၏။ ပြည်ထောင်စုအလံ သယ်ယူချိန်တွင် တိုင်းရင်းသားဝတ်စုံများ၊ ဌာနဆိုင်ရာဝတ်စုံများ၊ တူညီဝတ်စုံများနှင့် သယ်ယူကြသည်။ အလံတော်သယ်ယူရေးအဖွဲ့များသည် ကြိုတင်လေ့ကျင့်ကြရသည်။ မိမိတို့မှာ ငယ်ရွယ်သူများဖြစ်သဖြင့် ပြည်ထောင်စုအလံ မြို့ထဲသို့ ဝင်လာသည်နှင့် လမ်းဘေးဝဲ/ယာမှ ကြည့်ကြသည်။ ညပိုင်းတွင်လည်း ပြည်ထောင်စုအလံ ညအိပ်ရပ်နားသည့် အားကစားကွင်းအတွင်းသို့ လည်ပတ်ကြည့်ရှုကြသည်။ ပြခန်းများ၊ ပစ္စည်းအရောင်းခန်းများ၊ ပျော်ပွဲရွှင်ပွဲများဖြင့် ကြိတ်ကြိတ်တိုးစည်ကားလှသဖြင့် ပျော်ရွှင်ရသည်ကို အမှတ်ရမိနေဆဲပင်။

ငယ်စဉ်ကျောင်းသားဘဝက ထိုအမှတ်တရများသည် ပြည်ထောင်စုနေ့ဆိုသည့်အသိထက် မပိုခဲ့။ ပျော်ရွှင်ရမှုထက် မပိုခဲ့။ ပြည်ထောင်စုနေ့၏အရေးပါမှု၊ အနှစ်သာရတို့ကို နားမလည်နိုင်ခဲ့ပါ။ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းတိုင်းရင်းသားတို့ ပေါင်းစည်းနေထိုင်ရာ ပြည်ထောင်စုကြီးသည် ပဒေသာပင် ပေါက်သကဲ့သို့ အသင့်ဖြစ်ပေါ်လာသည်မဟုတ်။ ပထမ မြန်မာနိုင်ငံတော်ကြီးတည်ဆောက်ချိန်မှစ၍ ယနေ့အထိပင် ပြည်ထောင်စုဖွားတိုင်းရင်းသားများအားလုံး တစ်စိတ်တစ်ဝမ်းတည်း စုစည်းနေထိုင်ကြရန် စည်းလုံးညီညွတ်ရေးကို တည်ဆောက်ခဲ့ကြရသည်။ မိဘဘိုးဘွားတို့၏ သမိုင်းပေးအမွေဟုပင်ဆိုဆို၊ သမိုင်းပေးတာဝန်ဟုပင်ဆိုဆို ပြည်ထောင်စုကြီးကို မျိုးဆက်သစ်လူငယ်များသို့ လက်ဆင့်ကမ်းပေးကြရဦးမည် ဖြစ်သည်။ လက်ဆင့်ကမ်း တာဝန်ကျေပွန်ကြမှလည်း အနာဂတ်ပြည်ထောင်စုအရေး စိတ်အေးကြရပေလိမ့်မည်။

ပြည်ထောင်စုဆိုသည်က စာရွက်တွင်သာ ရှိရမည့်အရာမဟုတ်သကဲ့သို့ ရည်ညွှန်းရမည့် စကားသက်သက်လည်း မဟုတ်ပါ။ ပြည်ထောင်စုတွင်နေထိုင်ကြသည့် တိုင်းရင်းသားအားလုံးသည် ကောင်းတူဆိုးဖက် တစ်စိတ်တစ်ဝမ်းတည်း နေထိုင်လိုစိတ်ရှိကြရပေမည်။ တစ်နည်းအားဖြင့် တိုင်းရင်းသားလူမျိုး ၁၃၅ မျိုး စုစည်းနေထိုင်ကြသည့် မိမိတို့နိုင်ငံသည် သူတစ်လူငါတစ်မင်းနှင့် ကိုယ့်မြင်းကိုယ်စိုင်းနေကြမည်ဆိုပါက ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေး မျှော်မှန်းချက်ဆိုသည်မှာ လိုက်လေဝေးလေဖြစ်မည်ကို စိုးရိမ်မိပါသည်။ သို့သော် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုဆိုသည်က မိမိတို့လက်တစ်ကမ်းတွင် ရှိနေသည်ဟု ခိုင်ခိုင်မာမာ ယုံကြည်ထားပါသည်။ သို့သော်....။

ယုံကြည်ချက်၊ ခံယူချက်၊ မျှော်လင့်ချက်များဆိုသည်က အလိုလိုပေါက်ပွားလာတတ်သည့် အရာများမဟုတ်သကဲ့သို့ အပြန်အလှန်မယုံကြည်နိုင်မှု၊ စိတ်ဝမ်းကွဲမှု၊ မစည်းလုံးနိုင်မှုတို့ဆိုသည်မှာလည်း အလားတူပင်ဖြစ်သည်။ အကြောင်းကြောင့် ဖြစ်လာကြသော အကျိုးဆက်များ ဖြစ်ပါသည်။ နိုင်ငံအတွင်းဖြစ်ပွားနေသည့် တိုက်ပွဲများဖြင့် ယုံကြည်မှုတည်ဆောက်နိုင်မည်ဟု မယုံကြည်ပါ။ ထို့အတူ ထိပ်တိုက်ရင်ဆိုင်မှုများဖြင့် စိတ်ဝမ်းကွဲမှုကို ဖြေလျှော့နိုင်မည် မဟုတ်ပါချေ။ ဥပမာပြလိုပါသည်။ ယခင်က အေးချမ်းပျော်ရွှင်ဖွယ်ကောင်းလှသော ရခိုင်ပြည်နယ် မြောက်ဦး ကျောက်တော်ဒေသများသည် ယခုအခါ စိုးရိမ်မှုများ၊ ထိတ်လန့်မှုများ၊ မရေရာမသေချာမှုများသည် မည်သည့်ရှုထောင့်မှကြည့်ကြည့် ကောင်းသောအလားအလာဟု မဆိုနိုင်ပါ။ တိုက်ပွဲများကြောင့် ဖြစ်လာသည့် အကျိုးဆက်များဟု ဆိုရပါမည်။ ထို့အတူ တိုက်ပွဲများဖြစ်ပွားနေသည့် အခြားဒေသများတွင်လည်း ငြိမ်းချမ်းရေး၊ အေးချမ်းသာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေးသည် အရေးတကြီးလိုအပ်နေဆဲ အရှိတရားများအဖြစ် မြင်တွေ့နေရပါသည်။

ငြိမ်းချမ်းသောဒေသများမှ ကလေးငယ်များမှာ အေးချမ်းမှု၊ ပျော်ရွှင်မှု၊ လုံခြုံမှုတို့ဖြင့် နေထိုင်နေကြရသည်။ ပညာသင်ကြားနေကြရသည်။ တိုက်ပွဲများဖြစ်ပွားရာ နေရာဒေသများမှ ကလေးငယ်တို့မှာ နေရေး၊ စားရေး၊ ဝတ်ရေးတို့အပြင် ပညာသင်ကြားရေးတို့သည် ပျောက်သောလမ်းမှာ စမ်းတဝါးဝါးဆိုသကဲ့သို့ပင်။ တိုက်ပွဲရှောင်များတွင် ကလေးငယ်များ မည်မျှရှိနေမည်မသိ။ ကျောင်းမတက်ရသူ မည်မျှရှိနေမည်မသိ။ သူတို့လေးများ ကြုံတွေ့နေရသည့် ခံစားချက်၊ သူတို့လေးများ၏ ပြည်ထောင်စုမျှော်လင့်ချက်ထက် မည်သည့်အရာက ပို၍အရေးကြီးနေသည်ကို မခန့်မှန်းတတ်တော့ချေ။

**မိမိတို့အားလုံးသည် ဒီမိုကရေစီဖက်ဒရယ် နိုင်ငံတော်ကြီးအားတည်ဆောက်ကြရာတွင် အတိတ်တွင်နစ်မြုပ်နေသည့် အတွေးအခေါ်များ၊ နာကြည်းမှု၊ မကျေနပ်မှု အခြေခံသည့်အတွေးအခေါ်များနှင့် အဆင်ပြေနိုင်မည်လား သို့တည်းမဟုတ် တိုးတက်လိုသော အတွေးအခေါ်၊ အကျိုးပြုလိုသော အတွေးအခေါ်များနှင့် ပိုမိုအဆင်ပြေနိုင်မည်လားဆိုသည်မှာ (၇၃)နှစ်မြောက် ပြည်ထောင်စုနေ့ အတွေးတစ်ရပ်ဖြစ်**

ထိုတိုက်ပွဲဖြစ်ပွားရာ နေရာဒေသများမှ တိုင်းရင်းသားများနှင့် ကလေးငယ်တို့၏အနာဂတ်မှာ ပြည်ထောင်စုအတွင်း တစ်မြေတည်းနေ၊ တစ်ရေတည်းသောက်နေရသော်လည်း မတူညီသောအခြေအနေနှင့် မတူညီသော အခွင့်အရေးများ ရရှိနေပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၂ (က) တွင် နိုင်ငံသားတိုင်းသည် ဤဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ပြဋ္ဌာန်းထားသည့် တန်းတူညီမျှမှုအခွင့်အရေး၊ လွတ်လပ်မှုအခွင့်အရေး၊ တရားမျှတမှုအခွင့်အရေးတို့ ခံစားခွင့်ရှိသည်ဟု ပြဋ္ဌာန်းထားပါသည်။ ထို့အပြင် ပုဒ်မ ၂၂ ( ခ) တွင် တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်ရေး၊ ချစ်ကြည်လေးစားရေးနှင့် ရိုင်းပင်းကူညီရေးတို့ တိုးတက်ဖြစ်ထွန်းစေရန် ကူညီဆောင်ရွက်မည်ဟုလည်း ပြဋ္ဌာန်းထားပြီးဖြစ်ပါသည်။ ဥပဒေဆိုသည်မှာ ကျင့်သုံးမှ၊ လိုက်နာမှ၊ အကောင်အထည်ဖော်မှ အသက်ဝင်ပါလိမ့်မည်။ သို့မှလည်း ပြည်ထောင်စုမျှော်မှန်းချက်များကို ပြည့်ဝစေနိုင်ပေမည်။

ကမ္ဘာစစ်ကြီးဒဏ်မှရုန်းထ၍ ကမ္ဘာ့အင်အားကြီးနိုင်ငံများဖြစ်လာသော ဂျာမနီနိုင်ငံ၊ ဂျပန်နိုင်ငံတို့သည် ယနေ့ထိပ်တန်းနိုင်ငံများ ဖြစ်နေကြသည်။ စစ်ပွဲဒဏ်ခံစားခဲ့ရသော ဗီယက်နမ်နိုင်ငံသည်ပင် ဖွံ့ဖြိုးတိုးတက်ရေးလမ်းကြောင်းပေါ် ရောက်နေလေပြီ။ ရောမအင်ပါယာကြီးကို တစ်ရက်တည်းတည်ဆောက်ခဲ့တာ မဟုတ်ဆိုသကဲ့သို့ နေ့ချင်းညချင်း နတ်ရေကန်အတွင်းပစ်ချလိုက်သကဲ့သို့ပင် ပြည်ထောင်စုကြီး ဘွားခနဲဖြစ်လာရမည်ဟု မဆိုလို။ သို့သော် ကြိုးစားမှုနှင့် အရွေ့အတိုင်းအတာတော့ လိုပါလိမ့်မည်။ ယနေ့မိမိတို့နိုင်ငံသည်လည်း အနာဂတ်ပြည်ထောင်စုနိုင်ငံတော်ကြီးတည်ဆောက်ရေးအတွက် ပြုပြင်ပြောင်းလဲရေးများလုပ်ဆောင်နေသည်မှာ ကိုးနှစ်ပင် ပြည့်ခဲ့ပြီဖြစ်သည်။ မြန်မာပြုပြင်ပြောင်းလဲရေးတွင် ကြီးမားသောစိန်ခေါ်မှုတစ်ရပ်ရှိနေကြောင်း၊ ယင်းစိန်ခေါ်မှုမှာ အတွေးအခေါ်များ (Mindsets) ပြောင်းလဲရေးဖြစ်ကြောင်း သံတမန်တစ်ဦးက မှတ်ချက်ပြုဖူးပါသည်။

အတွေးအခေါ်များဆိုသည်မှာ အတိတ်က တွေ့ကြုံခဲ့ရသည့် အတွေ့အကြုံ၊ ခံစားချက်များ စုစည်းထားသည့် စိတ်၏အကျင့်စရိုက်များဖြစ်သည်ဟု ဆိုပါသည်။ သို့ဖြစ်ရာ အတွေးအခေါ်များတွင် ယုံကြည်ချက်များ၊ သဘောထားများအပြင် မိမိနှင့်ပတ်ဝန်းကျင်အပေါ် ယူဆချက်များလည်း နက်ရှိုင်းစွာပါဝင်နေပါသည်။ အတွေးအခေါ်များနှင့် ပတ်သက်၍ မဟတ္တမဂန္ဒီက သင်၏ယုံကြည်ချက်များသည် သင်၏ အတွေးများဖြစ်လာသည်။ သင်၏ အတွေးများသည် သင်၏ စကားလုံးများဖြစ်လာသည်။ သင်၏ စကားလုံးများသည် သင်၏ လုပ်ရပ်များဖြစ်လာသည်။ သင်၏ လုပ်ရပ်များသည် သင်၏ အကျင့်စရိုက်များ ဖြစ်လာသည်။ သင်၏ အကျင့်စရိုက်များသည် သင်၏တန်ဖိုးများ ဖြစ်လာသည်။ သင်၏ တန်ဖိုးများသည် သင်၏ကံကြမ္မာဖြစ်လာသည်ဟု ဆိုထားရာ မိမိတို့အနာဂတ်၊ မိမိတို့မျှော်မှန်းချက်တို့သည့် မိမိတို့၏ အတွေးအခေါ်များအပေါ် တည်မှီနေပါသည်။

အတွေးအခေါ်များသည် မိမိကိုယ်မိမိ သို့မဟုတ် အခြားသူများ သို့မဟုတ် ကမ္ဘာကြီးအပေါ် မည်သို့ရှုမြင်သည်ဆိုသည့် နည်းလမ်းများကို ဖြစ်စေပါသည်။ အတွေးအခေါ်များဆိုသည်မှာလည်း အမြဲတစေ ပြည့်စုံနေသည်ဟုမဆိုနိုင်ရာ မိမိ၏အတွေးအခေါ်များအပေါ်မူတည်၍ အကောင်းမြင်၊ အဆိုးမြင်၊ အပြုသဘော၊ အပျက်သဘော အတွေးများ၊ အပြောများ၊ အပြုအမူများကို ဖြစ်စေနိုင်ပါသည်။ အတွေးအခေါ်ပုံစံများတွင် အခြေခံအားဖြင့် ပုံသေအတွေးအခေါ်၊ တိုးတက်သော အတွေးအခေါ်နှင့် အကျိုးပြုအတွေးအခေါ်ဟူ၍ သုံးမျိုးရှိပါသည်။

ပုံသေအတွေးအခေါ်သမားများသည် မိမိကိုယ်မိမိ တိုးတက်ရန်လုပ်ဆောင်ခြင်းထက် ၎င်းတို့၏အရည်အချင်းများကို ပုံသေသတ်မှတ်ထားလေ့ရှိသဖြင့် ပြောင်းလဲမှုမပြုလုပ်နိုင်ကြောင်း စိတ်ပညာပါမောက္ခ Carol S. Dweck က ဆိုပါသည်။ တိုးတက်သော အတွေးအခေါ်သမားများသည် မိမိ၏အရည်အချင်းများသည် မိမိ၏လုပ်ဆောင်မှုနှင့် ကြိုးပမ်းအားထုတ်မှုများကြောင့်ဟု ယုံကြည်သဖြင့် အရာရာကိုကောင်းမွန်စေရန် ဆောင်ရွက်နိုင်ကြသည်။ ပိုမိုကြိုးစားအားထုတ်လေ ပိုမိုကျွမ်းကျင်တိုးတက်လာသည်ဟု ယုံကြည်ကြသူများဖြစ်သည်။ အကျိုးပြုအတွေးအခေါ်သမားများသည် ၎င်းတို့၏အရည်အချင်း တိုးတက်မြင့်တင်ရာတွင် ယုံကြည်ကြပြီး အနာဂတ်ပိုမိုကောင်းမွန်လာစေရေး အဓိပ္ပာယ်ရှိရှိ ပံ့ပိုးကူညီသူများဖြစ်ကြသည်။

သို့ဖြစ်ရာ မိမိတို့အားလုံးသည် ဒီမိုကရေစီဖက်ဒရယ်နိုင်ငံတော်ကြီးအား တည်ဆောက်ကြရာတွင် အတိတ်တွင်နစ်မြုပ်နေသည့်အတွေးအခေါ်များ၊ နာကြည်းမှု၊ မကျေနပ်မှု အခြေခံသည့်အတွေးအခေါ်များနှင့် အဆင်ပြေနိုင်မည်လား သို့တည်းမဟုတ်တိုးတက်လိုသောအတွေးအခေါ်၊ အကျိုးပြုလိုသော အတွေးအခေါ်များနှင့် ပိုမိုအဆင်ပြေနိုင်မည်လားဆိုသည်မှာ (၇၃) နှစ်မြောက် ပြည်ထောင်စုနေ့အတွေးတစ်ရပ် ဖြစ်ပါသည်။ ပြည်ထောင်စုသားတစ်ယောက်၏ ဆန္ဒတစ်ရပ်အနေဖြင့်မူ အနာဂတ်မျိုးဆက်ဖြစ်သည့် ကျောင်းသား ကျောင်းသူများနှင့် လူငယ်လူရွယ်များကို တိုးတက်သောအတွေးအခေါ်ရှိသူများ၊ အကျိုးပြုအတွေးအခေါ်ရှိသူများ ဖြစ်စေလိုလှပါသည်။ ။

## ပင်လုံစိတ်ထား ညီနောင်ဖွား

✪ ကိုယ့်နိုင်ငံ ကိုယ့်လူမျိုး
မြတ်နိုးကြ ကိုယ့်မြေ။
ကိုယ့်ရိုးရာဓလေ့
ခင်မွေ့ကြပေ။

✪ မျိုးချစ်စိတ်အမွေ
စွဲလို့လေ တို့အသည်း
ဖွဲ့စိတ်တွေ ဝေလျှံလို့
အားမာန်ခိုင်မြဲ။

✪ ပြည်ထောင်စုစိတ်
ဦးထိပ်မှာပန်
မြန်ပြည်သာစေဖို့
ပြည်သူရဲ့အားမာန်။

✪ ညီနောင်ထု ဝန်းရံ
ရန်ဟူသမျှ ဖယ်ရှား
တို့လက်တွေ ခိုင်ခိုင်မြဲ
တွဲလျက်စိတ်ထား။

✪ ပင်လုံမြေ အခြေပြု
ညီညွတ်မှုသက်သေ
သွေးစည်းလို့ မနားမနေ
အမိမြေ ငြိမ်းချမ်းဖို့
အသိတွေ-သတိတွေဆက်
ထမ်းရွက်ကြစို့။

ထီယု

ဒို့ညီနောင်ထု
တည်ထောင်ပြု
ပြည်ထောင်စုနေ့
ဒို့မမေ့





# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး သူနာပြုတက္ကသိုလ်(ရန်ကုန်)၏ (၂၆)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနား ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်

**ရန်ကုန် ဖေဖော်ဝါရီ ၉**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် ဖေဖော်ဝါရီ ၈ ရက်ညပိုင်းတွင် သူနာပြုတက္ကသိုလ်(ရန်ကုန်)၌ ကျင်းပခဲ့သည့် သူနာပြုတက္ကသိုလ်(ရန်ကုန်)၏ (၂၆)ကြိမ်မြောက် ဘွဲ့နှင်းသဘင် အခမ်းအနား ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်သည်။

**ဆက်လက်ကြိုးပမ်း**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ရန် မွန်မြတ်သောရည်ရွယ်ချက်များဖြင့် ကြိုးပမ်းအားထုတ်ခဲ့မှုများကြောင့် သူနာပြုမဟာသိပ္ပံဘွဲ့၊ သူနာပြုသိပ္ပံဘွဲ့နှင့် အထူးပြု သူနာပြုဒီပလိုမာဘွဲ့များရရှိခဲ့ကြသူများအား ဂုဏ်ပြုပါကြောင်း၊ သူနာပြုသိပ္ပံဘွဲ့ရရှိခဲ့သူများအနေဖြင့် သူနာပြုပညာရပ်များကို စဉ်ဆက်မပြတ် ဆက်လက်လေ့လာကြစေလိုပြီး မဟာသိပ္ပံဘွဲ့များ၊ အထူးပြုဒီပလိုမာဘွဲ့များ၊ ပါရဂူဘွဲ့များရရှိသည်အထိ သန္နိဋ္ဌာန်ချ ဆက်လက်ကြိုးပမ်းကြစေလိုပါကြောင်း၊ ဘွဲ့ရမောင်မယ်များအနေဖြင့် မိမိတို့၏ အနာဂတ်ရည်မှန်းချက်ပန်းတိုင်များ အမြန်ဆုံးချမှတ်စေလိုပြီး ထိုသို့ချမှတ်ရာ၌ ဝါရင့် ဆရာ ဆရာမများ၊ မိသားစုများ၊ သူငယ်ချင်းမိတ်ဆွေများနှင့် တိုင်ပင်ကာ ချမှတ်စေလိုပါကြောင်း။

ယခုနှစ်တွင် ရန်ကုန်နှင့် မန္တလေးသူနာပြုတက္ကသိုလ်များမှ သူနာပြုသိပ္ပံဘွဲ့ရ ၃၀၆ ဦးကို မွေးထုတ်ပေးခဲ့ပြီး ဝန်ကြီးဌာနမှ အဆိုပါသူနာပြုဘွဲ့ရများအားလုံးကို ယခုရက်ပိုင်းအတွင်း ဗဟိုအဆင့်နှင့် တိုင်းဒေသကြီး/ ပြည်နယ်ဆေးရုံများတွင် ခန့်အပ်သွားမည်ဖြစ်ပါကြောင်း၊ ထိုသို့ဆေးရုံအသီးသီးတွင် တာဝန်ထမ်းဆောင်ခြင်းဖြင့် ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုများ ပေးအပ်နိုင်မည်သာမက လက်တွေ့သူနာပြုစုမှု အတွေ့အကြုံများကိုလည်း ရရှိနိုင်မည်ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် လုပ်ငန်းလိုအပ်ချက်များပြားသော သူနာပြုများ ပိုမိုမွေးထုတ်လေ့ကျင့်ပေးနိုင်ရေးအတွက် သူနာပြုသိပ္ပံ၊ သူနာပြုသိပ္ပံ (ပေါင်းကူး) on-campus နှင့် off-campus သင်တန်းများဖြင့် သင်ကြားပေးလျက်ရှိပါကြောင်း။

**တိုးမြှင့်ခေါ်ယူ**

ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ပညာရှင်များ ပါဝင်ရေးဆွဲထားခဲ့သော သူနာပြုသိပ္ပံသင်ရိုးညွှန်းတမ်းသစ်ကို ၂၀၁၇ ခုနှစ်မှ စတင်အသုံးပြုသင်ကြားခြင်း၊ သူနာပြုသားဖွားသင်တန်းကျောင်းသစ်များ ဖွင့်လှစ်ခဲ့ခြင်းတို့နှင့်အတူ သူနာပြုသင်တန်းများ တက်ရောက်ခွင့်ရသူဦးရေကိုလည်း သိသာစွာတိုးမြှင့်ခေါ်ယူခဲ့ရာ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်နှင့် ၂၀၁၉-၂၀၂၀ ပညာသင်နှစ်တို့တွင် တစ်နှစ်လျှင် လူဦးရေ ၃၇၀၀ တက်ရောက်ခွင့်ပြုခဲ့ပါကြောင်း၊ လာမည့် ပညာသင်နှစ်တွင်လည်း လူဦးရေ ၄၅၀၀ အထိ တိုးမြှင့်ခေါ်ယူလေ့ကျင့်ပေးသွားရန် စီစဉ်လျက်ရှိပါကြောင်း၊ သူနာပြုများသည် လုပ်ငန်းခွင်တွင် အလုပ်တာဝန်များပြားကာ အလုပ်ဝန်ပိနေသည်ကို သိရှိပါကြောင်း၊ သူနာပြုများအား ကူညီပေးနိုင်ရန်အတွက် အကူသူနာပြုဦးရေ ၃၀၀ ကိုလည်း ရန်ကုန်၊ မန္တလေးဆေးရုံကြီးများနှင့် နေပြည်တော် ခုတင် (၁၀၀၀)ဆံ့ဆေးရုံကြီးများတွင် ကိုးလတာသင်တန်းဖြင့် လေ့ကျင့်ပေးလျက်ရှိပါကြောင်း၊ သင်တန်းပြီးဆုံးပါက အဆိုပါအကူသူနာပြုများအား ဝန်ကြီးဌာနဆေးရုံများတွင် ခန့်အပ်တာဝန်ချထားမည် ဖြစ်ပါကြောင်း၊ အကူသူနာပြုများ၏ ဘဝတက်လမ်း၊ ပညာဆက်လက်သင်ကြားရန် အခွင့်အလမ်းများကိုလည်း ဆောင်ရွက်ထားရှိပါကြောင်း။

**အမြဲကြိုးပမ်းနေရမည်**

သူနာပြုများအနေဖြင့် နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ရေး၊ နိုင်ငံတကာ ပညာတော်သင် အခွင့်အလမ်းများ ရရှိနိုင်ရေးအတွက် အင်္ဂလိပ်ဘာသာရပ်ကိုလည်း ကြိုးပမ်းဆည်းပူးကြစေလိုပါကြောင်း၊ သူနာပြုများအနေဖြင့် သူနာပြုစုမှုပညာရပ်ပိုင်းဆိုင်ရာ ကျွမ်းကျင်မှုများမြင့်မားနေစေရေး အမြဲကြိုးပမ်းနေရမည်ဖြစ်ပြီး လုပ်ငန်းများဆောင်ရွက်ရာတွင် သူနာပြုကျင့်ဝတ်များကို စွဲမြဲစွာလိုက်နာကျင့်သုံးကြရမည် ဖြစ်ပါကြောင်း၊ ပညာရပ်ပိုင်းကျွမ်းကျင်မှုမြင့်မားပြီး ကျင့်ဝတ်လိုက်နာသော၊ ပြည်သူများက ချစ်ခင်လေးစားအားကိုးသော သူနာပြုကောင်းများဖြစ်လာစေရေး ဆုမွန်ကောင်း တောင်းအပ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ သူနာပြုတက္ကသိုလ်(ရန်ကုန်)၏ ပါမောက္ခချုပ် ပါမောက္ခဒေါက်တာမြတ်သန္တာက ဂုဏ်ပြုအမှာစကားပြောကြားသည်။

**ဘွဲ့များပေးအပ်**

သူနာပြုတက္ကသိုလ်(ရန်ကုန်)၏ (၂၆) ကြိမ်မြောက် ဘွဲ့နှင်းသဘင်တွင် သူနာပြုမဟာသိပ္ပံသင်တန်း အောင်မြင်သူ ၄၂ ဦး၊ အရေးပေါ်သူနာပြုစုမှုပညာ ဒီပလိုမာအောင်မြင်သူ လေးဦး၊ သူနာပြုသိပ္ပံ(ပေါင်းကူး)သင်တန်းအောင်မြင်သူ ၁၉၉ ဦး၊ သူနာပြုသိပ္ပံ(ပေါင်းကူး) (on-campus) သင်တန်းအောင်မြင်သူ ၂၁၀၊ သူနာပြုသိပ္ပံ(ပုံမှန်)အောင်မြင်သူ ၁၂၃ ဦးနှင့် အထူးပြုသူနာပြုဒီပလိုမာသင်တန်းအောင်မြင်သူ ၇၄ ဦးတို့ကို ဘွဲ့များ အသီးသီးပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်




# ကျောက်ကြီးမြို့နယ်၌ စွမ်းအားမြင့်မီးဖိုများ အခမဲ့ဖြန့်ဖြူးပေးအပ်

**ကျောက်ကြီး ဖေဖော်ဝါရီ ၉**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် ကိုရီးယားသမ္မတနိုင်ငံရာသီဥတုပြောင်းလဲမှု ဗဟိုဌာနတို့ ပူးပေါင်းဆောင်ရွက်သော စွမ်းအားမြှင့်မီးဖိုများ ဖြန့်ဖြူးခြင်းစီမံကိန်းအရ ကျေးရွာအရောက် ဖြန့်ဖြူးခြင်းအခမ်းအနားကို တောင်ငူခရိုင် ကျောက်ကြီးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ယနေ့နံနက် ၁၀ နာရီက ကျင်းပခဲ့သည်။



အခမ်းအနားတွင် ကျောက်ကြီးမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်သူက အဖွင့်အမှာစကား ပြောကြားသည်။

ယခုအခါ ကျောက်ကြီးမြို့နယ်အတွင်းရှိ လျှပ်စစ်မီးမရရှိဘဲ ထင်းမီးသုံးစွဲနေသည့် ကျေးရွာအုပ်စု ၂၁ အုပ်စုရှိ အိမ်ထောင်စု ၁၀၀၀၀ အား နှစ်ကြိမ်ခွဲ၍ အခမဲ့ဖြန့်ဖြူးပေးသွားမည်ဖြစ်ပြီး ပထမအကြိမ်အနေဖြင့် ကျေးရွာအုပ်စု ၁၂ အုပ်စုရှိ အိမ်ထောင်စု ၅၀၀၀ အား ဖေဖော်ဝါရီလအတွင်း ကျေးရွာများအရောက် ဖြန့်ဖြူးပေးမည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် ကျေးရွာအုပ်စု ၁၂ အုပ်စုရှိ အုပ်စုအုပ်ချုပ်ရေးမှူးများအား စွမ်းအားမြှင့်မီးဖိုများကို သက်ဆိုင်ရာတာဝန်ရှိသူများက လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

Kနိုင်(ပြန်/ဆက်)

**မြန်မာ့ ပင်လယ်ပြင် အခြေအနေ**

**နေပြည်တော် ဖေဖော်ဝါရီ ၉**

လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။

မိုး/ဇလ

* ရှေ့ဖုံးမှ
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဒေါက်တာမင်းကြည်ဝင်း၊ ကျင်းပရေးကော်မတီ ဥက္ကဋ္ဌ မင်းဗညားစန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

**အလေးပြု**

ယင်းနောက် မွန်အမျိုးသားအလံကို လွှင့်တင်ပြီး တက်ရောက်လာသူများက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံ၊ မွန်အမျိုးသားအလံနှင့် မွန်အာဇာနည်ခေါင်းဆောင်များအား အလေးပြုကြသည်။

ထို့နောက် သဘာပတိဆရာတော် ဘဒ္ဒန္တကေတုမာလာက အဖွင့်ဩဝါဒစကားမြွက်ကြားသည်။

ထို့နောက် (၇၃)ကြိမ်မြောက် မွန်အမျိုးသားနေ့အခမ်းအနားသို့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ထံမှပေးပို့လာသော သဝဏ်လွှာကို တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်က ဖတ်ကြားသည်။

ဆက်လက်၍ မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံက နှုတ်ခွန်းဆက်စကားပြောကြားသည်။

ယင်းနောက် (၇၃)ကြိမ်မြောက် မွန်အမျိုးသားနေ့အခမ်းအနား ကျင်းပရေးကော်မတီ ဥက္ကဋ္ဌ မင်းဗညားစန်းက အမှာစကားပြောကြားပြီး (၇၃)ကြိမ်မြောက် မွန်အမျိုးသားနေ့အခမ်းအနားသို့ ပေးပို့လာသော သဝဏ်လွှာများကို တာဝန်ရှိသူတစ်ဦးက ဖတ်ကြားသည်။

ထို့နောက် မွန်အမျိုးသားနေ့ရေးရာကိစ္စများ နှစ်ကာလရှည်ကြာစွာ ဆောင်ရွက်ခဲ့သည့် ကမာဝက်မြို့ ဓာတ်တော်ကျောင်းတိုက်ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တပဏ္ဍိတ မဟာထေရ်နှင့် နိုင်ပန်းအောင်တို့အား ကျင်းပရေးကော်မတီဥက္ကဋ္ဌ မင်းဗညားစန်းက ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

**ကြည့်ရှုအားပေး**

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်နှင့်အတူ တာဝန်ရှိသူများသည် ခင်းကျင်းပြသထားသည့် မွန်ရိုးရာပြခန်းများကို ကြည့်ရှုအားပေးကြသည်။

(၇၃)ကြိမ်မြောက် မွန်အမျိုးသားနေ့အခမ်းအနား ညပိုင်းအစီအစဉ်တွင် ကျင်းပရေးကော်မတီဥက္ကဋ္ဌ မင်းဗညားစန်းက အမှာစကားပြောကြားပြီး မွန်ပြည်သစ်ပါတီဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကားပြောကြားသည်။

ယင်းနောက် (၇၃)ကြိမ်မြောက် မွန်အမျိုးသားနေ့အခမ်းအနားကျင်းပရေးကော်မတီ(ဗဟို)မှ ကျေးဇူးတင်စကားပြောကြားသည်။

ဆက်လက်၍ မွန်စာပေယဉ်ကျေးမှုဆိုင်ရာ စာတမ်းဖတ်ကြားခြင်း၊ မွန်အမျိုးသားနေ့အထိမ်းအမှတ် မြေစိုက်ပိုစတာ ရှင်းလင်းချက်စာတမ်းအကျဉ်းဖတ်ကြားခြင်း၊ မွန်လူငယ်ရေးရာကိစ္စရပ်များ တင်ပြခြင်း၊ မွန်အမျိုးသားနေ့အထိမ်းအမှတ် စာပေပြိုင်ပွဲဆု ချီးမြှင့်ခြင်း၊ အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းပေးအပ်ခြင်းအစီအစဉ်များကို ကျင်းပခဲ့ကြောင်း သိရသည်။

**ရည်ရွယ်ကျင်းပ**

သမလနှင့် ဝိမလ မွန်မင်းညီနောင်နှစ်ပါး ဟံသာဝတီမင်းနေပြည်တော်ကြီးကို စတင်တည်ထောင်ခဲ့သော သာသနာသက္ကရာဇ် ၁၁၁၆ ခုနှစ် တပို့တွဲလဆုတ်(၁)ရက်နေ့ တနင်္လာနေ့ကို အစွဲပြု၍ မွန်အမျိုးသားနေ့အဖြစ် သတ်မှတ်ကာ နှစ်စဉ် တပို့တွဲလဆုတ်(၁)ရက်နေ့ရောက်တိုင်း မွန်အမျိုးသားနေ့အခမ်းအနားများကို မွန်တိုင်းရင်းသားလူမျိုးအများစုနေထိုင်ရာ ကရင်ပြည်နယ်၊ ရန်ကုန်၊ မန္တလေး၊ တနင်္သာရီနှင့် ဧရာဝတီတိုင်းဒေသကြီး စသော နေရာအသီးသီး၌ ကျင်းပခဲ့ကြသည်။ ယခုနှစ် (၇၃)ကြိမ်မြောက် မွန်အမျိုးသားနေ့ကို မွန်လူမျိုးတို့၏ ဇာတိသွေး ဇာတိမာန်နိုးကြားပြီး ဘာသာစကား၊ စာပေနှင့် ရိုးရာဓလေ့ယဉ်ကျေးမှုများ ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်သွားနိုင်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု တည်ဆောက်သွားနိုင်ရေးတို့အတွက် ရည်ရွယ်ကျင်းပခဲ့ခြင်းဖြစ်သည်။

**ဂုဏ်ပြုပေးပို့ခဲ့**

အလားတူ (၇၃)ကြိမ်မြောက် မွန်အမျိုးသားနေ့ အခမ်းအနားများကို ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ရင်ပြင်၌လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်ရှိ သာသနာ ၂၅၀၀ ဓမ္မာရုံ၌ လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ ကင်ပွန်းချုံကျေးရွာနှင့် ပဲခူးမြို့ ရွှေမော်ဓောဓမ္မာရုံ၌ လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး ရေဖြူမြို့နယ် ကွဲတလင်းကျေးရွာ အပါအဝင် မြို့နယ် ငါးမြို့နယ်၌ လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၌ လည်းကောင်း၊ ကရင်ပြည်နယ် ဘားအံမြို့နယ် အိန္ဒူကျေးရွာနှင့် ကော့ကရိတ်မြို့ ပေါ်ကြူကုန်းကျေးရွာ၌ လည်းကောင်း စည်ကားသိုက်မြိုက်စွာ ကျင်းပကြပြီး အဆိုပါအခမ်းအနားများသို့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးတို့ထံမှ သဝဏ်လွှာများ ဂုဏ်ပြုပေးပို့ခဲ့ကြသည်။

**သတင်းစဉ်**

# မွန်အမျိုးသားနေ့အခမ်းအနား ပုသိမ်မြို့၌ ပထမဆုံးအကြိမ် ကျင်းပ

**ပုသိမ် ဖေဖော်ဝါရီ ၉**
(၇၃)ကြိမ်မြောက် မွန်အမျိုးသားနေ့ အခမ်းအနားကို ပထမဆုံးအကြိမ်အဖြစ် ယနေ့ ညနေပိုင်းတွင် ပုသိမ်မြို့ မြကျွန်းသာအိမ်ရာဝင်း မြက်ခင်းပြင်၌ ကျင်းပရာ ပုသိမ်မြို့ရှိ မွန်လူမျိုးများနှင့် အနယ်နယ်အရပ်ရပ်မှ မွန်လူမျိုး အများအပြားတက်ရောက်ကြသည်။

ရှေးဦးစွာ တက်ရောက်လာသူများက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံနှင့် မွန်အမျိုးသားအလံကို အလေးပြုကြသည်။

ထို့နောက် သဘာပတိဖြစ်သူ ဒေါက်တာဗညားအောင်မိုးက ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် မွန်လူမျိုးအများအပြားရှိသော်လည်း အများစုက မွန်ဘာသာစကားပြောတတ်သူ အလွန်ရှားပါးကြောင်း၊ ထို့အတွက်ကြောင့် မွန်ရိုးရာယဉ်ကျေးမှု၊ ဘာသာစကားနှင့် စာပေများ ထွန်းကားပြန့်ပွားလာစေရန် ရည်ရွယ်၍ ပထမဆုံးအကြိမ် ကျင်းပခြင်းဖြစ်ကြောင်း အမှာစကားပြောကြားသည်။

ယင်းနောက် သဘာပတိအဖွဲ့ဝင် နိုင်လဝီအောင်က ဧရာဝတီတိုင်းဒေသကြီးရှိ မွန်စေတီပုထိုးများနှင့် မွန်မြို့ရွာများအကြောင်း ရှင်းလင်းတင်ပြပြီး မွန်အမျိုးသားနေ့ အခမ်းအနားကျင်းပရေးကော်မတီဥက္ကဋ္ဌ မိသန်းရှင်က ကျေးဇူးတင်စကားပြောကြားကာ မွန်ရိုးရာယဉ်ကျေးမှုအကအလှများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

"ဒီလိုပွဲတွေကျင်းပတဲ့အတွက် အမြို့မြို့အနယ်နယ်မှာရှိတဲ့ မွန်လူမျိုးတွေအားလုံး မွန်ရိုးရာယဉ်ကျေးမှုကို မြတ်နိုးတန်ဖိုးထားတတ်လာပြီး ပိုမိုထိန်းသိမ်းမြှင့်တင်ဖော်ထုတ်သွားနိုင်မယ်လို့ ယုံကြည်မျှော်လင့်ပါတယ်" ဟု ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ မိသန်းရှင်က ပြောသည်။

အဆိုပါ အခမ်းအနားကို နှစ်ပိုင်းခွဲ၍ နံနက်ပိုင်းတွင် လပွတ္တာမြို့နယ်ရှိ ရှင်စောပုဘုရားနှင့် ငပုတောမြို့နယ်ရှိ မော်တင်စွန်းဘုရားတို့၌ ဆွမ်းကျွေးခြင်း အလှူကို ပြုလုပ်ခဲ့ပြီး ညနေပိုင်းတွင် ပုသိမ်မြို့ မြကျွန်းသာအိမ်ရာဝင်း မြက်ခင်းပြင်၌ မွန်အမျိုးသားနေ့အခမ်းအနားကို ကျင်းပခြင်းဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောသည်။

မွန်အမျိုးသားနေ့ အခမ်းအနားများကို မွန်လူမျိုးများနေထိုင်ရာ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့ရှိ မြို့၊ ရွာများတွင် နှစ်စဉ်ကျင်းပလျက်ရှိပြီး ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၌ ပထမဆုံးအကြိမ် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။



**သတင်းနှင့်ဓာတ်ပုံ-အေးမင်းသူ**



# ထန်းတပင်မြို့နယ်၌ မွန်အမျိုးသားနေ့အခမ်းအနား ကျင်းပ

**ရေတာရှည် ဖေဖော်ဝါရီ ၉**
ပဲခူးတိုင်းဒေသကြီး ထန်းတပင်မြို့နယ် ဇရပ်ကြီးကင်ပွန်းခြုံကျေးရွာတွင် (၇၃)ကြိမ်မြောက် မွန်အမျိုးသားနေ့အခမ်းအနားကို ယနေ့ နံနက်ပိုင်းက ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းနားသို့ တိုင်းဒေသကြီး တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါ်နော်ပွယ်စေး၊ တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးကြည်ဇင်နှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မွန်တိုင်းရင်းသားများ စုပေါင်းတက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ တက်ရောက်လာသူများက နိုင်ငံတော်အလံအား အလေးပြုကြပြီး သဘာပတိ မွန်စာပေနှင့် ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌ နိုင်ဖုန်းလွင်က မွန်အမျိုးသားနေ့ ကျင်းပရခြင်းနှင့်ပတ်သက်၍ အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်ထံမှ ပေးပို့သော မွန်အမျိုးသားနေ့ သဝဏ်လွှာကို လည်းကောင်း၊ မွန်အမျိုးသားနေ့နှင့် မွန်လူငယ်စာတမ်းကို လည်းကောင်း တာဝန်ရှိသူများက အသီးသီးဖတ်ကြားခဲ့ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# မြန်မာလူငယ် နည်းပညာစွန့်ဦးတီထွင် ဖွံ့ဖြိုးရေးအစီအစဉ် (၂၀၂၀)၏ အထက်မြန်မာပြည် ကိုယ်စားပြုအသင်းများ ရွေးချယ်ပွဲ ကျင်းပ

**မန္တလေး ဖေဖော်ဝါရီ ၉**
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း (MPT) နှင့် မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ် (MCF)တို့ ပူးပေါင်းဆောင်ရွက်သည့် "Myanmar Youth Technopreneurship Development Program 2020" ၏ အထက်မြန်မာပြည်ကိုယ်စားပြုအသင်းများရွေးချယ်ပွဲ (Pre-Selection Mandalay) အခမ်းအနားကို ဖေဖော်ဝါရီ ၉ ရက် နံနက် ၁၀ နာရီက မန္တလေးမြို့ ၄၂လမ်းနှင့် ၆၀ x ၆၂ လမ်းကြား မဟာအောင်မြေမြို့နယ်ရှိ Ritz Grand Hotel Mandalay တွင် ကျင်းပကြောင်း သိရသည်။




**ပြောကြား**

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဝန်ကြီး ဦးအောင်ကြည်က အဖွင့်အမှာစကား ပြောကြားပြီး မြန်မာလူငယ်နည်းပညာစွန့်ဦးတီထွင် ဖွံ့ဖြိုးရေးအစီအစဉ် ဒုတိယဥက္ကဋ္ဌ ဦးအောင်ကျော်မိုးက ဂုဏ်ပြုအမှာစကားပြောကြားသည်။ ဆက်လက်၍ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း မန္တလေးတိုင်းဒေသကြီး မန်နေဂျာ ဦးဌေးလှက ပြိုင်ပွဲဝင်အစီအစဉ်နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက်ပြိုင်ပွဲများတွင် အကဲဖြတ်အမှတ်ပေးကြမည့် ဒိုင်လူကြီးများနှင့် မိတ်ဆက်ပေးခြင်း၊ အမှတ်တရမှတ်တမ်းဓာတ်ပုံများ ရိုက်ကူးခြင်း၊ ပြိုင်ပွဲစည်းကမ်းများကို ရှင်းလင်းတင်ပြခြင်းတို့ ပြုလုပ်ပြီး ပြိုင်ပွဲများကို ဆက်လက်ကျင်းပကြောင်း သိရသည်။ အထက်မြန်မာပြည်ပြိုင်ပွဲအတွက် ပြိုင်ပွဲဝင် စုစုပေါင်း ၁၅ သင်းအနက် အကောင်းဆုံး အသင်း ငါးသင်းကို ရွေးချယ်သည်ဟု သိရသည်။

**သင်ယူလေ့လာနိုင်မည်**

အဆိုပါ ပြိုင်ပွဲဝင်အဖွဲ့ ၁၅ ဖွဲ့မှ အထက်မြန်မာပြည်အတွက် ဆန်ခါတင်အဆင့် အဖွဲ့ငါးဖွဲ့နှင့် အောက်မြန်မာပြည်မှ ကိုယ်စားပြုရွေးချယ်ခံရသည့် အဖွဲ့ငါးဖွဲ့တို့သည် ဖေဖော်ဝါရီ ၂၀ ရက်မှ ၂၇ ရက်အတွင်း ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်၏ စီးပွားရေးလုပ်ငန်း အထောက်အကူပြုစင်တာဖြစ်သည့် Kanaung Hub တွင် ရှစ်ရက်တာ အထူးသီးသန့်စခန်းသွင်းလေ့ကျင့်မှုသို့ ဝင်ရောက်ရမည်ဖြစ်သည်။ နယ်ပယ်အသီးသီးတွင် အောင်မြင်မှုရရှိနေသူများက ပြိုင်ပွဲဝင်ဆန်ခါတင်အဖွဲ့ဝင်များ၏ စီးပွားရေးလုပ်ငန်းကျွမ်းကျင်မှု အတတ်ပညာများ၊ ကိုယ်ရည် ကိုယ်သွေးများ မြင့်မားလာစေရန်အတွက် လမ်းညွှန်ပြသခြင်းများနှင့် လုပ်ငန်းတစ်ခု စတင်လည်ပတ်နိုင်ရန် လိုအပ်သည့် လမ်းညွှန်ချက်များကို အနီးကပ် သင်ယူလေ့လာနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ခင်ခင်ဝင်း(ပညာရေး)**

# ကျောက်ပန်းတောင်းမြို့ အစိုးရစက်မှုလက်မှုသိပ္ပံကျောင်းတွင် စတုတ္ထအကြိမ်မြောက် A.G.T.I ဒီပလိုမာအပ်နှင်းပွဲ ကျင်းပ

**ကျောက်ပန်းတောင်း ဖေဖော်ဝါရီ ၉**
ပညာရေးဝန်ကြီးဌာန နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန အစိုးရစက်မှုလက်မှုသိပ္ပံ(ကျောက်ပန်းတောင်း)၏ စတုတ္ထအကြိမ်မြောက် A.G.T.I ဒီပလိုမာအပ်နှင်းပွဲကို ဖေဖော်ဝါရီ ၉ ရက် နံနက် ၉ နာရီက ကျောက်ပန်းတောင်းမြို့ အစိုးရစက်မှုလက်မှုသိပ္ပံကျောင်း ကျောင်းခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ကျောင်းအုပ်ကြီး ဒေါက်တာသီတာဆွေအမှူးပြုသော စီမံခန့်ခွဲရေးအဖွဲ့ဝင်များနှင့် ပညာရေးအဖွဲ့ဝင်များသည် ဒီပလိုမာအပ်နှင်းမည့် ခန်းမစင်မြင့်ပေါ်တွင် နေရာယူကြပြီး ကျောင်းအုပ်ကြီးက ဒီပလိုမာအပ်နှင်းခြင်းအခမ်းအနား စတင်ကြောင်း ကြေညာ၍ သက်ဆိုင်ရာ A.G.T.I ဒီပလိုမာများကို အင်ဂျင်နီယာသင်တန်းအလိုက် ပေးအပ်ချီးမြှင့်သည်။ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်အတွက် ဒီပလိုမာအပ်နှင်းမှုမှာ နံနက်ပိုင်းတွင် လျှပ်စစ်စွမ်းအားအင်ဂျင်နီယာသင်တန်း ၃၈ ဦးနှင့် စက်မှုအင်ဂျင်နီယာသင်တန်း ၃၄ ဦး စုစုပေါင်း ၇၂ ဦးတို့အား ဒီပလိုမာအပ်နှင်းခဲ့ကြပြီး မွန်းလွဲပိုင်းတွင် မြို့ပြအင်ဂျင်နီယာ ၃၃ ဦး၊ အီလက်ထရွန်နစ်အင်ဂျင်နီယာ ၂၈ ဦး ပေါင်း ၆၁ ဦးတို့အား ပေးအပ်ချီးမြှင့်ခဲ့ရာ အစိုးရစက်မှုလက်မှုသိပ္ပံ(ကျောက်ပန်းတောင်း)အနေဖြင့် A.G.T.I ဒီပလိုမာရရှိသူ စုစုပေါင်း ၁၃၃ ဦးဖြစ်ကြောင်း သိရသည်။

အဆိုပါ ဒီပလိုမာပေးအပ်ချီးမြှင့်ပွဲသို့ အစိုးရစက်မှုလက်မှုသိပ္ပံ(ကျောက်ပန်းတောင်း) ကျောင်းအုပ်ကြီး ဒေါက်တာသီတာဆွေ၊ ဒုတိယကျောင်းအုပ်ကြီး ဒေါက်တာရီရီမွန်နှင့် ဌာနမှူးများ၊ ဒီပလိုမာရရှိကြသည့် ကျောင်းသား ကျောင်းသူများနှင့် ကျောင်းသားမိဘများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ကိုနေ(ကျောက်ပန်းတောင်း)**

❖ ကျောဖုံးမှ

ပွဲတော်ကျင်းပစဉ်ကာလအတွင်း မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး၊ လုံခြုံရေးဆောင်ရွက်ထားမှုအခြေအနေများ၊ ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် စီစဉ်ထားမှု၊ အခမဲ့ရေအိမ်များ ဆောင်ရွက်ပေးထားမှု၊ တည်းခိုဆောင်ငှားရမ်းခများလျှော့ချထားမှု၊ ယာဉ်ရပ်နားကွင်းများနှင့် လမ်းပန်းဆက်သွယ်ရေး အဆင်ပြေစေရန်တို့ကို ဆောင်ရွက်ပေးထားကြောင်း ဂေါပကအဖွဲ့ထံမှ သိရသည်။

**လျှော့ချထား**

"မန်းရွှေစက်တော်တွင် တည်းကျောင်းအကွက်ဘလောက်ပေါင်း ၁၂၇ ရှိတယ်။ ဂေါပကအဖွဲ့က စီမံခန့်ခွဲတဲ့ စက်တော်ရာနားနေဆောင်တစ်ခုရှိတယ်။ ကုန်းတွင်းခန်းတစ်ခန်းကို ကျပ်နှစ်သောင်း၊ ရေစပ်ခန်းတစ်ခန်းကို ကျပ်သုံးသောင်း သတ်မှတ်ထားပါတယ်။ ကျန်တာကတော့ နမ္ဗါ(၁)၊ နမ္ဗါ(၂)နဲ့ ငွေသောင်ယံဆိုတဲ့ တည်းခိုဆောင်တွေ ဝန်ဆောင်မှုအပြည့်အစုံနဲ့ပါ။ မနှစ်က လုံးချင်းခန်း တစ်လုံးငှားရင် ကျပ်တစ်သိန်း၊ ဒီနှစ်ကတော့ ကျပ်ခုနစ်သောင်းအထိ လျှော့ချထားပါတယ်။ သတ်မှတ်ချက်ထက်ပို၍ အခကြေးငွေတောင်းခံခြင်းများရှိပါက တိုင်ကြားနိုင်ပါတယ်" ဟု မန်းရွှေစက်တော် ဘဏ္ဍာတော်ထိန်း ဂေါပကအတွင်းရေးမှူး ဦးခင်မောင်စိုးက ပြောသည်။

**ပြေးဆွဲခွင့် လည်ဆွဲကတ်များ ထုတ်ပေး**

မန်းရွှေစက်တော်တွင် ခေါင်းရွက်ဗျပ်ထိုး ဈေးသည်များစွာ အသက်မွေးဝမ်းကျောင်းပြုလျက်ရှိကြောင်း၊ တောင်ပေါ် တောင်အောက် ပြေးဆွဲမည့် ဆိုင်ကယ်ကယ်ရီများကိုလည်း ပြေးဆွဲခွင့် လည်ဆွဲကတ်များ ထုတ်ပေးနေပြီဖြစ်ကြောင်း သိရသည်။

**နေရာချပေးထား**

"ရွှေစက်တော်မှာ ပုံသေဈေးဆိုင် ၁၅၀၀ လောက်ရှိတယ်။ ယာယီဈေးဆိုင်(ပျံကျ)ခန်း ၂၆၄ ခန်း ဆောက်ပေးထားပြီးတော့ နှစ်စဉ်ရောင်းတဲ့သူတွေရော၊ အသစ်လျှောက်ထားတဲ့သူတွေရော နေရာချပေးထားပါတယ်" ဟု ဂေါပကအတွင်းရေးမှူးက ပြောသည်။

"ကျွန်တော်တို့ စပြီးတာဝန်ယူချိန်က ဘုရားကြီးရန်ပုံငွေက ကျပ်သိန်းပေါင်း သုံးသောင်းခွဲရှိတယ်။ အခုတာဝန်ယူတဲ့ လေးနှစ်အတွင်းမှာ သိန်းပေါင်း ခုနစ်သောင်းအထိ နှစ်ဆတိုးလာတယ်။ ဘက်စုံပြုပြင်ရေးမှာလည်း မြန်မာဗိသုကာပညာရှင် ကျွမ်းကျင်သူတွေနဲ့ လိုအပ်တာတွေအားလုံးပြင်ထားပါတယ်" ဟု တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုက ပြောသည်။

**ခြေတော်ရာနှစ်ဆူ**

ရွှေစက်တော်ပွဲတော်ကြီးကို တစ်နှစ်ထက်တစ်နှစ် အားနည်းချက်များကို ပြုပြင်ဖြည့်ဆည်းကျင်းပလျက်ရှိရာ ဘုရားရှင်၏ အောက်စက်တော်ရာ၊ အထက်စက်တော်ရာ ခြေတော်ရာနှစ်ဆူကို ဖူးမြော်ကြည်ညိုနိုင်ရန် မန်းရွှေစက်တော်သို့ ရောက်အောင်လာခဲ့ကြပါဟု ဖိတ်ခေါ်လိုက်ရပါသည်။

**ဇေယျာတု(မကွေး)**




# ဒုတိယဝန်ကြီး ဦးတင်လတ် ရန်ကုန်မြို့ရှိ ခရီးသွားလုပ်ငန်းဆိုင်ရာအသင်းများနှင့် တွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၉**

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်လတ်သည် ယမန်နေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ တော်ဝင်စင်တာ၌ ဖွင့်လှစ်ထားသော မြန်မာနိုင်ငံ အမှတ်တရပစ္စည်း ထုတ်လုပ်ဖြန့်ဖြူးရောင်းချသူများအသင်းရုံးခန်းသို့သွားရောက်ပြီး အသင်းတာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးသည်။

**ညှိနှိုင်းဆောင်ရွက်**

ထို့နောက် အသင်းတာဝန်ရှိသူများက ဝန်ကြီးဌာနမှ ပံ့ပိုးဆောင်ရွက်ပေးရန် ကိစ္စရပ်များကိုတင်ပြကြရာ ဒုတိယဝန်ကြီးက ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ်တွင် ဖွင့်လှစ်ထားသည့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ကျန်းမာရေးစောင့်ရှောက်မှုအသင်းရုံးခန်းသို့သွားရောက်၍ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးသည်။

ထို့နောက် အသင်းတာဝန်ရှိသူများက ခရီးသွားအာမခံထားခြင်းကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ရေးအတွက် ဝန်ကြီးဌာနမှ ဆောင်ရွက်ပေးရန်ကိစ္စရပ်များ၊ Crisis Management သင်တန်းဖွင့်လှစ်နိုင်ရေး ကူညီဆောင်ရွက်ပေးမည့်အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



ဒုတိယဝန်ကြီး ဦးတင်လတ် ရန်ကုန်မြို့ရှိ ခရီးသွားလုပ်ငန်းဆိုင်ရာအသင်းများနှင့် တွေ့ဆုံဆွေးနွေးစဉ်။

## မနက်ဖြန်နံနက်အထိ ခန့်မှန်းချက်

**နေပြည်တော် ဖေဖော်ဝါရီ ၉**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့်အရှေ့ပိုင်း)နှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။

**မိုး/ဇလ**



❂ U-21 အမျိုးသားမှ

ယနေ့ နံနက် ၇ နာရီခွဲတွင် ဆီမီးဖိုင်နယ်ပွဲစဉ်များအဖြစ် ဝဏ္ဏသိဒ္ဓိဘောလုံးအားကစားကွင်း၌ ကရင်ပြည်နယ်အသင်းနှင့် ချင်းပြည်နယ်အသင်းတို့ယှဉ်ပြိုင်ကစားကြရာ ကရင်ပြည်နယ်အသင်းက သုံးဂိုး- နှစ်ဂိုးဖြင့် လည်းကောင်း၊ မွန်းလွဲ ၃ နာရီတွင် မွန်ပြည်နယ်အသင်းနှင့် မကွေးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မကွေးတိုင်းဒေသကြီးအသင်းက သုံးဂိုး- တစ်ဂိုးဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြောင်း သိရသည်။

တတိယလုပွဲစဉ်အဖြစ် ဖေဖော်ဝါရီ ၁၁ ရက် နံနက် ၇ နာရီခွဲတွင် မွန်ပြည်နယ်အသင်းနှင့် ချင်းပြည်နယ်အသင်း၊ ဗိုလ်လုပွဲစဉ်အဖြစ် မွန်းလွဲ ၃ နာရီတွင် ကရင်ပြည်နယ်အသင်းနှင့် မကွေးတိုင်းဒေသကြီးအသင်းတို့ ဝဏ္ဏသိဒ္ဓိဘောလုံးအားကစားကွင်းတွင် ယှဉ်ပြိုင်ကစားကြမည်ဖြစ်ရာ ပြိုင်ပွဲများအပြီး ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **အား/ကာ**

○ ၂၀၂၁ ဆီးဂိမ်းမှ

မြန်မာယူ-၂၁ အသင်းကို ကစားသမား ၃၀ ကျော်ဖြင့် စတင်ဖွဲ့စည်းမည်ဖြစ်ပြီး MNL ပြိုင်ပွဲရပ်နားသည့်ကာလများတွင် ကာလတိုလေ့ကျင့်မှုများပြုလုပ်မည်ဖြစ်သည်။ မြန်မာယူ-၂၁ အသင်းသည် မတ်လလယ်မှ လကုန်အထိ လေ့ကျင့်မည်ဖြစ်ပြီး နိုင်ငံတကာရက်သတ္တပတ်ကြောင့် လိဂ်ရပ်နားသည့်ကာလများတွင်လည်း လေ့ကျင့်မှုများ ပြုလုပ်သွားမည်ဖြစ်သည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် မြန်မာယူ-၂၁ အသင်း နည်းပြချုပ်အဖြစ် ဘူဂေးရီးယားနိုင်ငံသား ပိုပေါ့ဗ်ကို ဆက်လက်တာဝန်ပေးမည်ဖြစ်သောကြောင့် ပိုပေါ့ဗ်နှင့် လက်ထောက်နည်းပြများဖြစ်သည့် ဦးချစ်နိုင်၊ ဦးဇော်ဝင်းထွန်းတို့သည် လိဂ်ပွဲအားလုံးကို လိုက်လံကြည့်ရှုကာ ကစားသမားများ ရွေးချယ်လျက်ရှိသည်။

(၃၁)ကြိမ်မြောက် ဗီယက်နမ်ဆီးဂိမ်းပြိုင်ပွဲကို ၂၀၂၁ ခုနှစ်မှ စတင်ကျင်းပမည်ဖြစ်သော်လည်း မြန်မာအသင်းအနေဖြင့် အချိန်ယူပြင်ဆင်ခြင်းဖြစ်ပြီး ကစားသမားများ၏ခြေစွမ်းကို သိရှိနိုင်ရန် ကြိုတင်လေ့ကျင့်ခြင်းဖြစ်သည်။ လာမည့်နှစ်မှ ယှဉ်ပြိုင်ရမည်ဖြစ်သောကြောင့် မြန်မာလူငယ်အသင်းကို ယူ-၂၁ ကစားသမားများဖြင့် ဖွဲ့စည်းခြင်းဖြစ်ပြီး ၂၀၁၉ ဆီးဂိမ်းပြိုင်ပွဲယှဉ်ပြိုင်ခဲ့သည့်အသင်းမှ ကစားသမားအနည်းငယ်သာ ပြန်ပါလာမည်ဖြစ်ကာ ကစားသမားသစ်များဖြင့် ဖွဲ့စည်းမည်ဖြစ်သည်။ ကစားသမားများ၏ လေ့ကျင့်မှုအပေါ်မူတည်၍ အပြောင်းအလဲပြုလုပ်မည်ဖြစ်သည်။

မြန်မာယူ-၂၁ အသင်း နိုင်ငံတကာခြေစမ်းပွဲနှင့် ပြိုင်ပွဲများယှဉ်ပြိုင်ရန် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နည်းစနစ်ကော်မတီနှင့် နည်းပြချုပ် ပိုပေါ့ဗ်တို့ဆက်လက်ညှိနှိုင်းမည်ဖြစ်သည်။ မြန်မာယူ-၂၁ အသင်းသည် နိုင်ငံတကာပြိုင်ပွဲများ လတ်တလောယှဉ်ပြိုင်ရန်မရှိသော်လည်း နှစ်ကုန်ပိုင်းတွင် ဖိတ်ခေါ်ပြိုင်ပွဲများ ယှဉ်ပြိုင်မည်ဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်**
**ဓာတ်ပုံ-စိုးညွန့်**

■ ရတနာပုံမှ

ရယူနိုင်ခြင်းမရှိဘဲ ရှုံးပွဲကြုံတွေ့ခဲ့သည်။ ရတနာပုံအသင်းသည် ငါးပွဲတွင် နိုင်ပွဲတစ်ပွဲသာရသေးပြီး အိမ်ကွင်းနှစ်ပွဲတွင်လည်း တစ်ပွဲသရေ၊ တစ်ပွဲရှုံးရလဒ်ကြောင့် လာမည့်ပွဲများတွင် ရုန်းကန်ရတော့မည်ဖြစ်သည်။ လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းသည် ပွဲစဉ်(၄)တွင် အရေးနိမ့်ခဲ့သော်လည်း ယခုပွဲတွင် နိုင်ပွဲပြန်ရယူနိုင်ခဲ့သည်။

ပွဲအစ နှစ်မိနစ်မှာပင် ရတနာပုံအသင်း ဂိုးစတင်ရရှိခဲ့ပြီး အောင်သူက သွင်းယူခဲ့ခြင်းဖြစ်သည်။ ယင်းနောက်ပိုင်းတွင် ပွဲမှာ အပြန်အလှန်ရှိခဲ့ပြီး ရတနာပုံအသင်း ဂိုးထပ်ရနိုင်သည့် အခွင့်အရေးများရသော်လည်း အသုံးမချနိုင်၍ ၃၇ မိနစ်တွင် ရှမ်းယူနိုက်တက်အသင်း ချေပဂိုးပြန်ရခဲ့သည်။ ယင်းဂိုးကို ပင်နယ်တီမှတစ်ဆင့် ဒေးဗစ်ဒန်းက သွင်းယူခဲ့ခြင်းဖြစ်သည်။

ရှမ်းယူနိုက်တက်အသင်းသည် ဒုတိယပိုင်း နှစ်မိနစ်အတွင်း အနိုင်ဂိုးနှစ်ဂိုး သွင်းယူခဲ့ပြီး ၅၂ မိနစ်တွင် နန္ဒကျော်၊ ၅၄ မိနစ်တွင် ဒန်နီရယ်လ်တို့က သွင်းယူခဲ့သည်။ ရတနာပုံအသင်းသည် လက်ကျန်မိနစ် ၃၀ ကျော်တွင် ချေပဂိုးရရှိရန် ကြိုးပမ်းခဲ့သော်လည်း အဆုံးသတ်အားနည်းခဲ့၍ ဂိုးထပ်မရခဲ့ခြင်းဖြစ်သည်။

ဝေသာလီကွင်း၌ကျင်းပသည့်ပွဲတွင် ရခိုင်အသင်းနှင့် ချင်းယူနိုက်တက်အသင်းတို့ ဂိုးမရှိ သရေကျခဲ့သည်။ ရခိုင်အသင်းသည် နိုင်ပွဲဆက်ရန် ကြိုးပမ်းခဲ့သော်လည်း အိမ်ကွင်း၌ ဂိုးပေါက်ပျောက်ဆုံးခဲ့သောကြောင့် သရေတစ်မှတ်ဖြင့် ကျေနပ်ခဲ့ရခြင်းဖြစ်သည်။ ပွဲစဉ်(၅)အပြီးတွင် ဟံသာဝတီအသင်းက ၁၅ မှတ်ဖြင့် ထိပ်ဆုံးမှဦးဆောင်နေပြီး ရန်ကုန်နှင့် ဧရာဝတီအသင်းက ၁၃ မှတ်စီ၊ ရခိုင်အသင်းက ၁၀ မှတ်၊ လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းက ကိုးမှတ်၊ စစ်ကိုင်းအသင်းက ခုနစ်မှတ်၊ ရတနာပုံနှင့် မကွေးအသင်းက ငါးမှတ်စီ၊ ချင်းယူနိုက်တက်အသင်းက လေးမှတ်၊ အား/ကာသိပ္ပံအသင်းက သုံးမှတ်၊ ဇွဲကပင်အသင်းက တစ်မှတ်ရထားပြီး Southern အသင်းမှာမူ ငါးပွဲစလုံးရှုံးပြီး အမှတ်မရသေးပေ။ **သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-ကြည်စိုး**

ကြေးမုံ
ဖေဖော်ဝါရီ ၁၀၊ ၂၀၂၀

# ခွင့်တူညီမျှ ဝါဒဖြူစင် ဖက်ဒရယ်လစ်ဇင် စကားဝိုင်း(၁)

**တိုင်းရင်းသားပေါင်းစုံ စုစည်းနေထိုင်သည့် မြန်မာနိုင်ငံတွင် ပြည်ထောင်စုကြီး အခွန့်ရှည်ရန်၊ တိုင်းရင်းသားများ စည်းလုံးချစ်ခင်စွာ အတူတကွနေထိုင်နိုင်ရန် ငြိမ်းချမ်းရေးသည် မရှိမဖြစ်လိုအပ်လှသလို ဖက်ဒရယ်စနစ်ကို ကျင့်သုံးနိုင်ရန်အတွက်လည်း ကြိုးပမ်းလျက်ရှိသည်။ ထို့ကြောင့် ပြည်ထောင်စုနေ့ ဂုဏ်ပြုအထူးအစီအစဉ်အနေဖြင့် ခွင့်တူညီမျှ ဝါဒဖြူစင် ဖက်ဒရယ်လစ်ဇင်စကားဝိုင်းဆွေးနွေးပွဲကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် ရိုက်ကူးထုတ်လွှင့်ခဲ့သည်။**

သတင်းအဖွဲ့

အဆိုပါ ခွင့်တူညီမျှ ဝါဒဖြူစင် **ဖက်ဒရယ်လစ်ဇင်** စကားဝိုင်းဆွေးနွေးပွဲ (ပထမပိုင်း)တွင် ဖက်ဒရယ်ပြည်ထောင်စုစနစ်ကို အဓိပ္ပာယ်ဖွင့်ဆိုခြင်းနှင့်ပတ်သက်၍ ရန်ကုန်တက္ကသိုလ်သမိုင်းဌာန ပါမောက္ခ (အငြိမ်းစား) ဒေါက်တာကျော်ဝင်းနှင့် ခေတ်ရနံ့မဂ္ဂဇင်း တာဝန်ခံအယ်ဒီတာ ပြည်သွေးနိုင်တို့က ဆွေးနွေးခဲ့ကြသည်။ ထိုသို့ ဆွေးနွေးခဲ့ကြသည်များကို ဖော်ပြလိုက်ရပါသည်-

**ပြည်သွေးနိုင်။ ။** ကျွန်တော် ဒီနေ့ဆွေးနွေးမယ့် ခေါင်းစဉ်ကတော့ ခွင့်တူညီမျှ ဝါဒဖြူစင် **ဖက်ဒရယ်လစ်ဇင်** ဆိုတဲ့ ခေါင်းစဉ်ပဲ ဖြစ်ပါတယ်။ အဓိက ဦးဆောင်ဆွေးနွေးပေးမယ့် ဆရာကြီးကတော့ ရန်ကုန်တက္ကသိုလ် အငြိမ်းစား သမိုင်းပါမောက္ခဖြစ်တဲ့ ဆရာကြီး ဒေါက်တာကျော်ဝင်း ဖြစ်ပါတယ်။ ဆရာကြီးဟာဆိုရင် ကျော်ဝင်း(ရန်ကုန်တက္ကသိုလ်) ဆိုတဲ့ နာမည်နဲ့လည်း စာတွေရေးသားနေပါတယ်။ အမျိုးသားစာပေဆုနဲ့ ထွန်းဖောင်ဒေးရှင်း စာပေဆုတွေကိုလည်း ရရှိထားတဲ့ ဆရာကြီးဖြစ်ပါတယ်။

ဆရာကြီးခင်ဗျာ၊ ကျွန်တော်တို့ ဒီနေ့ဆွေးနွေးမယ့် ခေါင်းစဉ်ကတော့ ခွင့်တူညီမျှ ဝါဒဖြူစင် **ဖက်ဒရယ်လစ်ဇင်** ဆိုတဲ့ ခေါင်းစဉ်ပဲဖြစ်ပါတယ်။ အဲဒီတော့ ခွင့်တူညီမျှ ဝါဒဖြူစင်ဆိုတာက ကျွန်တော်တို့ရဲ့ နိုင်ငံတော်သီချင်းရဲ့ စာသားတစ်ခု၊ စကားလုံးလေးတွေဖြစ်ပြီးတော့ အင်မတန်လည်း အဓိပ္ပာယ်ပြည့်ဝတဲ့ သဘောဆောင်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ဒီကနေ့ပေးထားတဲ့ ခေါင်းစဉ်လေးက လှလည်းလှပပြီးတော့ အဓိပ္ပာယ်လည်းပြည့်ဝတဲ့ ခေါင်းစဉ်လေးဖြစ်ပါတယ်။ ဒါကြောင့်မို့ ကျွန်တော်တို့ ဒီနေ့ အပိုင်းတစ်အနေနဲ့ ဖက်ဒရယ်ပြည်ထောင်စုစနစ်ကို အဓိပ္ပာယ်ဖွင့်ဆိုခြင်းဆိုတဲ့ ခေါင်းစဉ်နဲ့ စပြီးတော့ အပိုင်းတစ်ကို ဆွေးနွေးမှာဖြစ်ပါတယ်ခင်ဗျာ။

**ပြည်သွေးနိုင်။ ။** အဲဒီတော့ဆရာကြီးကို ကျွန်တော် ပထမဆုံး မေးမြန်းချင်တာကတော့ ဖက်ဒရယ်ဆိုတာ ဘာပါလဲခင်ဗျာ။ ဖက်ဒရယ်ရဲ့အဓိပ္ပာယ်နဲ့ ဖက်ဒရယ်ရဲ့ သဘောသဘာဝတွေကို စတင်ပြီးရှင်းပြဖို့ မေတ္တာရပ်ခံအပ်ပါတယ်ခင်ဗျာ။

### ရည်မှန်းချက်တူညီတဲ့ နိုင်ငံများရဲ့အစုအဖွဲ့

**ဒေါက်တာကျော်ဝင်း။ ။** ဟုတ်ကဲ့ပါ။ ဖက်ဒရယ်ဆိုတဲ့ ဝေါဟာရက လက်တင်ဘာသာကလာတာဖြစ်ပါတယ်။ Foedus လို့ခေါ်ပါတယ်။ အဓိပ္ပာယ်က ရည်မှန်းချက်တူညီတဲ့ နိုင်ငံများရဲ့အစုအဖွဲ့ပေါ့နော်။ အဲဒီတော့ ဖက်ဒရယ်ရဲ့ အဓိကက ဘာလဲဆိုတော့ ပြည်ထောင်စုအစိုးရနဲ့ ပြည်နယ်များအကြားမှာ အာဏာခွဲဝေတဲ့အခါမှာ စနစ်တကျ ခွဲဝေပေးတဲ့အခါမှာ အဲဒီခွဲဝေမှုသည် နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရ ခွဲဝေပေးတာဖြစ်ပါတယ်။

ဒီလိုပြည်နယ်နဲ့ ပြည်ထောင်စုရဲ့အကြားမှာ အာဏာခွဲဝေခြင်းဆိုတာက ဖက်ဒရယ်ပြည်ထောင်စုရဲ့ အနှစ်သာရပဲဖြစ်ပါတယ်။

**ပြည်သွေးနိုင်။ ။** ဟုတ်ကဲ့ပါ ဆရာကြီးခင်ဗျာ၊ ကျွန်တော်တို့ အကြမ်းဖျင်းအားဖြင့် ပြောလေ့ရှိပါတယ်။ တစ်ပြည်ထောင်စနစ်၊ ပြည်ထောင်စုစနစ်ပေါ့၊ အဲဒီတော့ တစ်ပြည်ထောင်စနစ်နဲ့ ပြည်ထောင်စုစနစ်က ဘာကွာပါသလဲခင်ဗျာ။ အဲဒီတော့ တစ်ပြည်ထောင်စနစ်ဆိုတာ ဘယ်လိုစနစ်မျိုးလဲဆိုတာကိုလည်း ဆက်လက်ပြီးတော့ ရှင်းပြပေးပါအုံးခင်ဗျ။




**ဒေါက်တာကျော်ဝင်း။ ။** ဟုတ်ကဲ့၊ နိုင်ငံတစ်ခုမှာ နိုင်ငံရဲ့ ဖွဲ့စည်းပုံကို ဆွဲတဲ့အခါမှာ ပုံစံနှစ်မျိုးရှိပါတယ်။ နံပါတ်တစ်ပုံစံကတော့ Unilateral လို့ခေါ်တဲ့ တစ်ပြည်ထောင်စနစ်ပေါ့နော်။ ဆိုတော့ အဲဒီ တစ်ပြည်ထောင်စနစ်ဆိုတာရဲ့ အနှစ်သာရကို ကြည့်မယ်ဆိုရင် အနှစ်သာရက အချက်နှစ်ချက်ရှိပါတယ်။ နံပါတ်တစ်အချက်က ဘာလဲဆိုတော့ ဗဟိုအစိုးရသည် အချုပ်အခြာအာဏာပိုင်ဖြစ်တယ်။ ဒုတိယအချက်ကတော့ တစ်ပြည်ထောင်နိုင်ငံမှာ ဗဟိုအုပ်ချုပ်ရေးကလွဲလို့ ကျန်တဲ့ အုပ်ချုပ်ရေးအာဏာတွေမှာ မြင့်မားတဲ့အခွင့်အာဏာ မရှိပါဘူး။

**ပြည်သွေးနိုင်။ ။** တစ်ပြည်ထောင်စုစနစ်က ဆရာကြီး ပြောသလိုဆိုရင် ဗဟိုအစိုးရမှာပဲ အာဏာရှိပြီး ကျန်တဲ့ပြည်နယ်အစိုးရတွေမှာက အာဏာမရှိတဲ့သဘောပေါ့နော်၊ အဲဒီတော့ သူ့ရဲ့အဓိကအားနည်းချက်က ဘာပါလဲဆရာ။ တစ်ပြည်ထောင်စနစ်ရဲ့အားနည်းချက်က ဘာပါလဲဆရာ။

**ဒေါက်တာကျော်ဝင်း။ ။** ဗဟိုရဲ့ချုပ်ကိုင်မှုက အလွန်ကို တင်းကျပ်လွန်းပါတယ်။ အဲဒီတော့ နိုင်ငံတစ်နိုင်ငံမှာ အခြေခံဥပဒေကို ဆွဲတဲ့အခါမှာ၊ အာဏာခွဲဝေတဲ့နေရာမှာ အရေးကြီးတဲ့ ဘာသာရပ်တွေကို ဗဟိုအစိုးရချုပ်ကယူတယ်။ တချို့သော အကြောင်းအရာတွေကိုတော့ ပြည်နယ်လွှဲပေးတာရှိတယ်။ အခု တစ်ပြည်ထောင်စနစ်မှာကတော့ ဒီလိုလွှဲပေးတာ မရှိဘူး။ မရှိတဲ့အခါကျတော့ ဥပမာအားဖြင့် သူက ဗဟိုချုပ်ကိုင်မှုစနစ် အားကြီးတဲ့အတွက်ကြောင့် တိုင်းရင်းသားလူမျိုးစုတွေများတဲ့၊ အကျိုးစီးပွားချင်းခြားနားတဲ့ လူတွေများတဲ့နိုင်ငံမျိုးမှာ ဒီလို တစ်ပြည်ထောင်စနစ်ကို အာဏာရှင်ဆန်လွန်းတယ်လို့မြင်ပါတယ်။

**ပြည်သွေးနိုင်။ ။** ဆရာကြီးက တစ်ပြည်ထောင်စနစ်ရဲ့ သဘောသဘာဝနဲ့ အနှစ်သာရတွေကို ပြောသွားပြီဖြစ်ပါတယ်။ စောစောကလည်း ကျွန်တော်တို့ ဖက်ဒရယ်ဆိုတာ ဘယ်ကနေစတင်တယ်၊ ဖက်ဒရယ်ရဲ့ သဘောတရားကို ဆရာကြီးရှင်းပြပြီးသွားပါပြီ။ အခု ဆက်လက်ပြီးတော့ ကျွန်တော်တို့ သိချင်တာကတော့ ဖက်ဒရယ်စနစ်ပေါ့နော်၊ ပြည်ထောင်စုစနစ်ရဲ့ စရိုက်လက္ခဏာတွေ၊ ပြည်ထောင်စုစနစ်ရဲ့ အားသာချက်တွေက ဘာတွေလဲဆိုတာကိုလည်း ဆက်ပြီးတော့ ရှင်းပြပေးပါအုံး ခင်ဗျ။

### အာဏာကို ခွဲဝေကျင့်သုံးတဲ့စနစ်

**ဒေါက်တာကျော်ဝင်း။ ။** ကျွန်တော်တို့ ပြည်ထောင်စုစနစ်ကျတော့ ခုနက တစ်ပြည်ထောင်စနစ်နဲ့ ဆန့်ကျင်ဘက်ဖြစ်ပါတယ်။ အဲဒီတော့ ပြည်ထောင်စုစနစ်မှာ ကြည့်မယ်ဆိုရင် ဒါက များသောအားဖြင့်တော့ ပြည်ထောင်စုစနစ် ဘယ်ကစလဲလို့ မေးရင် တကယ်တော့အတွေးအခေါ်ဟောင်းပဲ။ အမေရိကန်ပြည်ထောင်စုကနေ စပြီးတဲ့အခါမှာ အတွေးအခေါ်သစ်ကို စတည်ထောင်တယ်။ အဲဒီမှာ ပုဂ္ဂိုလ်နှစ်ယောက်ရှိတယ်။ မစ္စတာ ဟယ်မဲလ်တန် ဆိုတဲ့လူနဲ့ မဒီစင် ဆိုတဲ့ လူနှစ်ယောက်ပေါ့။ အဲဒီနှစ်ယောက်က ဖက်ဒရယ်လစ်ဆိုတဲ့စာအုပ်ကို ရေးတယ်။ ရေးတဲ့အခါမှာ အဲဒီအထဲမှာ သူကဘာပြောသလဲ ဆိုတဲ့အခါကျတော့ အဲဒီနိုင်ငံတစ်နိုင်ငံမှာ ဗဟိုချုပ်ကိုင်မှုနည်းတာနဲ့ ဗဟိုချုပ်ကိုင်မှုများတဲ့ကြားထဲမှာ Hybrid လို့ခေါ်တဲ့ ပေါင်းစပ်တဲ့ ပုံစံမျိုးတစ်ခုကို သူ့အနေနဲ့ ဆောင်ရွက်ချင်တယ်လို့ပြောပြီး ဒီအမေရိကန်ပြည်ထောင်စုရဲ့ Constitution ကို ဆွဲတဲ့အခါမှာ အဲဒါထည့်ထားတာဖြစ်ပါတယ်။

အဲဒီတော့ ဆိုလိုတဲ့သဘောကတော့ ဗဟိုချုပ်ကိုင်မှုများတာနဲ့ ဗဟိုချုပ်ကိုင်မှုနည်းတဲ့ ကြားထဲမှာ ကြားချပြီးတဲ့အခါမှာ ခုနက အာဏာကို ခွဲဝေကျင့်သုံးတဲ့ စနစ်ပဲ။ အဲဒီ ခွဲဝေကျင့်သုံးတဲ့နေရာမှာ ခုနကပြောတဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကတော့ အတိအကျ ခွဲဝေပေးဖို့ လိုပါတယ်။

**ပြည်သွေးနိုင်။ ။** အဲဒီတော့ ဆရာကြီး ကျွန်တော်တို့ အခုဟာကတော့ ဖက်ဒရယ်စနစ်ကို ဆရာကြီး ရှင်းပြသွားတာပေါ့နော်။ အဲဒီတော့ ဖက်ဒရယ်ပြည်ထောင်စု၊ ဖက်ဒရယ်စနစ်ကို ကျင့်သုံးတဲ့အခါ၊ ဖွဲ့စည်းတဲ့အခါမှာ ဘယ်လို အခြေခံအချက်အလက်တွေအပေါ်မှာ မူတည်ပြီးတော့ ဖွဲ့စည်းသလဲ၊ ဒါမှမဟုတ်လို့ရှိရင်လည်း ဖက်ဒရယ်ရဲ့အမျိုးအစားတွေ ဘယ်နှမျိုးလောက်ရှိတယ်ဆိုတာကို ထပ်ပြီးရှင်းပြပေးပါအုံးခင်ဗျ။

**ဒေါက်တာကျော်ဝင်း။ ။** ဖက်ဒရယ်စနစ်မှာ အဓိကအားဖြင့် ဗဟိုအစိုးရရှိမယ်။ နောက်တစ်ခါ Unit လို့ခေါ်တဲ့ ပြည်နယ်တွေရှိတယ်။ အဲဒီပြည်နယ်တွေမှာ ခုနကပြောတဲ့ အမေရိကန်ပြည်ထောင်စုပုံစံမျိုးကို ကြည့်မယ်ဆိုရင်တော့ တချို့သော တစ်နိုင်ငံလုံးနဲ့ ဆိုင်တဲ့ သင့်လျော်တဲ့ အကြောင်းအရာတွေကို ဗဟိုအစိုးရက နေပြီးတော့ ယူထားတာရှိတယ်။ တချို့သော ဘာသာရပ်တွေကိုတော့ ပြည်နယ်တွေကို လွှဲထားတယ်။ အဲဒီတော့ အဲဒီ တကယ်စစ်မှန်တဲ့ ပြည်ထောင်စုပုံစံပေါ့နော်၊ Extreme Type လို့ခေါ်တာပေါ့။ အဲဒီပုံစံမျိုးမှာ ကြည့်မယ်ဆိုရင်တော့ ခုနကပြောတဲ့ ကာကွယ်ရေးတို့၊ နိုင်ငံခြားဆက်ဆံရေးတို့၊ ဘဏ္ဍာရေးတို့၊ ငွေဒင်္ဂါးသွန်းလုပ်မှုတို့ စတဲ့အကြောင်းအရာတွေကို ဖက်ဒရယ်အစိုးရက ကိုင်ထားတယ်။ ကျန်တဲ့ဟာတွေကျတော့ ခုနကပြည်နယ်တွေကို ပေးထားတာပေါ့။

### လွှတ်တော်နှစ်ရပ်ထားတဲ့ စနစ်

နောက် ဖက်ဒရယ်စနစ် အစစ်ဖြစ်မယ်ဆိုရင် ဘာတွေလိုသလဲဆိုရင် အဓိကအားဖြင့်ကတော့ ဗဟိုမှာလည်း လွှတ်တော်ရှိမယ်။ ပြည်နယ်မှာလည်း လွှတ်တော်ရှိမယ်။ ပြီးတဲ့အခါမှာ လွှတ်တော်က လွှတ်တော်နှစ်ရပ်ထားတာတွေ့ရတယ်။ လွှတ်တော်နှစ်ရပ်ထားတဲ့ စနစ်ပေါ့။ အဲဒါအပြင် ပြည်နယ်နဲ့ ဖက်ဒရယ်အစိုးရရဲ့ကြားထဲမှာ အခွင့်အာဏာတွေ ပေးရတဲ့အခါမှာ ဒီအခွင့်အာဏာတွေက တစ်ခါတလေကျရင် အကျိုးစီးပွားချင်း ဆန့်ကျင်လာတာမျိုးတွေ ဖြစ်လာနိုင်တယ်။

အထူးအားဖြင့်ကတော့ ပဋိပက္ခအသွင်ဆောင်လာတဲ့အခါမှာ အဲဒါကို ကြားဝင်ဖြေရှင်းပေးမယ့် တရားရုံးချုပ်လိုပါတယ်။ အဲဒီတော့ အမေရိကန်ပြည်ထောင်စုက အဲဒီပုံစံတွေအများကြီးပဲ ပါလာတာတွေ့ရတယ်။ အဲဒီတော့ အစကအမေရိကန်ပြည်ထောင်စုဟာ အင်္ဂလိပ်ရဲ့ ကိုလိုနီစနစ်ကိုဆန့်ကျင်တဲ့ ပြည်နယ် ၁၃ ခုကနေပြီးတော့ ပေါင်းထားတာ ဖြစ်ပါတယ်။ အဲဒီတော့ ဖက်ဒရယ်အစစ်မဟုတ်သေးဘူး၊ သူက Confederation လို့ခေါ်တယ်။ Confederation အဆင့်မှာတော့ သူက လျော့ရဲတဲ့ပုံစံမျိုး ဖြစ်တာပေါ့နော်။

အဲဒီအခါမှာ ခုနကပြောတဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေရေးဆွဲတဲ့သူတွေရော၊ ကျန်တဲ့နိုင်ငံရေးသမားတွေကနေ ကြံဆပြီးတဲ့အခါမှာ အမေရိကန်ပြည်ထောင်စုကို ဖက်ဒရယ်ပုံစံအဖြစ်နဲ့ ကျင့်သုံးမယ်ဆိုတဲ့အခါမှာ ဆွဲလိုက်တာဖြစ်ပါတယ်။

အဲဒီလိုဆွဲတဲ့အခါမှာ အမေရိကန်ပြည်ထောင်စုဟာ ဖက်ဒရယ်ရဲ့အင်္ဂါရပ်တွေ အပြည့်အစုံပါဝင်တဲ့အတွက်ကြောင့် ကမ္ဘာပေါ်မှာ စံပြုလောက်တဲ့ ဖက်ဒရယ်စနစ်လို့ အများကနေပြီးတော့ ယုံကြည်ကြပါတယ်။

**ပြည်သွေးနိုင်။ ။** ဟုတ်ကဲ့ ဆရာကြီး။ ဒါဆို လောလောဆယ်ရှိနေတဲ့နိုင်ငံတွေထဲမှာတော့ အမေရိကန်ပြည်ထောင်စုက ဖက်ဒရယ်စစ်ပြီးတော့ ခေတ်သစ်ဖက်ဒရယ်နိုင်ငံအဖြစ် စံပြုလောက်တဲ့ နိုင်ငံဖြစ်တယ်ပေါ့နော်။ အဲဒီတော့ စောစောက ဆရာကြီးရှင်းပြသွားတဲ့ အထဲမှာတော့ ကျွန်တော်တို့ မျိုးစပ်ဖွဲ့စည်းတဲ့ ဖက်ဒရယ်ပုံစံပေါ့နော်၊ Hybrid ဖက်ဒရယ်အကြောင်းကို ဆရာကြီးပြောသွားတာ ရှိပါတယ်။ အဲဒီတော့ ကျွန်တော်တို့ဖက်ဒရယ်ပြည်ထောင်စုတွေဖွဲ့စည်းကြတဲ့အခါမှာ တချို့ကနယ်မြေ ပထဝီအနေအထားပေါ်မှာ၊ နယ်မြေဒေသပေါ်မှာ မူတည်ပြီးတော့ အခြေခံဖွဲ့စည်းတာလည်း ရှိပါတယ်။ နောက်တစ်ခုက လူမျိုးစုပေါ်မှာ အခြေခံပြီး ဖွဲ့စည်းတာလည်း ရှိပါတယ်။ ဆရာကြီး အဲဒီအကြောင်းလေးတွေ ဆက်ပြီးရှင်းပြပေးပါဦး။

**ဒေါက်တာကျော်ဝင်း။ ။** အဲဒီဖက်ဒရယ်ကို ခေတ်သစ်နိုင်ငံရေးသိပ္ပံပညာရှင်တွေက ဖက်ဒရယ်ပုံစံကို သုံးမျိုးခွဲထားတယ်။ နံပါတ် (၁) ကတော့ နယ်မြေကို အခြေခံထားတဲ့ Territorial Federalism လို့ခေါ်တယ်။ အဲဒီအခါမှာ နယ်မြေကို အခြေခံထားပြီးတဲ့အခါမှာ ပြည်ထောင်စုကြီးကို ဖွဲ့စည်းလိုက်တယ်။ ဖွဲ့စည်းလိုက်တဲ့အခါမှာ အဲဒီနိုင်ငံမျိုးက ဘယ်လိုနိုင်ငံမျိုးလဲဆိုတော့ အမေရိကန်ပြည်ထောင်စု၊ ဘရာဇီးတို့၊ ဂျာမနီတို့ အဲဒီဟာတွေက နယ်မြေကို အခြေခံထားတဲ့ ပြည်ထောင်စုပုံစံမျိုး ဖြစ်ပါတယ်။

ဒုတိယ အမျိုးအစားကတော့ လူမျိုးစုကို အခြေခံထားတာပါ။ အဲဒါကို Ethnofederalism လို့ခေါ်တယ်။ အဲဒီလို နိုင်ငံတွေမှာကျတော့ လူမျိုးစုကို အခြေခံထားတာ ဖြစ်ပါတယ်။ ဥပမာအားဖြင့် ယခင်က ဆိုဗီယက်နိုင်ငံ၊ ပြီးရင် ယူဂိုစလားဗီးယားတို့၊

**စာမျက်နှာ ၁၁ သို့ ❍**

**ဖက်ဒရယ်စနစ် အစစ်ဖြစ်မယ်ဆိုရင် ဘာတွေလိုသလဲဆိုရင် အဓိက အားဖြင့်ကတော့ ဗဟိုမှာလည်း လွှတ်တော်ရှိမယ်။ ပြည်နယ်မှာလည်း လွှတ်တော်ရှိမယ်။ ပြီးတဲ့အခါမှာ လွှတ်တော်က လွှတ်တော်နှစ်ရပ် ထားတာတွေ့ရတယ်။ လွှတ်တော်နှစ်ရပ်ထားတဲ့စနစ်ပေါ့။ အဲဒါ အပြင် ပြည်နယ်နဲ့ ဖက်ဒရယ်အစိုးရရဲ့ကြားထဲမှာ အခွင့်အာဏာတွေ ပေးရတဲ့အခါမှာ ဒီအခွင့်အာဏာတွေက တစ်ခါတလေကျရင် အကျိုး စီးပွားချင်းဆန့်ကျင်လာတာမျိုးတွေဖြစ်လာနိုင်တယ်။**

# ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့် ရှမ်းရွာသစ်မြို့ ဒေသခံပြည်သူများနှင့် တွေ့ဆုံ

**ဘားအံ ဖေဖော်ဝါရီ ၉**

ကရင်ပြည်နယ် လှိုင်းဘွဲမြို့နယ် ရှမ်းရွာသစ်မြို့ ဒေသဖွံ့ဖြိုးရေးအတွက် ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်သည် တာဝန်ရှိသူများနှင့်အတူ ဖေဖော်ဝါရီ ၉ ရက် နံနက် ၈ နာရီခွဲက ရှမ်းရွာသစ်မြို့ သန္တိသုခကျောင်းတိုက် စိတ္တာသုခဓမ္မာရုံ၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံခဲ့သည်။

**ညှိနှိုင်းဆောင်ရွက်ပေး**

တွေ့ဆုံပွဲသို့ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ရှမ်းရွာသစ်မြို့ရှိ ရပ်ကွက် လေးရပ်ကွက်နှင့် ကျေးရွာအုပ်စု ကိုးအုပ်စုမှ ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြသည်။ တွေ့ဆုံပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်က အသက်မွေးဝမ်းကျောင်း အလုပ်အကိုင်အခွင့်အလမ်းများ၊ စိုက်ပျိုးမွေးမြူရေးအခြေအနေ၊ ကိုယ်ဝန်ဆောင်မိခင်၊ အသက်နှစ်နှစ်အောက်ကလေးနှင့် သက်ကြီးဘိုးဘွားများ လူမှုရေးပင်စင်ထောက်ပံ့ငွေ ရရှိမှုအခြေအနေများကို မေးမြန်း၍ မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လိုသည်များ၊ လိုအပ်သည်များနှင့် အခက်အခဲများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးတင်ပြကြရန် ပြောကြားရာ ဒေသခံများက နွေရာသီရေရရှိရေး၊ စိမ့်စမ်းရေသွယ်တန်းရရှိရေး၊ မီးလင်းရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး အစရှိသည့် လိုအပ်ချက်များအား ဆွေးနွေးတင်ပြကြသဖြင့် ပြည်နယ်ဝန်ကြီးချုပ်က သက်ဆိုင်ရာဝန်ကြီးများ၊ ဌာနဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။



ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ လှိုင်းဘွဲမြို့နယ်ရုံးနှင့် ရှမ်းရွာသစ်မြို့ရုံးတို့မှ ဝင်းစိန်၊ ရင်းပိုင်း၊ ကွီးလေး၊ မဲသမူ၊ မဲလောခီး ကျေးရွာအုပ်စုများသို့ အခမဲ့ကွင်းဆင်းဆောင်ရွက်ထားသည့် နိုင်ငံသားစိစစ်ရေးကတ်ပြား ၅၂၃ ကတ်နှင့် အိမ်ထောင်စုလူဦးရေဇယား ၃၁ စောင်တို့ကို ပေးအပ်ရာ ဒေသခံပြည်သူများက လက်ခံရယူခဲ့ကြသည်။

**ထောက်ပံ့ပေးအပ်**

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများသည် ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများအတွက် ဆိုလာကြီး လေးစုံ၊ လက်စွဲဆိုလာမီးအိမ် ၃၀ ပါ သုံးဖာ၊ ဆီ၊ ကြက်သားဘူး၊ ခေါက်ဆွဲခြောက်၊ ငါးပိ အစရှိသည့် လူသုံးကုန်ပစ္စည်းများနှင့် စားသောက်ကုန်ပစ္စည်းများကို ထောက်ပံ့ပေးအပ်ခဲ့သည်။

အဆိုပါ တွေ့ဆုံပွဲသို့ ကရင်အမျိုးသားအစည်းအရုံး (KNU) စစ်ဦးစီးချုပ် စောဂျော်နီနှင့် ငြိမ်းချမ်းရေးတပ်ဖွဲ့ဝင်များ တက်ရောက်ခဲ့ပြီး ရှမ်းရွာသစ်မြို့ ခရီးသွားလုပ်ငန်းအဆင့်မြှင့်တင်ဆောင်ရွက်နိုင်ရေး ပရေကြေတို ရေတံခွန်သို့ သွားရောက်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# မြန်မာ-ဂျပန်အသင်း၏ တက္ကသိုလ်ပညာသင်ဆုများ ပေးအပ်ခြင်းအခမ်းအနား ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၉**

မြန်မာ-ဂျပန်အသင်း (MJA) သည် မြန်မာနိုင်ငံတက္ကသိုလ် ရှစ်ခုမှ ပညာရည်ထူးချွန်ပြီး တက္ကသိုလ်ပညာသင်စရိတ် အခက်အခဲရှိသော ဒုတိယနှစ် ကျောင်းသား ကျောင်းသူများအား ပညာသင်စရိတ် ထောက်ပံ့ချီးမြှင့်နိုင်ရေးအတွက် "မြန်မာ-ဂျပန်အသင်း၏ တက္ကသိုလ်ပညာသင်ဆုအစီအစဉ်-၂၀၂၀" အဖြစ် အဆိုပြုလွှာများ ခေါ်ယူခဲ့သည်။

**ထောက်ပံ့ချီးမြှင့်မည်**

တက္ကသိုလ်အသီးသီးမှ ပဏာမ စိစစ်ပေးပို့လာသည့် တက္ကသိုလ်ပညာသင်ဆု အဆိုပြုလွှာများအား အသင်း၏ တက္ကသိုလ်ပညာသင်ဆု စိစစ်ရွေးချယ်ရေးကော်မတီက စိစစ်ပြီး ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် (ဂျပန်ဘာသာအဓိက) ၁၅ ဦး၊ မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ် (ဂျပန်ဘာသာအဓိက) ၁၅ ဦး၊ ပညာရေးတက္ကသိုလ် (ရန်ကုန်) ၁၅ ဦး၊ ပညာရေးတက္ကသိုလ် (စစ်ကိုင်း) ၁၀ ဦး၊ စီးပွားရေးတက္ကသိုလ်(ရန်ကုန်) ၁၀ ဦး၊ နည်းပညာတက္ကသိုလ် (ရန်ကုန်) ခုနစ်ဦး၊ ယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်) ငါးဦးနှင့် သူနာပြုတက္ကသိုလ် (ရန်ကုန်) ငါးဦး စုစုပေါင်း ကျောင်းသား ကျောင်းသူ ၈၂ ဦးအား တက္ကသိုလ်အလိုက် ပညာသင်ဆုရွေးချယ်ခဲ့ကြောင်း၊ ပညာသင်ဆုရရှိသူ ကျောင်းသား ကျောင်းသူတစ်ဦးလျှင် ၂၀၂၀ စာသင်နှစ်အတွက် ငွေကျပ် ငါးသိန်းစီ ထောက်ပံ့ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

ပညာသင်ဆုရ ကျောင်းသား ကျောင်းသူများအား ပညာသင်ဆုထောက်ပံ့ချီးမြှင့်ငွေ ပေးအပ်ခြင်း အခမ်းအနားကို ရန်ကုန်မြို့ အင်းလျားလမ်း စိမ်းလန်းစိုပြည်ဂါးဒင်း၌ ယနေ့ မွန်းလွဲပိုင်းတွင် ကျင်းပရာ မြန်မာ-ဂျပန်အသင်းဥက္ကဋ္ဌနှင့် အသင်းအလုပ်အမှုဆောင်များ၊ သက်ဆိုင်ရာတက္ကသိုလ်များမှ ပါမောက္ခ၊ ဌာနမှူးများ၊ တက္ကသိုလ်ပညာသင်ဆုရ ကျောင်းသား ကျောင်းသူများနှင့် ၎င်းတို့၏ မိဘများ၊ မြန်မာ-ဂျပန်အသင်း၏ ပညာရည်ထူးချွန်ဆု (၂၀၁၄-၂၀၁၈)ရ ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ကြသည်။



အခမ်းအနားတွင် မြန်မာ-ဂျပန်အသင်း ဥက္ကဋ္ဌ ဦးစောလှမင်းက အသင်း၏ တက္ကသိုလ်ပညာသင်ဆု ပေးအပ်ချီးမြှင့်ရသည့် ရည်ရွယ်ချက်နှင့် အစီအစဉ်အား ရှင်းလင်းပြောကြားပြီး ရန်ကုန်နယ်မြေတက္ကသိုလ် ခြောက်ခုမှ တက္ကသိုလ်ပညာသင်ဆုရ ကျောင်းသား ကျောင်းသူ ၅၇ ဦးအတွက် ပထမအရစ် ပညာသင်ထောက်ပံ့ကြေး ငွေကျပ် ၁၇၁ သိန်းကို ကျောင်းသား ကျောင်းသူများသို့ တစ်ဦးချင်း ပေးအပ်သည်။ မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်နှင့် စစ်ကိုင်းပညာရေးတက္ကသိုလ်တို့မှ တက္ကသိုလ်ပညာသင်ဆုရ ကျောင်းသား ကျောင်းသူ ၂၅ ဦးအတွက် ပထမအရစ် ပညာသင်ထောက်ပံ့ကြေး ငွေကျပ် ၇၅ သိန်းကို ဖေဖော်ဝါရီ ၈ ရက်တွင် မန္တလေးမြို့ LINK 78 Hotel ၌ အသင်းဥက္ကဋ္ဌနှင့်အဖွဲ့က လက်ရောက် တစ်ဦးချင်း ပေးအပ်သည်။ ပထမနှစ်ဝက်စာမေးပွဲများ ဖြေဆိုအောင်မြင်ပြီးချိန်တွင် ဒုတိယအရစ် ပညာသင်ထောက်ပံ့ကြေး ငွေကျပ် နှစ်သိန်းစီကို ဆက်လက်ပေးအပ်သွားမည်ဖြစ်သည်။

ရန်ကုန်မြို့၌ ပြုလုပ်သည့် ပညာသင်ဆုပေးအပ်ပွဲအခမ်းအနားတွင် မြန်မာ-ဂျပန်အသင်း၏ ပညာရည်ထူးချွန်ဆု (၂၀၁၄-၂၀၁၈)ရ ကျောင်းသား ကျောင်းသူဟောင်း ၅၂ ဦးလည်း တက်ရောက်ခဲ့ပြီး "MJA Students Reunion Tour – 2019" အတွက် "Personal and Professional Development " ခေါင်းစဉ်ဖြင့် တစ်ဦးချင်း အစီရင်ခံစာတင်သွင်းမှုအပေါ် အကောင်းဆုံးဆုရရှိသည့် ကျောင်းသား ကျောင်းသူ ငါးဦးအား အသင်းတာဝန်ရှိသူများက ဆုများချီးမြှင့်သည်။

**ပေးအပ်ချီးမြှင့်**

ရန်ကုန်မြို့၌ ပြုလုပ်သည့် အခမ်းအနားတွင်ပင် ဂျပန်နိုင်ငံ ဖူကူအိုကာမြို့၌ ပြုလုပ်မည့် "နွေရာသီအပြည်ပြည်ဆိုင်ရာ လူငယ်များတွေ့ဆုံပွဲ ၂၀၂၀" (BRIDGE Summer Camp–2020, Japan) သို့ Junior Ambassador အဖြစ် ပါဝင်တက်ရောက်ရန် မြန်မာ-ဂျပန်အသင်းက ဦးစီးတာဝန်ယူ ရွေးချယ်ပေးခဲ့သည့် ကျောင်းသားနှစ်ဦးနှင့် ကျောင်းသူနှစ်ဦး ပေါင်းလေးဦးတို့အား မြန်မာ-ဂျပန်အသင်း တာဝန်ရှိသူများက ဆုပေးအပ်ချီးမြှင့်သည်။

အခမ်းအနားတွင် မြန်မာ-ဂျပန်အသင်း ဥက္ကဋ္ဌ ဦးစောလှမင်း၏ "ကျွန်တော်၏ သံတမန်ခရီး" စာအုပ်များကို တက္ကသိုလ်ရှစ်ခုမှ စာကြည့်တိုက်များအတွက် သက်ဆိုင်ရာတက္ကသိုလ် ကိုယ်စားလှယ်များထံသို့ စာရေးသူကိုယ်တိုင် ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

❍ စာမျက်နှာ ၁၀ မှ

ချက်ကိုစလိုဗက်ကီးယားတို့ အဲဒီလိုနိုင်ငံမျိုးတွေကျတော့ လူမျိုးစုတွေရှိတဲ့အတွက်ကြောင့် လူမျိုးစုတွေကို အခြေခံထားပြီးတဲ့အခါမှာ ဖွဲ့ထားတဲ့ ဖက်ဒရယ်ပုံစံဖြစ်လို့ Ethnofederalism လူမျိုးစုကို အခြေခံထားတော့ ပြည်ထောင်စုပုံစံလို့ ခေါ်တာဖြစ်ပါတယ်။

**Hybrid Federalism**

အဲဒီနှစ်ခုကို ကြားချပြီးတဲ့အခါမှာ နောက်တစ်မျိုး နိုင်ငံရေးသိပ္ပံပညာရှင်တွေက ခေါ်တဲ့နာမည်ပေးတဲ့ ပုံစံကတော့ Hybrid Federalism လို့ခေါ်တယ်။ Hybrid Federalism ဆိုတာက နယ်မြေတွေ စုပေါင်းထားတာလည်းပါတယ်။ လူမျိုးကို အခြေခံထားတာလည်းပါတယ်။ အဲဒီတော့ နှစ်မျိုးပေါင်းစပ်ထားတဲ့အတွက်ကြောင့် အဲဒီ Federalism ကို Hybrid Federalism လို့ခေါ်တယ်။ သာဓကဖြင့်ပြရမယ်ဆိုရင် အိန္ဒိယနိုင်ငံကို ပြလို့ရပါတယ်။ အိန္ဒိယနိုင်ငံမှာ ပြည်နယ်ကို အခြေခံထားတဲ့ဟာတွေရှိတယ်။

နယ်မြေကို အခြေခံထားတဲ့ဟာတွေရှိတယ်။ နောက် လူမျိုးစုကို အခြေခံထားတာရှိတယ်။ ဥပမာအားဖြင့် လူမျိုးစုကို အခြေခံထားမယ်ဆိုရင် Nagaland တို့၊ Mizoram တို့ စတဲ့ဟာတွေက လူမျိုးစုကို အခြေခံထားတာ။ တချို့ကျတော့ နယ်မြေအခြေခံထားတာရှိတယ်။ ဒီနှစ်ခုကို ပေါင်းလိုက်တဲ့အတွက်ကြောင့် နိုင်ငံရေးသိပ္ပံပညာရှင်တွေက Hybrid Federalism လို့ခေါ်တာဖြစ်ပါတယ်။ အကြမ်းအားဖြင့်တော့ သုံးခုရှိတယ်လို့ ပြောလို့ရပါတယ်။

**ပြည်သွေးနိုင်။** ။ အဲဒါဆိုရင် ဖက်ဒရယ်အခြေခံပြီး ပြည်ထောင်စု ဖွဲ့စည်းမယ်ဆိုရင် အကြမ်းဖျင်း အမျိုးအစားသုံးမျိုးရှိတယ်။ ကျွန်တော်တို့ ရေမြေအနေအထား ကိုယ့်နိုင်ငံ နောက်ခံအခြေအနေတွေနဲ့ ကိုက်ညီတဲ့ ဖက်ဒရယ်ပုံစံမျိုးကို ရွေးချယ်သင့်တာပေါ့နော်။ ဆက်ပြီးတော့ ရှင်းပြပေးစေချင်တာက တစ်ပြည်ထောင်စနစ်ရဲ့ အားနည်းချက်တွေကိုတော့ ပြောသွားပြီးပါပြီ။ တစ်ပြည်ထောင်စနစ်ဟာဆိုရင် ရေရှည်မှာတော့ ပြဿနာတွေ အများကြီးရှိနိုင်တယ်။

ဗဟိုအစိုးရက အာဏာကို ချုပ်ကိုင်ထားတဲ့အတွက် ရေရှည်အတွက် မသင့်တော်ဘူးလို့ ဆရာကြီး ပြောသွားပါတယ်။ ဖက်ဒရယ်မှာဆိုရင် အားသာချက်တွေလည်း တချို့ ပြောသွားပြီးပါပြီ။ ဥပမာအားဖြင့် ကွဲပြားခြားနားသော ယူနစ်များကို စုစည်းနိုင်စွမ်းရှိတယ်လို့ ဆရာကြီးရဲ့ ဒီမိုကရေစီဖက်ဒရယ်စာအုပ်မှာလည်း ရေးထားတာကို တွေ့ပါတယ်။ ဖက်ဒရယ်စနစ်ရဲ့ အားသာချက် ဘာကြောင့် ဖက်ဒရယ်လစ်ဇင်ကို လေ့လာသင့်သလဲ။ ဘယ်လိုအားသာချက်တွေရှိတယ်ဆိုတာ ဆက်ပြီးရှင်းပြပေးပါဦး။

**ဒေါက်တာကျော်ဝင်း။** ။ ဖက်ဒရယ်စနစ်က ကျွန်တော်တို့ အရွယ်အစား ကြီးမားတဲ့ နိုင်ငံတွေ၊ ပြီးတဲ့အခါမှာ လူမျိုးစု၊ ယဉ်ကျေးမှုချင်း ကွဲပြားခြားနားတယ်။ ဘာသာစကား ကွဲပြားခြားနားတယ်။ အဲဒီလို လူမျိုးပေါင်းစုံနေထိုင်တဲ့၊ တိုင်းရင်းသားပေါင်းစုံနေထိုင်တဲ့ နိုင်ငံများဆိုရင်တော့ ဖက်ဒရယ်နဲ့ ပိုပြီးသင့်တော်တာဖြစ်ပါတယ်။ ဗဟိုနဲ့ယူနစ်လို့ခေါ်တဲ့ ပြည်နယ်များအကြားမှာ ပေါင်းစည်းပေးဖို့ အကောင်းဆုံးသောနည်းလမ်းသည် ဖက်ဒရယ်နည်းလမ်းဖြစ်ပါတယ်။

**အသင့်တော်ဆုံးဖြစ်**

အဲဒီတော့ နိုင်ငံတစ်နိုင်ငံမှာ ကြည့်မယ်ဆိုရင် ခုနက ပြောတဲ့ မတူကွဲပြားခြားနားတဲ့အရာ ပေါင်းစည်းတဲ့နေရာမှာ ဒီဖက်ဒရယ်ပုံစံသည် အသင့်တော်ဆုံးဖြစ်ပါတယ်။ ဖက်ဒရယ်နိုင်ငံဆိုရင် ခုနကပြောတဲ့ နှစ်ဦးနှစ်ဖက် အလိုအလျောက် ပူးပေါင်းချင်တဲ့ဆန္ဒရှိလို့ လာပြီးတော့ပူးပေါင်းတာဖြစ်တဲ့အတွက်ကြောင့် ပြည်နယ်တွေအနေနဲ့လည်း သူတို့ပြည်ထောင်စုဖွဲ့မယ်ဆိုရင် သူတို့အတွက် ကာကွယ်ရေးအကျိုးရှိမယ်။ စီးပွားရေး အကျိုးတူပူးပေါင်းဆောင်ရွက်မှုတွေပေးနိုင်တဲ့အတွက်ကြောင့် ဖက်ဒရယ်စနစ်ကို လူကြိုက်များတာဖြစ်ပါတယ်။

**ပြည်သွေးနိုင်။** ။ ဒါဆိုရင် ကျွန်တော်တို့လူမျိုးတွေကွဲပြားမယ်။ ယဉ်ကျေးမှုပေါင်းစုံရှိတဲ့နိုင်ငံ။ နယ်မြေကျယ်ပြန့်တဲ့နိုင်ငံဆိုရင် ဖက်ဒရယ်စနစ်ကို အထူးစဉ်းစားသင့်တယ်ဆိုတာ ဆရာကြီးပြောခဲ့တာဖြစ်ပါတယ်။ ခွင့်တူညီမျှ ဝါဒဖြူစင် ဖက်ဒရယ်လစ်ဇင်ဆိုတဲ့ အပိုင်း (၁) ကို ဆွေးနွေးခဲ့ကြတာဖြစ်ပါတယ်။ အပိုင်း(၁)မှာတော့ ဖက်ဒရယ်ပြည်ထောင်စုစနစ်ကို အဓိပ္ပာယ်ဖွင့်ဆိုခြင်းဆိုပြီးတော့ ဖက်ဒရယ်စနစ်ရဲ့ အခြေခံသဘောတရားတွေ ဖက်ဒရယ်စနစ်၊ ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းမယ်ဆိုရင် ပုံစံဘယ်နှမျိုးရှိတယ်ဆိုတာ အဲဒါတွေကို တင်ပြသွားတာဖြစ်ပါတယ်။ ဒါ့အပြင် တစ်ပြည်ထောင်စနစ်နဲ့ ပြည်ထောင်စုစနစ်တို့ရဲ့ ကွဲပြားခြားနားမှု၊ အားနည်းချက်၊ အားသာချက်တွေကိုလည်း ဆွေးနွေးသွားတာဖြစ်ပါတယ်ခင်ဗျာ။

❒

# အမေရိကန်၏ ဗင်နီဇွဲလားအပေါ် ပိတ်ဆို့မှုများမှာ တရားမဝင်ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီး ပြောကြား

**ကရာကတ်စ် ဖေဖော်ဝါရီ ၉**
ဗင်နီဇွဲလားနိုင်ငံအပေါ်တွင် အမေရိကန်၏ အရေးယူပိတ်ဆို့မှုများမှာ တရားမဝင်ကြောင်း ကရာကတ်စ်မြို့သို့ တရားဝင်အလည်အပတ်သွားရောက်စဉ် ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလက်ရော့ဗ်က ပြောကြားသည်။

"ဒီအရေးယူပိတ်ဆို့မှုတွေဟာ ဗင်နီဇွဲလားနိုင်ငံရဲ့ စီးပွားရေးကို ပဋိပက္ခဖြစ်စေတဲ့ အဓိကအကြောင်းရင်းတစ်ရပ်ဖြစ်ပါတယ်" ဟု ၎င်းက ဗင်နီဇွဲလားကိုယ်စားလှယ် ဂျော့စ်အရီဇာနှင့်တွေ့ဆုံစဉ် ပြောကြားသည်။

ရုရှားသည် တရုတ်၊ ကျူးဘားတို့နှင့်အတူ ဗင်နီဇွဲလားသမ္မတ နီကိုလပ်စ်မာဒူရိုအား ထောက်ခံသော နိုင်ငံတစ်ခုဖြစ်သည်။ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် ဗင်နီဇွဲလားနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့မှုများ ချမှတ်ခဲ့ခြင်းကြောင့် ဗင်နီဇွဲလား၏ စီးပွားရေးကို ထိခိုက်ခဲ့သည်။

ပြီးခဲ့သောနှစ်က အမေရိကန်အနေဖြင့် ဗင်နီဇွဲလား၏ လောင်စာဆီလုပ်ငန်းအပေါ် အမေရိကန်က ပိတ်ဆို့မှုများ ချမှတ်ခဲ့သဖြင့် ဗင်နီဇွဲလားလေကြောင်းလိုင်းအပေါ်တွင် အကျိုးသက်ရောက်မှုရှိခဲ့သည်။ အမေရိကန်အနေဖြင့် ထိုကဲ့သို့ပိတ်ဆို့မှုများ ချမှတ်ဆောင်ရွက်ခြင်းမှာ သမ္မတမာဒူရို နုတ်ထွက်ရန် ဆောင်ရွက်ခြင်းဖြစ်သည်။

**ကိုးကား-အေအက်ဖ်ပီ၊ ဘာသာပြန်-စိုးသူရ**



ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလက်ရော့ဗ်နှင့် ဗင်နီဇွဲလားကိုယ်စားလှယ် ဂျော့စ်အရီဇာ

# အချက်အလက်စုဆောင်းသည့် ထောက်လှမ်းရေးဂြိုဟ်တုတစ်လုံး ဂျပန်နိုင်ငံတောင်ပိုင်းမှ အိတ်ချ်-၂ အေ ဒုံးယာဉ်ဖြင့် လွှတ်တင်

**တိုကျို ဖေဖော်ဝါရီ ၉**
ကမ္ဘာမြေဆိုင်ရာ အချက်အလက်များ စုဆောင်းမည့် ထောက်လှမ်းရေး ဂြိုဟ်တုတစ်လုံးကို ဂျပန်နိုင်ငံက ကမ္ဘာပတ် လမ်းကြောင်းအတွင်း လွှတ်တင်ခဲ့ကြောင်း အင်န်အိတ်ချ်ကေ သတင်း၌ ဖော်ပြသည်။



ယင်းဂြိုဟ်တုအား ဂျပန်နိုင်ငံတောင်ပိုင်း ကာဂိုရှီးမားခရိုင်ရှိ တာနက်ဂါရှီးမား အာကာသယာဉ် လွှတ်တင်ရေးစခန်းမှ အိတ်ချ်-၂ အေ အမျိုးအစားဒုံးယာဉ်ဖြင့် ဖေဖော်ဝါရီ ၉ ရက် ဒေသစံတော်ချိန် နံနက် ၁၀ နာရီ ၃၄ မိနစ်တွင် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

**အောင်မြင်စွာ ပို့ဆောင်ပေးခဲ့**

အိတ်ချ်-၂ အေ ဒုံးယာဉ်အား လွှတ်တင်ခဲ့ပြီးနောက်တွင် ယင်းဒုံးယာဉ်မှ အရန်ဒုံးယာဉ်ငယ်တစ်စင်းနှင့် အင်ဂျင်တစ်လုံးကို ဖြုတ်ချခဲ့ပြီး ပျံတက်ချိန် မိနစ် ၂၀ ခန့်တွင် သယ်ဆောင်သွားသည့် ဂြိုဟ်တုအား ကမ္ဘာပတ်လမ်းကြောင်း အတွင်းသို့ အောင်မြင်စွာ ပို့ဆောင်ပေးခဲ့သည်။

ယခုလွှတ်တင်ခဲ့သော ထောက်လှမ်းရေးဂြိုဟ်တုသည် ကမ္ဘာမြေမျက်နှာပြင်အထက် ကီလိုမီတာ ရာနှင့်ချီ အမြင့်မှ ဓာတ်ပုံများ ရိုက်ကူးပေးပို့မည်ဖြစ်သည်။

မြောက်ကိုရီးယားဒုံးကျည်ပစ်လွှတ်သည့်စခန်းများကို ထောက်လှမ်းသည့်အခါမျိုးနှင့် သဘာဝဘေးအန္တရာယ်များ ကျရောက်ပြီးနောက် ကမ္ဘာမြေပြင်ပေါ်သို့ ထိခိုက်ပျက်စီးမှုများကို လေ့လာခန့်မှန်းသည့်အချိန်များတွင် ယင်းဂြိုဟ်တုမှ ရိုက်ကူးပေးပို့သည့် ဓာတ်ပုံများကို အဓိကထား အသုံးပြုမည်ဖြစ်သည်။

အချက်အလက်စုဆောင်းသည့် ထောက်လှမ်းရေးဂြိုဟ်တု ၁၀ လုံးအထိ လွှတ်တင်သွားရန် ဂျပန်အစိုးရက အစီအစဉ်ပြုလုပ်ထားပြီး လတ်တလောတွင် ဂြိုဟ်တုခုနစ်လုံးအထိ လွှတ်တင်ခဲ့ပြီးဖြစ်သည်။

လွှတ်တင်ထားသည့် ဂြိုဟ်တုများအနက် နှစ်လုံးမှာ နေ့ဘက်အချိန်တွင် ကမ္ဘာမြေကို ဓာတ်ပုံများ ရိုက်ကူးမည်ဖြစ်ပြီး ကျန်ဂြိုဟ်တု ငါးလုံးမှာ ရေဒါဂြိုဟ်တုများဖြစ်ကာ ညဘက်ပိုင်းနှင့် ရာသီဥတုဆိုးရွားချိန်များ၌ ကမ္ဘာမြေ၏မြင်ကွင်းများကို ရေဒါသုံးပြီး ဓာတ်ပုံများရိုက်ကူးမည်ဖြစ်သည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-ဇော်ဝင်း**

# အမေဇုန်မိုးသစ်တောပြုန်းတီးမှု ယခုနှစ်ဇန်နဝါရီလတွင် စံချိန်တင်မြင့်တက်

**ဆော်ပိုလို ဖေဖော်ဝါရီ ၉**
ဘရာဇီးနိုင်ငံတွင်း၌ အမေဇုန်မိုးသစ်တောပြုန်းတီးမှုပမာဏသည် ယခုနှစ် ဇန်နဝါရီလအတွင်း စံချိန်တင်မြင့်တက်ခဲ့ပြီး ယခင်နှစ် အလားတူကာလအတွင်း ဖြစ်ပေါ်ခဲ့သည့် သစ်တောပြုန်းတီးမှုပမာဏနှင့်နှိုင်းယှဉ်ပါက နှစ်ဆရှိကြောင်း ဖေဖော်ဝါရီ ၇ ရက်တွင် ထုတ်ပြန်သည့် တရားဝင်ကိန်းဂဏန်းများအရ သိရကြောင်း အေအက်ဖ်ပီသတင်းတွင် ဖော်ပြသည်။

ယခုနှစ် ဇန်နဝါရီလတွင် စတုရန်းကီလိုမီတာ ၂၈၀ (စတုရန်းမိုင် ၁၁၀) ခန့် သစ်တောများ ပြုန်းတီးခဲ့ရပြီး ယမန်နှစ် ဇန်နဝါရီလထက် သစ်တောပြုန်းတီးမှုပမာဏမှာ ၁၀၈ ရာခိုင်နှုန်း တိုးမြင့်လာခဲ့ကြောင်း၊ ယင်းပမာဏသည် ၂၀၁၅ ခုနှစ်အတွင်းက စတင်ကောက်ယူခဲ့သည့် အချက်အလက်များအရ ပမာဏအကြီးမားဆုံးသစ်တောပြုန်းတီးမှုပမာဏဖြစ်ကြောင်း ဘရာဇီးအမျိုးသားတက္ကသိုလ် အာကာသသုတေသနဌာန (အိုင်အန်ပီအီး)က ပြောကြားသည်။

ယင်းသုတေသနဌာနမှ အချက်အလက်များကောက်ယူရာ၌ ဂြိုဟ်တုစနစ်အသုံးပြုကာ အခြေပြုကောက်ယူခြင်းဖြစ်ပြီး သစ်တောပြုန်းတီးမှုများကို အချိန်မှန်စောင့်ကြည့်မှတ်တမ်းတင်ခြင်းဖြစ်သည်။

အမေဇုန်သစ်တောပြုန်းတီးမှုပမာဏကို နှစ်များအလိုက် နှိုင်းယှဉ်ရာတွင် ၂၀၁၉ ခုနှစ် ဇန်နဝါရီလတွင် ၁၃၆ စတုရန်းကီလိုမီတာ၊ ၂၀၁၈ ခုနှစ်တွင် ၁၈၃ စတုရန်းကီလိုမီတာနှင့် ၂၀၁၇ ခုနှစ်တွင် ၅၈ စတုရန်းကီလိုမီတာတို့ဖြစ်ကြသည်။

ဘရာဇီးနိုင်ငံမြောက်ပိုင်းရှိ အမေဇုန်မိုးသစ်တောများ ပြုန်းတီးမှုပမာဏကို (အိုင်အန်ပီအီး)က ဇန်နဝါရီလအလယ်ပိုင်းတွင် ထုတ်ပြန်ခဲ့ရာ၌ ၂၀၁၉ ခုနှစ်တွင် ၉၁၆၆ စတုရန်းကီလိုမီတာရှိပြီး ၂၀၁၈ ခုနှစ်အတွင်း၌ ယင်းဒေသတွင် သစ်တောပြုန်းတီးမည့်ပမာဏမှာ ၄၉၄၆ စတုရန်းကီလိုမီတာရှိခဲ့ရာ ၂၀၁၉ ခုနှစ်တွင် သစ်တောပြုန်းတီးမှုပမာဏ ၈၅ ရာခိုင်နှုန်း တိုးမြင့်ခဲ့ပြီး ယင်းမှာ ငါးနှစ်တာကာလအတွင်း အကြီးမားဆုံးပမာဏဖြစ်သည်။

**ကိုးကား-အေအက်ဖ်ပီ၊ ဘာသာပြန်-ဇော်ဝင်း**

# နန်ဂါဟာပြည်နယ်ရှိ စစ်အခြေစိုက်စခန်း၌ ပစ်ခတ်မှုဖြစ် အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံး

**ကဘူး ဖေဖော်ဝါရီ ၉**
အာဖဂန်နစ္စတန်တပ်ဖွဲ့ဝင်တစ်ဦး၏ စက်သေနတ်ဖြင့် ပစ်ခတ်ခဲ့မှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးပြီး အခြားခြောက်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း အမေရိကန်စစ်ဘက်က ဖေဖော်ဝါရီ ၉ ရက်တွင် အတည်ပြုပြောကြားသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ၁၈ နှစ်ကြာမြင့်ပြီဖြစ်သော အာဖဂန်ပြည်တွင်းစစ်အား အဆုံးသတ်ပြီး အမေရိကန်သမိုင်းတွင် လက်နက်ကိုင်ပဋိပက္ခတစ်ခုအတွင်း တပ်ဖွဲ့ဝင်များပါဝင်နေမှုကိုရပ်ဆိုင်းကာ အမိနိုင်ငံသို့ ပြန်လည်ခေါ်ယူလိုသည့် ဆန္ဒပြင်းပြနေသည့်အချိန်၌ အမေရိကန်တပ်ဖွဲ့ဝင်များ သေဆုံးမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ယင်းပစ်ခတ်မှုသည် အာဖဂန်နစ္စတန်နိုင်ငံ အရှေ့ပိုင်း နန်ဂါဟာပြည်နယ်မှ ရှာဇက်ခရိုင်အတွင်းရှိ စစ်အခြေစိုက်စခန်းတစ်ခု၌ ဖေဖော်ဝါရီ ၈ ရက်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

အာဖဂန်တပ်ဖွဲ့ဝတ်စုံဝတ်ဆင်ထားသူတစ်ဦးက အမေရိကန်နှင့် အာဖဂန်တပ်ဖွဲ့ဝင်များ ပူးပေါင်းထားသည့် တပ်ဖွဲ့အား စက်သေနတ်ဖြင့် ပစ်ခတ်ခဲ့ခြင်းဖြစ်သည်ဟု လတ်တလောရရှိထားသည့်သတင်းများက ညွှန်ပြနေကြောင်း အာဖဂန်အခြေစိုက် အမေရိကန်တပ်ဖွဲ့၏ ပြောရေးဆိုခွင့်ရှိသူ ဆန်နီလက်ချ်ဂတ်က ဖေဖော်ဝါရီ ၉ ရက် ထုတ်ပြန်သည့်ကြေညာချက်၌ ဖော်ပြသည်။

**ကိုးကား- အေအက်ဖ်ပီ၊ ဘာသာပြန်-ဇော်ဝင်း**

# အီရတ်နှင့် ဆီးရီးယားမှ အမေရိကန်တပ်ဖွဲ့ဝင်များ ထွက်ခွာပေးရန် အီရန်တောင်းဆို

**တီဟီရန် ဖေဖော်ဝါရီ ၉**
အီရတ်နိုင်ငံနှင့် ဆီးရီးယားနိုင်ငံတို့မှ အမေရိကန်တပ်ဖွဲ့ဝင်များ ထွက်ခွာပေးသင့်ကြောင်း အီရန်နိုင်ငံထိပ်တန်းခေါင်းဆောင်၏ ထိပ်တန်းအကြံပေးဖြစ်သူက ပြောကြားခဲ့သည်ကို တီဟီရန်တိုင်း(မ်)နေ့စဉ်က ဖေဖော်ဝါရီ ၉ ရက်တွင် သတင်းဖော်ပြခဲ့သည်။



ဆီးရီးယားရှိ လှုပ်ရှားဆောင်ရွက်နေသော အမေရိကန်တပ်ဖွဲ့ဝင်များ။

အီရတ်နှင့် ဆီးရီးယားတို့တွင် အမေရိကန်တပ်ဖွဲ့ဝင်များ တည်ရှိနေမှုကို အဆုံးသတ်ရန် အချိန်ရောက်ပြီဖြစ်ကြောင်း အီရန်စစ်ဘက်ဆိုင်ရာထိပ်တန်းတပ်မှူးဗိုလ်ချုပ်ကြီး ကာဆမ်ဆိုလန်းမန်းနီ လုပ်ကြံခံရမှု အောက်မေ့ဖွယ်အခမ်းအနား၌ ပြောကြားချက်များကိုကိုးကားလျက် အီရန်ခေါင်းဆောင်၏ ထိပ်တန်းအကြံပေး ပုဂ္ဂိုလ် အလီအက်ခ်ဘာဗီလာယက်တီက ပြောကြားခဲ့သည်။

အီရတ်နိုင်ငံနှင့် ဆီးရီးယားနိုင်ငံတို့မှ အမေရိကန်တပ်ဖွဲ့ဝင်များ မကြာမီဖယ်ရှားပေးရလိမ့်မည်ဖြစ်ကြောင်းလည်း အလီအက်ခ်ဘာဗီလာယက်တီက ပြောကြားခဲ့သည်။

အမေရိကန်တာဝန်ရှိသူများအနေဖြင့် အီရန်ဗိုလ်ချုပ်ကြီး ကာဆမ်ဆိုလန်းမန်းနီအား လုပ်ကြံလိုက်ခြင်းဖြင့် ယင်းဒေသအတွင်း အတားအဆီးတစ်ခုကို ကျော်လွှားနိုင်ခဲ့သည်ဟု ယူဆထားကြကြောင်း အီရန်တာဝန်ရှိသူများက မှတ်ချက်ပြုထားသည်။

အစ္စလာမ့်စစ်တော်လှန်ရေးအစောင့်တပ်ဖွဲ့၏ တပ်မှူးဟောင်း ဗိုလ်ချုပ်ကြီး ကာဆမ်ဆိုလန်းမန်းနီသည် ပြီးခဲ့သည့်လက ဘဂ္ဂဒက်အပြည်ပြည်ဆိုင်ရာလေဆိပ်အနီးတွင် အမေရိကန်၏ လေကြောင်းတိုက်ခိုက်မှုတစ်ခုအတွင်း သေဆုံးခဲ့သည်။ **ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**

# အပြည်ပြည်ဆိုင်ရာအဏုမြူစွမ်းအင် အေဂျင်စီ၏ အထွေထွေအတွင်းရေးမှူးချုပ် ဂျပန်နိုင်ငံသို့ သွားရောက်မည်



**တိုကျို ဖေဖော်ဝါရီ ၉**

အပြည်ပြည်ဆိုင်ရာအဏုမြူစွမ်းအင် အေဂျင်စီ၏ အထွေထွေအတွင်းရေးမှူးချုပ် ရာဖယ်ဂရော့ဆီသည် ဂျပန်နိုင်ငံသို့ ဖေဖော်ဝါရီ ၂၄ ရက် တွင် သွားရောက်မည်ဖြစ်သည်။ ယခုခရီးစဉ်သည် ၎င်းအတွက် ပထမဆုံး ခရီးစဉ်ဖြစ်သည်။

အဆိုပါခရီးစဉ်အတွင်း ရာဖယ်ဂရော့ဆီသည် မြောက်ကိုရီးယားနှင့် အီရန်တို့၏ နျူကလီးယားအစီအစဉ်များနှင့်ပတ်သက်ပြီး ဂျပန်တာဝန်ရှိသူများနှင့် ဆွေးနွေးသွားမည်ဖြစ်သည်။ လက်ရှိအခြေအနေတွင် ပြုံယမ်းနှင့် ဝါရှင်တန်အကြား ဆွေးနွေးပွဲများမှာလည်း ရှေ့မတိုးသာ နောက်မဆုတ်သာ အခြေအနေရောက်ရှိနေသည်။ အီရန်အနေဖြင့် ယခုအချိန်တွင် နိုင်ငံတကာကို အန်တုပြီး နျူကလီးယားဆိုင်ရာ ဆောင်ရွက်ချက်များကို လုပ်ဆောင်လျက်ရှိသည်။ ရာဖယ်ဂရော့ဆီအနေဖြင့် ဖူကူရှီးမား နျူကလီးယားစက်ရုံသို့ သွားရောက်ရန် စီစဉ်ထားပြီး စက်ရုံမှစွန့်ထုတ်လိုက်သော စွန့်ပစ်ရေများနှင့်ပတ်သက်၍ ဂျပန်အစိုးရက မည်သို့ဆောင်ရွက်မည်ကို မေးမြန်းသွားရန်ရှိသည်။

ဂရော့ဆီက မိမိလူငယ်ဘဝတွင် သွားရောက်ခဲ့သော အဏုမြူဗုံး ဒဏ်ခံရသည့် ဟီရိုရှီးမားနှင့် နာဂါဆာကီမြို့များသည် နျူကလီးယားကင်းစင်ရေးဆောင်ရွက်ရန် ၎င်းအား တွန်းအားပေးနေကြောင်း ပြောကြားခဲ့သည်။ အပြည်ပြည်ဆိုင်ရာအဏုမြူစွမ်းအင်အေဂျင်စီအဖွဲ့ဝင် ဂျပန်နိုင်ငံက နည်းပညာနှင့် ငွေကြေးပိုင်းတွင် အထောက်အကူပြုဆောင်ရွက်ထားသောကြောင့် ဂျပန်နိုင်ငံအပေါ်တွင် မျှော်လင့်ချက်များစွာထားရှိကြောင်း ရာဖယ်ဂရော့ဆီက ပြောကြားသည်။

ကိုးကား-အင်န်အိတ်ချ်ကေ
ဘာသာပြန်-စိုးသူရ



# တရုတ်နိုင်ငံ၌ ကိုရိုနာဗိုင်းရပ်စ်ကြောင့် သေဆုံးသူဦးရေ ၈၀၀ ကျော်ထိ မြင့်တက်

**ပေကျင်း ဖေဖော်ဝါရီ ၉**

ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ကိုရိုနာဗိုင်းရပ်စ် ကူးစက်ပျံ့နှံ့မှုသည် တည်ငြိမ်လာဖွယ်ရှိသည်ဟု ပြောကြားခဲ့သော်လည်း တရုတ်ပြည်မကြီးအတွင်း အဆိုပါ ရောဂါကြောင့် သေဆုံးသူဦးရေမှာ ၈၀၀ ကျော်သွားပြီဖြစ်ကာ ၂၀၀၂-၂၀၀၃ ခုနှစ်က ဖြစ်ပွားခဲ့သည့် ပြင်းထန်သော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ (ဆားစ်) ကူးစက်ရောဂါကြောင့် သေဆုံးသူဦးရေကို ကျော်လွန်သွားပြီဖြစ်ကြောင်း ယနေ့ထုတ်ပြန်သည့် တရားဝင်ကိန်းဂဏန်းများအရ သိရသည်။

ရောဂါစတင်ဖြစ်ပွားခဲ့သည့် တရုတ်နိုင်ငံ ဟူပေပြည်နယ်၌ ကိုရိုနာဗိုင်းရပ်စ်ကြောင့် အပြင်းအထန်ဖျားနာနေသည့် လူနာ ၈၉ ဦးကျော်ရှိခြင်းနှင့်အတူ အဆိုပါ ရောဂါကြောင့် သေဆုံးသူဦးရေမှာ ၂၀၀၂-၂၀၀၃ ခုနှစ်က ဖြစ်ပွားခဲ့သည့် ဆားစ်ကူးစက်ရောဂါကြောင့် သေဆုံးသူ ဦးရေ ၇၇၄ ဦးထက် ပိုမိုများပြားလာပြီဖြစ်ကြောင်း တရားဝင်ကိန်းဂဏန်းများအရ သိရသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ဟူပေပြည်နယ်အတွင်း ကိုရိုနာဗိုင်းရပ်စ် ကူးစက်ပျံ့နှံ့မှုမှာ တည်ငြိမ်လာသော်လည်း ရောဂါကူးစက်ပျံ့နှံ့မှုမှာ မြင့်တက်လာဖွယ်ရှိသည်ဟု ပြီးခဲ့သည့်လေးရက်က ပြောကြားခဲ့ပြီးနောက် အဆိုပါ ရောဂါကြောင့် သေဆုံးမှုနှင့် ရောဂါကူးစက်ပျံ့နှံ့မှုဆိုင်ရာ နောက်ဆုံးကိန်းဂဏန်းများ ထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။

ယခုအခါ ကိုရိုနာဗိုင်းရပ်စ်ကြောင့် တရုတ်နိုင်ငံအတွင်း လူ ၃၇၂၀၀ နီးပါး ရောဂါကူးစက်ခံခဲ့ရကြောင်း သိရသည်။ ဝူဟန်မြို့တွင် ပို့ဆောင်ဆက်သွယ်ရေးဆိုင်ရာ ကန့်သတ်မှုများပြုလုပ်ထားပြီး အပြင်မထွက်ဘဲ နေအိမ်ထဲ၌နေထိုင်ကြရန် ညွှန်ကြားထားသောကြောင့် ဒေသခံပြည်သူများသည် နေ့စဉ် စားဝတ်နေရေးအတွက် ရုန်းကန်လှုပ်ရှားနေရကြောင်း သိရသည်။

ရောဂါဖြစ်ပွားမှု တည်ငြိမ်ကာလသည် ရောဂါထိန်းချုပ်မှု၏ အတိုင်းအတာကို ထင်ဟပ်စေလိမ့်မည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ကျန်းမာရေးအရေးပေါ်အစီအစဉ် အကြီးအကဲ မိုက်ကယ်လ်ရီယန်က ပြောကြားသည်။

ကိုရိုနာဗိုင်းရပ်စ်ကြောင့် သေဆုံးသူဦးရေ တဖြည်းဖြည်း မြင့်တက်လာစဉ် ရောဂါကူးစက်ပျံ့နှံ့မှုမှာ ဖေဖော်ဝါရီ ၅ ရက်က ကျဆင်းလာခဲ့ကြောင်း သိရသည်။

ကိုးကား-အေအက်ဖ်ပီ
ဘာသာပြန်-ဂျော်တီ

# ဆီးရီးယားနိုင်ငံအတွင်း တင်းမာမှုအရှိန်မြင့်မားလာမှု တူရကီနှင့် ရုရှားကိုယ်စားလှယ်တို့ ဆွေးနွေး

**အန်ကာရာ ဖေဖော်ဝါရီ ၉**

တူရကီအစိုးရနှင့် တူရကီသို့ရောက်ရှိနေသော ရုရှားကိုယ်စားလှယ်တစ်ဦးတို့သည် ဆီးရီးယားနိုင်ငံ အီဒလစ်ပြည်နယ်အတွင်း တစ်နေ့တခြား အရှိန်မြင့်မားလာသော တင်းမာမှုများနှင့်ပတ်သက်၍ ယမန်နေ့ ညနေပိုင်းက တူရကီနိုင်ငံ အန်ကာရာမြို့တွင် တွေ့ဆုံဆွေးနွေးပွဲတစ်ရပ် ပြုလုပ်ခဲ့ကြောင်း သိရသည်။

တူရကီနှင့် ရုရှားကိုယ်စားလှယ်တို့သည် တွေ့ဆုံဆွေးနွေးစဉ် ဆီးရီးယားနိုင်ငံ အီဒလစ်ပြည်နယ်အတွင်းရှိ လတ်တလောအခြေအနေနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြသလို အီဒလစ်ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းမှုရရှိရေးနှင့် နိုင်ငံရေးအခြေအနေ ပုံမှန်အနေအထားသို့ ပြန်လည်ရောက်ရှိရေးဆိုင်ရာ ကိစ္စရပ်များကို အဓိကထားဆွေးနွေးခဲ့ကြသည်ဟု တူရကီနိုင်ငံခြားရေးဝန်ကြီးဌာနက ယနေ့ထုတ်ပြန်သည့် ကြေညာချက်တစ်ရပ်တွင် ဖော်ပြထားသည်။

နှစ်နိုင်ငံမှ ကိုယ်စားလှယ်များသည် ဒုတိယအကြိမ်မြောက် အစည်းအဝေးတစ်ရပ်ကို သုံးနာရီအကြာ ပြုလုပ်ခဲ့ကြပြီး နှစ်ဖက်အကြား ညှိနှိုင်းဆွေးနွေးမှုများကိုလည်း လာမည့်သီတင်းပတ်အတွင်း ဆက်လက်ပြုလုပ်သွားရန် စီစဉ်ထားကြောင်း သိရသည်။

ရုရှားကိုယ်စားလှယ်သည် ဆီးရီးယားနိုင်ငံ အီဒလစ်ပြည်နယ်အတွင်း တင်းမာမှုများ အရှိန်မြင့်မားနေစဉ် တူရကီနိုင်ငံသို့ သွားရောက်လည်ပတ်ခဲ့ပြီး တူရကီကိုယ်စားလှယ်များနှင့် တွေ့ဆုံဆွေးနွေးခဲ့ခြင်းဖြစ်သည်။

မကြာသေးမီက ရုရှားအစိုးရအား ကျောထောက်နောက်ခံပြုသည့် ဆီးရီးယားအစိုးရတပ်ဖွဲ့၏ တိုက်ခိုက်မှုကြောင့် ဆီးရီးယားနိုင်ငံ အီဒလစ်ပြည်နယ်တွင် တူရကီတပ်ဖွဲ့ဝင် ရှစ်ဦးသေဆုံးပြီး ၁၃ ဦး ဒဏ်ရာရရှိခဲ့သည်။

ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-ဂျော်တီ

# ထိုင်းနိုင်ငံ၌ လူ ၃၀ အား သတ်ခဲ့သော သေနတ်သမားကို အသေဖမ်းဆီး

**ဘန်ကောက် ဖေဖော်ဝါရီ ၉**

ဈေးဝယ်စင်တာတစ်ခုအတွင်း လူပေါင်း ၃၀ ထက်မနည်း သတ်ဖြတ်ခဲ့သည့် ထိုင်းစစ်သည်တစ်ဦးမှာ ကြွေးမြီကိစ္စ အငြင်းပွားမှုတစ်ရပ်ကြောင့် ထိုသို့လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း ထိုင်းဝန်ကြီးချုပ်ပရာယုဒ်ချန်အိုချာက ယနေ့ ပြောကြားလိုက်သည်။

တစ်ညလုံး အပြန်အလှန်ပစ်ခတ်မှုများဖြစ်ပွားကာ ပိတ်မိနေသော ဈေးဝယ်သူများကို ကယ်ထုတ်ပြီးနောက် အထူးတပ်ဖွဲ့ဝင်များက ခိုရတ်(ခေါ်) နာခွန်ရတ်ချာစီမာရှိ ကုန်တိုက်အတွင်း ပုန်းအောင်းနေသည့် အဆိုပါ သေနတ်သမားကို အသေပစ်သတ်ခဲ့သည်။

အသက် ၁၃ နှစ်အရွယ်ယောကျာ်းလေးတစ်ယောက်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ အပါအဝင် လူပေါင်း ၃၀ ကို အဆိုပါသေနတ်သမားက သတ်ဖြတ်ခဲ့ကြောင်း ထိုင်းဝန်ကြီးချုပ် ပရာယုဒ်ချန်အိုချာက ပြောသည်။

"ဒါဟာ ထိုင်းနိုင်ငံမှာ မကြုံစဖူးဖြစ်ရပ်ဆိုး ဖြစ်ပြီး ဒီဖြစ်ရပ်ဟာ နောက်ဆုံးအကြိမ် ဖြစ်စေချင်ပါတယ်" ဟု ပစ်ခတ်မှုအတွင်း ဒဏ်ရာရရှိသူများကို ကုသပေးနေသည့် ဆေးရုံ၏ ပြင်ပ၌ ၎င်းက ပြောကြားသည်။

ကြည်းတပ်စခန်းတစ်ခုအနီး ယမန်နေ့ မွန်းလွဲပိုင်းက စတင်ခဲ့သည့် အဆိုပါပစ်ခတ်မှုမှာ ပုဂ္ဂိုလ်ရေးဆိုင်ရာပြဿနာကြောင့်ဖြစ်ကြောင်း ဝန်ကြီးချုပ် ပရာယုဒ်က ဆိုသည်။

ယင်းတိုက်ခိုက်မှုပြုလုပ်သူသည် ထိုင်းနိုင်ငံ၏ အကြီးမားဆုံး စစ်စခန်းတစ်ခုမှ အမ်-၆၀ စက်သေနတ်တစ်လက်၊ ရိုင်ဖယ်များနှင့် ခဲယမ်းမီးကျောက်များအပြင် စစ်ဘက်ယာဉ်တစ်စီးကို အသုံးပြုခဲ့သည်။

သေဆုံးသူအများစုမှာ ဈေးဝယ်စင်တာဝန်းကျင်၌ သေဆုံးခဲ့ခြင်းဖြစ်သည်။

ကိုးကား-အေအက်ဖ်ပီ
ဘာသာပြန် - ကျော်ထိုက်စိုး



# မြို့နယ်အချို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၉**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၈ ရက်က လောက်ကိုင်မြို့နယ် ရန်လုံကျိုင်းကျေးရွာအဝင်ရှိ ညောင်ပင်အနီး လောက်ကိုင်-ရန်လုံကျိုင်းသွားလမ်းတွင် လမ်းလျှောက်လာသူ တရုတ်နိုင်ငံသား လော်ယီရှီးအား ရှာဖွေရာ စိတ်ကြွဆေးပြား ၂၄၀၀၀ ကို သိမ်းဆည်းရမိခဲ့သည်။

**သိန္နီ၊ မဘိမ်း**

အလားတူ ယင်းနေ့ မွန်းလွဲပိုင်းက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သိန္နီမြို့နယ် အိုရီယမ်တယ်တိုးဂိတ်အနီး မူဆယ်-မန္တလေးသွားကားလမ်းတွင် ရောက်ကျိန်ရှုံး(ခ)တာတီး မောင်းနှင်ပြီး ကျောက်ဖီရှင်နှင့် လောက်ဟွာတို့လိုက်ပါလာသည့် ယာဉ်ကိုရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွဆေးပြား ၂၂၀၀၀၊ လက်ကိုင်ဖုန်းနှစ်လုံးတို့ကိုလည်းကောင်း။

ထို့အတူ ယင်းနေ့ ညနေ ၆ နာရီခွဲက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မဘိမ်းမြို့နယ် ဘဟဲကျေးရွာအုပ်စု ပွေးတူးကျေးရွာရှိ မြစ်ဆုံကူးတို့ဆိပ်အနီး မဘိမ်း-မိုးမိတ်သွားကားလမ်းတွင် လပါ မောင်းနှင်ပြီး ဇော်ယော် လိုက်ပါလာသည့်ယာဉ်ကို ရပ်တန့်ရှာဖွေရာ ငွေကျပ်သိန်း ၂၀၈၀ တန်ဖိုးရှိ စိတ်ကြွဆေးပြား ၁၀၄၀၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံး တို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။



လပါ၊ ဇော်ယော်တို့အားဖမ်းဆီးရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

**ရဲပြန်ကြား ပျဉ်းမနားမြို့**

နေပြည်တော် ပျဉ်းမနားမြို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ပျဉ်းမနားမြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ် သက်နိုင်ဦး၊ နယ်ထိန်းရဲတပ်ကြပ်ကြီး ကျော်ကျော်လတ်၊ ဒုတပ်ကြပ် ဝင်းသိန်းဦး၊ ရဲတပ်ဖွဲ့ဝင်များနှင့် တာဝန်ရှိသူများသည် ဖေဖော်ဝါရီ ၈ ရက် မွန်းလွဲ ၁ နာရီခွဲက မူးယစ်ဆေးဝါးရောင်းချနေကြောင်း သတင်းအရ တောင်သာအုပ်စု မြို့ဦးရပ်ကွက် အိမ်အမှတ် (၁၅၄)ခြံဝင်းအတွင်း အိမ်ငှားနေသော ကိုလတ် (ခ) ကိုကျော်ကြီး၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ ကျော်ကြီးအား တွေ့ရှိရပြီး စိတ်ကြွဆေးပြား ၂၅၀၊ ပလတ်စတစ်အိတ်ငယ်များဖြင့် ပတ်ထားသော စိတ်ကြွဆေးပြား ကိုးပြားပါတစ်ထုပ်၊ ငွေစက္ကူရောရာ ၆၀၄၀၀ နှင့် ဆင်းကတ်ပါ ဖုန်းတစ်လုံးတို့ကို တွေ့ရှိ၍ သိမ်းဆည်းခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ကိုလတ် (ခ) ကျော်ကြီးအား ပျဉ်းမနားမြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုကိုရှုပ(နေပြည်တော်)**



ဖေဖော်ဝါရီ ၅ ရက် ညနေပိုင်းက ရွှေပြည်သာမြို့နယ် စက်မှုဇုန်အမှတ်(၂) ဒေါ်ဖွားရှင်လမ်းရှိ Solamoda Myanmar Sunview Garments Co., Ltd. အထည်ချုပ်စက်ရုံ၌ ရွှေပြည်သာမြို့မစခန်းမှူး ဒုရဲမှူး တင်မောင်လွင် ဦးဆောင်၍ ဒုရဲအုပ်သက်ကိုကို၊ ဒုရဲအုပ် ငြိမ်းချမ်းဇော်၊ ဒုရဲအုပ်မြင့်ထွေးတို့က မှုခင်းနှင့်စပ်လျဉ်းသည့် အကြောင်းအရာများ၊ သက်ငယ်မုဒိမ်းမှုမဖြစ်ပွားစေရေး၊ အလုပ်သွားအလုပ်ပြန် လုယက်မှုများမဖြစ်ပွားစေရေး၊ မူးယစ်ဆေးဝါးဆိုးကျိုးများအကြောင်းတို့ကို အသိပညာပေးဟောပြောစဉ်။

နေမျိုးထွန်း(ရွှေပြည်သာ)

# မဟာအောင်မြေမြို့နယ်တွင် မီးလောင်မှုဖြစ်ပွား

**မန္တလေး ဖေဖော်ဝါရီ ၉**

မန္တလေးမြို့ မဟာအောင်မြေမြို့နယ် ၈၉ လမ်းနှင့် လမ်း ၉၀၊ ၄၄ လမ်းနှင့် ၄၅ လမ်းကြား သပြေညွန့်ရပ်ကွက်၌ ဖေဖော်ဝါရီ ၉ ရက် မွန်းလွဲ ၁ နာရီ ၄၃ မိနစ်က ဘုရားစင်ရှိ လျှပ်စစ်ဝိုင်ယာကြိုးများ အပူလွန်ကဲရာမှ မီးစတင် လောင်ကျွမ်းခဲ့ကြောင်း သိရသည်။

မီးလောင်မှုမှာ Level – 2 အဆင့်ရှိပြီး မီးသတ်ယာဉ် ၂၅ စီး၊ အုပ်ချုပ်မှုယာဉ်သုံးစီး၊ ရေသည်ယာဉ် ငါးစီး၊ သန္ဓေမီးသတ် ၅၀၊ အရန်မီးသတ် ၁၀၀ ဖြင့် ငြိမ်းသတ်ခဲ့ရာ နေအိမ်သုံးလုံးနှင့် စူပါကပ်ဆိုင်ကယ်တစ်စီး မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရသည်။

တင်ဇာလှိုင် (ပြန်/ဆက်)

# တပ်ကုန်းမြို့နယ်၌ ယာဉ်တိုက်မှုဖြစ်၊ တစ်ဦးသေဆုံး

**နေပြည်တော် ဖေဖော်ဝါရီ ၉**

နေပြည်တော် တပ်ကုန်းမြို့နယ် ကြို့ပင်သာပူးပေါင်းစစ်ဆေးရေးဂိတ်တောင်ဘက်တွင် ဖေဖော်ဝါရီ ၈ ရက် ည ၁၂ နာရီခန့်တွင် ဆိုင်ကယ်က ရပ်ထားသော ယာဉ်ကို တိုက်မိသဖြင့် တစ်ဦးသေဆုံးကြောင်း သိရသည်။

ဖြစ်စဉ်မှာ တပ်ကုန်းမြို့တွင်းမှ ညောင်လွန့်ကျေးရွာသို့ပြန်လာသော ညောင်လွန့်အနောက်ရွာနေ ဇင်မျိုးသိန်း မောင်းနှင်လာသည့် ဆိုင်ကယ်သည် ကားဘီးပေါက်၍ ရပ်တန့်ပြုပြင်နေသော ၁၂ ဘီးယာဉ်နောက်ပိုင်းကို ဝင်တိုက်မိသဖြင့် ဇင်မျိုးသိန်းသည် ဒဏ်ရာများဖြင့် အခင်းဖြစ်ပွားရာနေရာတွင် သေဆုံးခဲ့ပြီး ဆိုင်ကယ်မှာ တစ်ဖက်ယာဉ်ကြောအတွင်း ရောက်ရှိသွားကာ မျက်နှာချင်းဆိုင်မှ လင်းလင်းကို (မန္တလေး) မောင်းနှင်လာသော (၂၂)ဘီးယာဉ်နှင့် တိုက်မိခဲ့သည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ တပ်ကုန်းမြို့မရဲစခန်းက စစ်ဆေးအရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **တင်ထွန်းတာ(တပ်ကုန်း)**

# သထုံမြို့၌ ရထားနှင့် ထော်လာဂျီတိုက်မိ

**သထုံ ဖေဖော်ဝါရီ ၉**

သထုံမြို့ သိမ်ကုန်းရပ်ကွက် ရန်ကုန်-မော်လမြိုင်ရထားလမ်း မိုင်တိုင် (၁၃၉/၁၄)နှင့် (၁၃၉/၁၅)အကြားတွင် ဖေဖော်ဝါရီ ၉ ရက် နံနက် ၁၀ နာရီခန့်က ကော့သန်ကျေးရွာမှ ရန်ကုန်-မော်လမြိုင်ကားလမ်းသို့ ဆက်သွယ်ထားသော လမ်းတွင် မိုးဇော်သူမောင်းနှင်လာသော ထော်လာဂျီယာဉ်က ရထားလမ်းပေါ်သို့ ဖြတ်မောင်းစဉ် မော်လမြိုင်မှ ရန်ကုန်သို့ စက်ခေါင်းမောင်း ဦးစိုးမင်း မောင်းနှင်သည့် မော်လမြိုင်-ရန်ကုန် အစုန်(၉၀)ရထားအား ဝင်တိုက်မိခြင်းကြောင့် ထော်လာဂျီယာဉ်မောင်း မိုးဇော်သူနှင့် ယာဉ်ပေါ်ပါ မောင်ရင်ထွန်းတို့တွင် ထိခိုက်ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

**လှိုင်ထွန်းအောင်(သထုံ)**

# တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၉**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဖေဖော်ဝါရီ ၈ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၃၇၉ စီး၊ သွင်းကုန် ၁၁၇၅ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်သွင်းကုန် အစီး ၁၈၀ ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၈ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက ဖမ်းဆီးမှုလေးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀ ဒသမ ၁၄၁ သန်း)၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက ဖမ်းဆီးမှု နှစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅ သန်း) စုစုပေါင်း ဖမ်းဆီးမှု ခြောက်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၅ ဒသမ ၁၄၁ သန်း) သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဖေဖော်ဝါရီ ၈ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်စဉ် Nissan AD Van နှင့် Toyota Mark II ယာဉ်နှစ်စီးတို့ပေါ်တွင် တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် ပိတောက်ခွဲသား ၇၇ ချောင်း (သုည ဒသမ ၈၅၅၀) တန်၊ တမလန်း (ခားရွေ) ကိုးတုံး (သုည ဒသမ ၂၂၅၄)တန်၊ ပိတောက်ခားရွေအတုံး ၂၀ (သုည ဒသမ ၃၀၀) တန်နှင့် ပစ္စည်းသယ်ဆောင်သည့် ယာဉ်နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀ ဒသမ ၁၄၁ သန်း)အား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# မဟာမုနိဘုရားကြီးနှင့် ရိုးရာထမနဲပွဲ

ဆူးငှက်



မဟာမုနိရုပ်ရှင်တော်မြတ်ဟု ဘွဲ့တော်ချီသော မဟာမုနိဘုရားကြီးသည် မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် ကျွန်းလုံးဥသျှောင်ရပ်ကွက် အကွက် အမှတ် ၅၀၈ တွင် တည်ရှိသည်။

**ဗိသုကာပိုင်းဆိုင်ရာ ထူးခြားမှု**

မဟာမုနိဘုရားကြီးကို ဗုဒ္ဓဘာသာဝင်အများစုက ယုံကြည်လက်ခံထားသည်မှာ ဂေါတမဘုရားရှင် လက်ထက်အခါကာလ ဓညဝတီပြည့်ရှင် စန္ဒသူရိယမင်း၏ လျှောက်ထားတောင်းပန်ချက်ဖြင့် ကိုယ်ပွားဆင်းတုတော်ကို သွန်းလောင်းစေကာ ဘုရားရှင်ကိုယ်တော်တိုင် ရင်ငွေ့တော် ထည့်သွင်းပေးတော်မူခဲ့သဖြင့် "ရုပ်ရှင်တော်မြတ်"အဖြစ် အစဉ်အဆက် ယုံကြည်ကိုးကွယ်ခဲ့ကြခြင်း ဖြစ်သည်။

လက်ရှိ တည်ထားကိုးကွယ်သည့်နေရာတွင်လည်း ဘိုးတော်ဘုရားလက်ထက်ကတည်းက ဆောက်လုပ်လှူဒါန်းခဲ့သည့် မူလ အုတ်ပြာသာဒ်ဂန္ဓကုဋိတိုက်တော်မှာ မပျက်မယွင်းတည်ရှိနေခြင်းနှင့် အဆိုပါ အုတ်ပြာသာဒ်ကို ငုံ၍ ယခုမြင်တွေ့နေရသော ဘုံခုနစ်ဆင့် ပြာသာဒ်တော်ကြီး ပါဝင်သော ဂန္ဓကုဋိ အုတ်ကျောင်းတော်ကြီးကို အပေါ်မှငုံ၍ တည်ထားသည့် ဗိသုကာပိုင်းဆိုင်ရာ ထူးခြားမှုကိုလည်း ဖူးမြင်နိုင်သည်။

**ရတနာပုံခေတ် နံရံဆေးရေးပန်းချီ**

ထို့ပြင် ယခုနေရာသို့ တည်ထားရောက်ရှိသည်မှအစ ယခုထက်တိုင် ရုပ်ရှင်တော်မြတ်ကြီးကို သဒ္ဓါတရား ထက်သန်စွာဖြင့် ရွှေစင်ရွှေဆိုင်းများ ကပ်လှူပူဇော်ခဲ့ကြရာ၌ ကိုယ်လုံးတော်မြတ်၌ ရွှေသား ထုထည်များပြားကြီးမားလာသော်လည်း မျက်နှာတော်မှာ အချိုးအစားကျနပုံစံမပျက် သပ္ပာယ်စွာဖူးမြော်နိုင်သည်။

မဟာမုနိဘုရားကြီးအတွင်း စောင်းတန်းလေးသွယ် အနက် အနောက်ဘက်စောင်းတန်းနှင့် တောင်ဘက်စောင်းတန်း နှစ်သွယ်သာလျှင် ရတနာပုံခေတ်နှင့် ကိုလိုနီခေတ်ဦး နံရံဆေးရေးပန်းချီများ ကျန်ရစ်ခဲ့သည်။ အထူးသဖြင့် ရတနာပုံခေတ် နံရံဆေးရေးပန်းချီအနေဖြင့် မင်းခမ်းမင်းနားဆိုင်ရာ လက်ရာနှင့်၊ ကိုလိုနီခေတ်ဦး ပိုင်းတွင် အင်္ဂလိပ်လူမျိုးတို့၏ ပုံများနှင့်အတူ မီးရထားပုံများပါ ရေးဆွဲထားသည်ကို လေ့လာကြည့်ရှုနိုင်သည်။ ဘုရင့်နေပြည်တော်အဖြစ်မှ တိုင်းတစ်ပါး လက်အောက်ရောက်ချိန် ကိုလိုနီခေတ်ဦးပိုင်းကာလ ပြောင်းလဲလာသော လူနေမှုပုံစံများကို သရုပ်ဖော်သည့် ရှားပါးသော နံရံဆေးရေး ပန်းချီလက်ရာများလည်း ဖြစ်သည်။

**ရှေးဟောင်း ကြေးရုပ်ကြီးများ**

မဟာမုနိဘုရားကြီးတွင် ဘုရားဖူးများ စိတ်ဝင်စားကြသည့် နေရာတစ်ခုမှာ ရှေးဟောင်းကြေးရုပ်ကြီးများ ဖြစ်သည်။ ကြေးရုပ်ကြီးများ၏ မူလနေရာမှာ ကမ္ဘောဒီးယားနိုင်ငံ အန်ကာမြို့ဖြစ်ပြီး ထိုမှတစ်ဆင့် ထိုင်းနိုင်ငံသို့ ရောက်ရှိခဲ့သည်။ ကောဇာသက္ကရာဇ် ၉၂၅ ခု တန်ခူးလပြည့်ကျော် ၂ ရက်နေ့တွင် ထိုင်းကို စစ်အောင်နိုင်၍ ဘုရင့်နောင်ကျော်ထင်နော်ရထာက ဟံသာဝတီ(ပဲခူး)သို့ ဆောင်ယူခဲ့သည်။ ကောဇာသက္ကရာဇ် ၉၆၀ တွင် ဟံသာဝတီပျက်သောအခါ တောင်ငူမင်းနှင့် ရခိုင်မင်းတို့က ခွဲဝေယူဆောင်ကြပြီး ရခိုင်မင်းယူဆောင်သွားသော ကြေးရုပ်များအနက် ကြေးရုပ် ၃၀ ကို အမရပူရသို့ မဟာမုနိရုပ်ပွားတော်နှင့်အတူ ယူဆောင်ခဲ့ခြင်းဖြစ်သည်ဟု သမိုင်းမှတ်တမ်းများအရ သိရှိရသည်။ ထို့ပြင် အောင်ကျော်ဇေယျာ၊ အောင်ကျော်ဒေဝါအမည်ရှိ နတ်ရုပ်နှစ်ရုပ် ထမ်းထားသော ကြေးစည်ကြီးနှင့် ကြေးမောင်းကြီး ပြတိုက်နှင့် နာမည်ကျော် မြန်မာပန်းချီဆရာကြီးများ လက်ရာ မဟာမုနိသမိုင်းပန်းချီပြတိုက်တို့ကလည်း လေ့လာသူ ဘုရားဖူးများနှင့် စည်ကားလျက်ရှိသည်။

**မျက်နှာတော်သစ် ရေတော်ဝတ်**

မဟာမုနိဘုရားကြီး၏ ထူးခြားသော ကြည်ညိုဖွယ် တစ်ခုမှာ မျက်နှာတော်သစ်ရေတော်ဝတ်ပူဇော်ခြင်း ဖြစ်သည်။ မဟာမုနိရုပ်ရှင်တော်မြတ်ကြီးကို နံနက် အရုဏ်တက်ချိန်တွင် ဂန္ဓကုဋိတိုက် တံခါးတော်ဖွင့်လှစ်၍ ဥပါသကာ ဝတ်ပြုသူများခြံရံကာ မျက်နှာတော်သစ်၊ တံပူကပ်၊ ယပ်တော်သွင်းခြင်းစသော ဗုဒ္ဓကိစ္စအမှုကြီးငယ်တို့ကို သံဃသမုတိရ ရေတော်ဆရာတော်ဦးဆောင်၍ နေ့စဉ် ဝတ်မပျက်ဆောင်ရွက်တော်မူသည်။

မဟာမုနိရုပ်ရှင်တော်မြတ်၏ နံနက်အရုဏ်တက် မျက်နှာသစ်တော်အချိန်နှင့် ညနေဆည်းဆာ ဂန္ဓကုဋိတိုက် တံခါးပိတ်ချိန်များတွင် မြန်မာမှု နရည်းဗုံထောင်အဖွဲ့က သာယာနာပျော်ဖွယ် နရည်းဗုံထောင်တီးလုံးများကို တီးမှုတ်ပူဇော်ခြင်းကလည်း ထူးခြားမှုဖြစ်သည်။

**ဗုဒ္ဓပူဇနိယပွဲတော်နှင့် ထမနဲဆွမ်းကပ်ခြင်း**

မဟာမုနိဘုရားကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်ကို နှစ်စဉ် တပို့တွဲလတွင် ကျင်းပသည်။ အမရပူရ နေပြည်တော်သို့ ရုပ်ရှင်တော်မြတ်ကြီး စတင်သီတင်းသုံးစဉ်ကတည်းက တောင်ပေါ်ဒေသမှ ဘာသာရေးကိုင်းရှိုင်းသော တိုင်းရင်းသားများက ကောက်ဦးကောက်သစ်ပေါ်သော တပို့တွဲလ ခြေခင်းလက်ခင်းသာချိန် ဗုဒ္ဓပူဇနိယပွဲတော်တွင် ဦးဦးဖျားဖျား ထမနဲဆွမ်းကပ်လှူကြသည်။ ထိုအစဉ်အလာကို ဆက်လက် ထိန်းသိမ်းခဲ့ရာ ယခုထိ တပို့တွဲလပွဲတော်တွင် တိုင်းရင်းသားများပါ လာရောက်၍ ထမနဲဆွမ်းကပ်ခြင်းနှင့်အတူ ယခုနှစ်တွင် ထမနဲထိုးပြိုင်ပွဲများအထိ ကျင်းပပြုလုပ်လာကြသည်။

တပို့တွဲလသည် ဆောင်းနှောင်းရာသီတွင် အအေးဓာတ်လွန်ကဲမှု အစဉ်အလာရှိပြီး ထိုရာသီတွင် မြတ်စွာဘုရားရှင်ပင် ခြေတော်လက်တော်တို့ မီးကင် အနွေးဓာတ်ရစေသည်ဟု ဆိုကြ၏။

ထို့ကြောင့် မဟာမုနိရုပ်ရှင်တော်မြတ်ကြီးကို တပို့တွဲလ ဗုဒ္ဓပူဇနိယပွဲနှင့် ထမနဲဆွမ်းကပ်ခြင်း၊ ပင့်သံဃာတော်များအား စာရေးတံမဲလောင်းလှူခြင်းများနှင့်အတူ လပြည့်နေ့အရုဏ်တက်၌ နံ့သာမီးပုံထင်းများလည်း ဆက်ကပ်ကြသည်။ ရှေးကရုံဇာတ်ကြီးများ ထွန်းကားစဉ်က မဟာမုနိ တပို့တွဲပွဲတွင် ရုံဇာတ်ကြီးများ၊ ဗလာဇာတ်များ၊ ကြည့်ချင်ပွဲအငြိမ့်များ၊ ဗလာဆိုင်းများအပြင်ခြင်းပွဲများ၊ လူငယ်ဘောလုံးပြိုင်ပွဲများ စည်ကားစွာ ကျင်းပခဲ့ကြသည်။ ။

---

# လူငယ်နှင့် အောင်ဆန်းစိတ်ဓာတ် ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း ကျင်းပမည်

**လှိုင်းဘွဲ့ ဖေဖော်ဝါရီ ၉**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်တွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ ဖေဖော်ဝါရီ ၁၃ ရက် တွင် ကျရောက်မည့် ဗိုလ်ချုပ်မွေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် လူငယ်နှင့် အောင်ဆန်းစိတ်ဓာတ် ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း ဆွေးနွေးပွဲကို အထက‌ကျောင်း ပန်းဝတ်မှုံခန်းမ၌ ဖေဖော်ဝါရီ ၁၁ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ပြည်သူ့စကားဝိုင်း ကျင်းပရာတွင် မြို့နယ်သမဝါယမအသင်းစု လီမိတက် ဥက္ကဋ္ဌ ဦးလင်းခိုင်၊ လှိုင်းဘွဲ့မြို့နယ်ရပ်မိရပ်ဖ ဦးသိန်းဇော်၊ မြို့နယ်လူငယ်ကွန်ရက်အဖွဲ့ ဥက္ကဋ္ဌ ဦးစည်သူငွေး၊ Green Youth Group အဖွဲ့ဝင် ဦးရဲဝင်းဟိန်းနှင့် လူငယ်ပရဟိတအဖွဲ့ဝင် ဒေါ်ဖြူစင်အိတို့က ဗိုလ်ချုပ်အောင်ဆန်း၏ ဘဝဖြစ်စဉ်အကြောင်းအရာများ၊ စိတ်နေစိတ်ထားနှင့် ဖြောင့်မတ်တည်ကြည်သည့်စိတ်ဓာတ်ကောင်းများ၊ နိုင်ငံရေးကြိုးပမ်းမှုသမိုင်း၊ စစ်ရေးကြိုးပမ်းမှုသမိုင်း၊ ဗိုလ်ချုပ်၏ အတုယူဖွယ်ကောင်းသည့် ကိုယ်ကျင့်တရားများကို ဆွေးနွေးသွားမည်ဖြစ်ပြီး မည်သူမဆို တက်ရောက်ပါဝင်၍ ဆွေးနွေးနိုင်သော စကားဝိုင်းတစ်ခုဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

---

# မြို့မကျောင်းသား ကျောင်းသူဟောင်းအသင်း၏ မြန်မာ့ရိုးရာ မြို့မထမနဲပွဲ

**ရန်ကုန် ဖေဖော်ဝါရီ ၉**

ရန်ကုန်မြို့ မြို့မကျောင်းသား ကျောင်းသူဟောင်းများ၏ (၂၄) ကြိမ်မြောက် ထမနဲပွဲကို ဖေဖော်ဝါရီ ၈ ရက် နံနက်ပိုင်းမှစတင်၍ ဒဂုံမြို့နယ် ပြည်အရှေ့ရပ်ကွက် စကားဝါလမ်းရှိ မြို့မကျောင်းသား ကျောင်းသူဟောင်းအသင်း၌ ကျင်းပသည်။

" ကျွန်တော်တို့မြို့မကျောင်းသားဟောင်းတွေပြန်ဆုံမယ်၊ ပြီးတော့ မြန်မာ့ရိုးရာထမနဲပွဲကို ရိုးရာမပျက် စုပေါင်းကျင်းပခြင်းလည်းဖြစ်ပါတယ်" ဟု အထွေထွေအတွင်းရေးမှူး ဦးလှမြင့်သိန်းက ပြောကြားသည်။

ယင်းနေ့နံနက်ပိုင်းတွင် မြို့မကျောင်းသား ကျောင်းသူဟောင်းများစုပေါင်းကာ မြန်မာ့ရိုးရာထမနဲကို ဒယ်ပေါင်း ၄၂ ဒယ်ထိုး၍ အလှူဒါနပြုကြသည်။

အဆိုပါမြို့မကျောင်းသားကျောင်းသူဟောင်းအသင်းကို ၁၉၂၅ ခုနှစ်တွင် တည်ထောင်ခဲ့ကြောင်း၊ နှစ်စဉ်နှစ်တိုင်း အမျိုးသားအောင်ပွဲနေ့နှင့်အတူ ရိုးရာထမနဲပွဲကိုလည်း ကျင်းပရခြင်းဖြစ်ကြောင်း သိရသည်။

မြင့်မောင်



# သီပေါတွင် ထမနဲထိုးပြိုင်ပွဲ ကျင်းပ

**သီပေါ ဖေဖော်ဝါရီ ၉**

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့မ မဟာစည်ကျောင်းတိုက် အောင်တော်မူစေတီတော်မြတ် ဗုဒ္ဓပူဇနိယပွဲတော်နှင့် မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲကို တပို့တွဲလပြည့်နေ့ ညနေ ၃ နာရီက အဆိုပါကျောင်းတိုက်၌ ကျင်းပသည်။

ထမနဲထိုးပြိုင်ပွဲအား ဌာနဆိုင်ရာများ၊ မြို့ပေါ် (၁၁) ရပ်ကွက်နှင့် အသင်းအဖွဲ့များအလိုက် တပျော်တပါး ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

ထို့နောက် ပြိုင်ပွဲဝင် အသင်းများအား ဆုများချီးမြှင့်ရာ ပထမ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဒုတိယ ရွှေကျောင်းရပ်ကွက်၊ တတိယ မီးရထားရပ်ကွက်နှင့် အထူးဆု ပန်းတိမ်တောင်ရပ်ကွက် အသင်းများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

စိုင်း(သီပေါ)

# ကူးစက်ရောဂါကာကွယ်နှိမ်နင်းရေး ဥပဒေကြမ်း

ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရေးအတွက် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။

**ယမန်နေ့မှအဆက်**

(ခ) အိမ်ထောင်ဦးစီး သို့မဟုတ် အိမ်ထောင်စုဝင်တစ်ဦးဦး၊ လုပ်ငန်းရှင် သို့မဟုတ် တာဝန်ခံပုဂ္ဂိုလ် တစ်ဦးဦးသည် အောက်ပါကိစ္စရပ်တစ်ခုခုဖြစ်ပွားကြောင်း သိရှိလျှင်သိရှိချင်း အနီးဆုံး အုပ်ချုပ်ရေးအဖွဲ့အစည်းများသို့ဖြစ်စေ၊ အစိုးရကျန်းမာရေးဌာနသို့ဖြစ်စေ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသို့ဖြစ်စေ ချက်ချင်းသတင်းပို့တိုင်ကြားရမည်။

(၁) ကြွက်ကျခြင်း၊

(၂) ကူးစက်မြန်ရောဂါဖြစ်ပွားခြင်း သို့မဟုတ် ဖြစ်ပွားသည်ဟု သံသယရှိခြင်း၊

(၃) သတင်းပို့တိုင်ကြားရမည့် ကူးစက်ရောဂါဖြစ်ပွားခြင်း။

(ဂ) ပုဒ်မခွဲ (က) နှင့် (ခ) တို့ပါ အဖွဲ့အစည်း သုံးရပ်အနက် သတင်းလက်ခံရရှိသည့် အဖွဲ့အစည်း တစ်ရပ်ရပ်သည် သတင်းကို ကျန်အဖွဲ့အစည်း နှစ်ရပ်တို့သို့ ဆက်လက်ပေးပို့ရမည်။

၁၆။ ကျန်းမာရေးဝန်ထမ်းများနှင့် ပုဂ္ဂလိက ကျန်းမာရေးဝန်ထမ်းများသည် သတင်းပို့ တိုင်ကြားရမည့် ကူးစက်ရောဂါဖြစ်ပွားသူ သို့မဟုတ် သံသယလူနာတစ်ဦးဦးကို စမ်းသပ်ခြင်း၊ စစ်ဆေးခြင်း သို့မဟုတ် ဆေးကုသခြင်းပြုရာတွင် ကူးစက်ရောဂါတွေ့ရှိပါက အနီးဆုံးရှိ အစိုးရကျန်းမာရေးဌာန တစ်ခုခုသို့ ဆောလျင်စွာ သတင်းပို့တိုင်ကြားရမည်။

၁၇။ လုပ်ငန်းရှင် သို့မဟုတ် တာဝန်ခံပုဂ္ဂိုလ်သည်

(က) အစားအသောက်မှတစ်ဆင့် ကူးစက်စေနိုင်သော ရောဂါဖြစ်ပွားနေသူ သို့မဟုတ် ယင်းရောဂါပိုးသယ်ဆောင်နေသူတစ်ဦးဦးကို အစားအစာချက်ပြုတ်ခြင်း၊ ထုတ်လုပ်ခြင်း၊ ပြင်ဆင်ခြင်း၊ ထုပ်ပိုးခြင်း၊ သိုလှောင်သိမ်းဆည်းခြင်း၊ ဖြန့်ဖြူးခြင်း၊ သယ်ဆောင်ခြင်း၊ ရောင်းချခြင်းစသည့် လုပ်ငန်းများတွင် သတ်မှတ်ကာလအတွင်း ပါဝင်လုပ်ကိုင်စေခြင်းမပြုရန်၊

(ခ) အစားအသောက်မှတစ်ဆင့် ကူးစက်စေနိုင်သော ရောဂါဖြစ်ပွားနေသူ သို့မဟုတ် ယင်းရောဂါပိုးသယ်ဆောင်နေသူတစ်ဦးဦးကို ဆေးကုသမှုပေးရန်နှင့် ရောဂါကင်းစင်သည်အထိ ပြန်လည်စစ်ဆေးပေးရန် စီစဉ်ဆောင်ရွက်ရမည်။

၁၈။ ကူးစက်ရောဂါရှိသူတစ်ဦးဦးသည် မိမိတွင် ကူးစက်ရောဂါရှိမှန်း သိလျက်နှင့် အခြားသူတစ်ဦးဦးကို ရောဂါကူးစက်စေရန်ဖြစ်စေ၊ လူတစ်ဦးမှ အခြားသူတစ်ဦးဦးကို ရောဂါကူးစက်ဖြစ်ပွားစေရန်ဖြစ်စေ ဆောင်ရွက်ခြင်း မပြုရ။

**အခန်း(၈)**

**အသွားအလာ တားမြစ်ပိတ်ပင်ခြင်း၊ ကန့်သတ်ခြင်း**

၁၉။ ဝန်ကြီးဌာနက လုပ်ပိုင်ခွင့်အပ်နှင်းခြင်းခံရသော အဖွဲ့အစည်း သို့မဟုတ် ကျန်းမာရေးအရာရှိသည် အောက်ပါကိစ္စရပ်များအတွက် လိုအပ်သည့် အချိန်ကာလတစ်ခုအထိ တားမြစ်ပိတ်ပင်သည့် သို့မဟုတ် ကန့်သတ်သည့်အမိန့်ကို သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ညှိနှိုင်း၍ ထုတ်ပြန်နိုင်သည်-

(က) ကူးစက်မြန်ရောဂါဖြစ်ပွားနေသူ သို့မဟုတ် ရောဂါလက္ခဏာမရှိသော်လည်း ကူးစက်မြန်ရောဂါပိုး သယ်ဆောင်ထားသူဟု ယူဆရသူ သို့မဟုတ် ကူးစက်မြန်ရောဂါပိုးရှိသူ တစ်ဦးဦးနှင့် ထိတွေ့ခြင်း၊ အနီးကပ်နေထိုင်ခြင်းပြုခဲ့သူတစ်ဦးဦးအား နေအိမ်၊ ဟိုတယ်၊ မိုတယ်၊ တည်းခိုခန်းနှင့် ဘော်ဒါဆောင်များမှ ထွက်ခွာသွားလာခွင့်၊

(ခ) ကူးစက်မြန်ရောဂါဖြစ်ပွားရာ နေအိမ်၊ ရပ်ကွက်၊ ကျေးရွာ သို့မဟုတ် မြို့နယ်အတွင်းရှိသူများကို သတ်မှတ်နေရာမှအပ ပြင်ပသို့ ထွက်ခွာသွားလာခွင့်၊

(ဂ) ပြင်ပမှလူများအား ကူးစက်မြန်ရောဂါဖြစ်ပွားရာ နေအိမ်၊ အဆောက်အအုံ၊ ရပ်ကွက်၊ ကျေးရွာ သို့မဟုတ် မြို့နယ်အတွင်းသို့ ဝင်ရောက်ခွင့်၊

(ဃ) မီးရထား၊ မော်တော်ယာဉ်၊ လေယာဉ်၊ ရေယာဉ် သို့မဟုတ် အခြားယာဉ် တစ်မျိုးမျိုးဖြင့် ပြည်တွင်းမှဖြစ်စေ ပြည်ပမှ ရောက်ရှိလာသူများအနက်မှဖြစ်စေ ကူးစက်မြန်ရောဂါ ဖြစ်ပွားနေသူ သို့မဟုတ် သံသယလူနာပါရှိလာပါက ယင်းရောဂါဖြစ်ပွားနေသူ သို့မဟုတ် သံသယလူနာအား ကျန်းမာရေးစစ်ဆေးရန်၊ စောင့်ကြပ်ကြည့်ရှုရန်၊ ပြုစုကုသရန်နှင့် သီးခြားထားရှိကုသရန်အလို့ငှာ လိုအပ်သော အချိန်ကာလအထိ သတ်မှတ်နေရာမှအပ ဝင်ထွက်သွားလာခွင့်၊

(င) ကူးစက်မြန်ရောဂါဖြစ်ပွားပါက လူစုလူဝေးနှင့်ကျင်းပသည့် ပွဲလမ်းသဘင်၊ အခမ်းအနား၊ အစည်းအဝေးများကို ကျင်းပပြုလုပ်ခွင့် သို့မဟုတ် ကျင်းပဆဲဖြစ်ပါက ဆက်လက်ကျင်းပပြုလုပ်ခွင့်၊

(စ) ကူးစက်မြန်ရောဂါဖြစ်ပွားသည်ဟု သံသယရှိသည့် တိရစ္ဆာန် သို့မဟုတ် ယင်းတိရစ္ဆာန်ထွက်ပစ္စည်းသယ်ဆောင်လာသော ယာဉ်အား ဝင်ထွက်သွားလာခွင့်။

၂၀။ ဝန်ကြီးဌာနက လုပ်ပိုင်ခွင့်အပ်နှင်းခြင်းခံရသောအဖွဲ့အစည်း သို့မဟုတ် ကျန်းမာရေးအရာရှိသည် ကူးစက်ရောဂါ သို့မဟုတ် ကူးစက်မြန်ရောဂါဖြစ်ပွားမှုနှင့် ဆက်စပ်သော နေရာ၊ လူပုဂ္ဂိုလ်၊ ပစ္စည်း၊ တိရစ္ဆာန်၊ ယာဉ်၊ အချက်အလက်၊ လုပ်ငန်းဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ အများပြည်သူ အထိတ်တလန့်ဖြစ်စေနိုင်မည့် သတင်းရယူခြင်း၊ ပြောဆိုခြင်း၊ ရေးသားခြင်း သို့မဟုတ် သတင်းထုတ်ပြန်ခြင်း မပြုရန် ကာလသတ်မှတ်၍ တားမြစ်ပိတ်ပင်နိုင်သည်။

၂၁။ ဝန်ကြီးဌာနက လုပ်ပိုင်ခွင့်အပ်နှင်းခြင်းခံရသောအဖွဲ့အစည်း သို့မဟုတ် ကျန်းမာရေးအရာရှိသည် ပုဒ်မ ၁၉ နှင့် ၂၀ တို့အရ ဆောင်ရွက်သည့်ကိစ္စများကို ဦးစီးဌာနမှတစ်ဆင့် ဝန်ကြီးဌာနသို့ ဆောလျင်စွာ တင်ပြအစီရင်ခံရမည်။

**အခန်း (၉)**

**အပြည်ပြည်ဆိုင်ရာဝင်ပေါက်များတွင် ကူးစက်ရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း**

၂၂။ (က) အပြည်ပြည်ဆိုင်ရာ ဝင်ပေါက်များဖြစ်သော လေဆိပ်၊ ဆိပ်ကမ်းနှင့် နယ်စပ်ဝင်ပေါက်များတွင် တာဝန်ကျသော ကျန်းမာရေးအရာရှိ တစ်ဦးဦးသည် အောက်ပါတို့ကို ဆောင်ရွက်ခွင့်ရှိသည်-

(၁) ခရီးသည်တစ်ဦးဦး သို့မဟုတ် ယာဉ်တာဝန်ခံတစ်ဦးဦးထံမှ ကျန်းမာရေးဆိုင်ရာ မှတ်တမ်း၊ အထောက်အထားနှင့်စာရွက်စာတမ်းများ၊ ဆက်သွယ်ရမည့် နေရပ်လိပ်စာ အပါအဝင် သက်ဆိုင်သည့် အချက်အလက်များအား လိုအပ်သလို တောင်းယူစစ်ဆေးခြင်း၊ ကျန်းမာရေးဆိုင်ရာ ဆန်းစစ်မေးခွန်းပုံစံများတွင် ခရီးသည်ကိုယ်တိုင် မိမိ၏ကျန်းမာရေး အခြေအနေကို ဖြည့်သွင်းဖော်ပြစေခြင်းနှင့် လိုအပ်သော ကျန်းမာရေးဆိုင်ရာ စမ်းသပ်စစ်ဆေးမှု ပြုလုပ်ခြင်း၊

(၂) ခရီးသည်၏ ကာကွယ်ဆေးထိုးနှံထားရှိမှုမှတ်တမ်း တောင်းယူစစ်ဆေးခြင်းနှင့် ကာကွယ်ဆေးတိုက်ကျွေးခြင်း၊ ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းများကို လိုအပ်သလို ဆောင်ရွက်ခြင်း၊

(၃) ယာဉ်နှင့် ကုန်ပစ္စည်းများတွင် ခြင်၊ ယင်၊ ပိုးမွှား၊ ကြွက်နှင့် ရောဂါပိုးများ ကင်းစင်မှုအခြေအနေကို စစ်ဆေးခြင်း၊ လိုအပ်သော အထောက်အထားများ တောင်းယူစစ်ဆေးခြင်းနှင့် လိုအပ်သလို လမ်းညွှန်ခြင်း၊

(၄) ကူးစက်ရောဂါဖြစ်ပွားသူ သို့မဟုတ် သံသယလူနာတွေ့ရှိပါက အဆိုပါလူနာအပါအဝင် လူနာနှင့် ထိတွေ့သူများကို သတ်မှတ်ထားသောနေရာတွင်ထားရှိပြီး အသွားအလာ တားမြစ်ပိတ်ပင်၍ စောင့်ကြပ်ကြည့်ရှုခြင်း သို့မဟုတ် သတ်မှတ်ထားသော ဆေးရုံ၊ ဆေးခန်းများတွင် သီးခြားထားရှိ ကုသခြင်းတို့ကို လိုအပ်သလို ဆောင်ရွက်ခြင်း၊

(၅) လေယာဉ်၊ ရေယာဉ်၊ မော်တော်ယာဉ်နှင့် အခြားယာဉ် တစ်မျိုးမျိုး၌ ကူးစက်ရောဂါ ဖြစ်ပွားသူ သို့မဟုတ် သံသယလူနာ သို့မဟုတ် ခြင်၊ ယင်၊ ပိုးမွှား၊ ကြွက်နှင့် တိရစ္ဆာန်များပါရှိသည်ဟု သံသယရှိပါက အဆိုပါယာဉ်များအား သတ်မှတ်နေရာတွင်သာ ဆိုက်ကပ်စေခြင်းနှင့် ကုန်တင်၊ ကုန်ချခြင်းများ ပြုလုပ်စေရန် သို့မဟုတ် ဆိုက်ကပ်ခြင်းနှင့် ကုန်တင်၊ ကုန်ချခြင်းများ လုံးဝမပြုလုပ်စေရန် တားမြစ်ခြင်း၊

(၆) နိုင်ငံတကာ ခရီးသွားလာသူများအတွက် ကာကွယ်ဆေးထိုးနှံပေးခြင်း အပါအဝင် လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို စီမံဆောင်ရွက်ပေးခြင်း၊

(၇) အပြည်ပြည်ဆိုင်ရာကျန်းမာရေးစည်းမျဉ်းများအရ ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ဝန်ကြီးဌာနတို့က အခါအားလျော်စွာ ထုတ်ပြန်သော ညွှန်ကြားချက်များနှင့်အညီ ကူးစက်ရောဂါနှင့်စပ်လျဉ်း၍ ကြိုတင်ကာကွယ်ခြင်း၊ စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်း၊ ထိန်းချုပ်ခြင်းလုပ်ငန်းများအား ဆောင်ရွက်ခြင်းနှင့် လမ်းညွှန်ခြင်း။

(ခ) သက်ဆိုင်ရာကျန်းမာရေးအရာရှိသည် ပုဒ်မခွဲ (က) အရ ဆောင်ရွက်ရာတွင် မိမိဆောင်ရွက်မည့် လုပ်ငန်းနှင့်ဆက်စပ်သော အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းနှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

(ဂ) ပုဒ်မ ၂၃ (က) ပါ အကြောင်းကြားချက်ကိုရရှိပါက တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများအတွက် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ တာဝန်ရှိသူထံ ဆက်သွယ်အကြောင်းကြားရမည်။

၂၃။ အပြည်ပြည်ဆိုင်ရာဝင်ပေါက်များဖြစ်သော လေဆိပ်၊ ဆိပ်ကမ်းနှင့် နယ်စပ်ဝင်ပေါက်များမှတစ်ဆင့် ဝင်ရောက်လာသော လေယာဉ်၊ ရေယာဉ်၊ မော်တော်ယာဉ်နှင့် အခြားယာဉ်တစ်မျိုးမျိုး၏ သက်ဆိုင်ရာ ယာဉ်တာဝန်ခံများသည်-

(က) ဝန်ကြီးဌာနက အခါအားလျော်စွာ ထုတ်ပြန်ထားသည့် ကူးစက်ရောဂါဖြစ်ပွားသူ သို့မဟုတ် သံသယလူနာ၊ တိရစ္ဆာန် သို့မဟုတ် တိရစ္ဆာန်ထွက်ပစ္စည်းများပါရှိသည်ဟု သံသယရှိလျှင် ယာဉ်မဆိုက်ရောက်မီ သက်ဆိုင်ရာ ကျန်းမာရေးအရာရှိထံ ကြိုတင်အကြောင်းကြားရမည်။

(ခ) လေယာဉ်၊ ရေယာဉ်၊ မော်တော်ယာဉ်နှင့် အခြားယာဉ်တစ်မျိုးမျိုးမှတစ်ဆင့် အညစ်အကြေးများကိုစွန့်ပစ်ရာတွင် ပတ်ဝန်းကျင်သို့ ကူးစက်ရောဂါပိုးများ ပျံ့နှံ့မှုမရှိစေရေးအတွက် ဝန်ကြီးဌာနနှင့် ဦးစီးဌာနတို့က ထုတ်ပြန်ထားသော နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

၂၄။ ကုန်ပစ္စည်းတင်သွင်းသူ သို့မဟုတ် ကုန်ပစ္စည်းလက်ခံစစ်ဆေးသူသည် အပြည်ပြည်ဆိုင်ရာ ဝင်ပေါက်များဖြစ်သော လေဆိပ်၊ ဆိပ်ကမ်းနှင့် နယ်စပ်ဝင်ပေါက်များမှတစ်ဆင့် ဝင်ရောက်လာသည့် ကုန်ပစ္စည်း၊ ကုန်သေတ္တာနှင့် ယာဉ်များတွင် ကူးစက်ရောဂါပိုးကင်းစင်ရေး စစ်ဆေးရန်နှင့် ပိုးသန့်စင်ရန် တာဝန်ယူဆောင်ရွက်ရမည်။

၂၅။ အပြည်ပြည်ဆိုင်ရာဝင်ပေါက်များဖြစ်သော လေဆိပ်၊ ဆိပ်ကမ်းနှင့် နယ်စပ်ဝင်ပေါက်များတွင် ကူးစက်ရောဂါများကို သယ်ဆောင်ကူးစက် ပျံ့နှံ့စေနိုင်သော ခြင်၊ ယင်၊ ပိုးမွှားနှင့် ကြွက်များ ကင်းစင်ရေးအတွက် တာဝန်ယူထားသော အဖွဲ့အစည်းမှ တာဝန်ခံ ပုဂ္ဂိုလ် သို့မဟုတ် အလုပ်ရှင်က တာဝန်ယူဆောင်ရွက်ရမည်။

၂၆။ အပြည်ပြည်ဆိုင်ရာဝင်ပေါက်များဖြစ်သော လေဆိပ်၊ ဆိပ်ကမ်းနှင့် နယ်စပ်ဝင်ပေါက်များတွင် ကူးစက်ရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းကို ဆောင်ရွက်ရာ၌ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ ကုမ္ပဏီများနှင့် အဖွဲ့အစည်းအသီးသီးအနေဖြင့် ပူးပေါင်းပါဝင်ကူညီဆောင်ရွက်ရမည်။

**အခန်း (၁၀)**

**ပြစ်မှုနှင့် ပြစ်ဒဏ်များ**

၂၇။ အိမ်ထောင်ဦးစီး သို့မဟုတ် အိမ်ထောင်စုဝင် မည်သူမဆို ပုဒ်မ ၇ အရ ထုတ်ပြန်သောအမိန့် သို့မဟုတ် ညွှန်ကြားချက်များကို လိုက်နာရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား အနည်းဆုံး ကျပ်သုံးသောင်းမှ အများဆုံး ကျပ်ငါးသောင်းအထိ ငွေဒဏ်ချမှတ်ရမည်။ ထပ်မံပြစ်မှုကျူးလွန်ခြင်းဖြစ်ပါက ထိုသူအား အနည်းဆုံး ကျပ်တစ်သိန်းမှ အများဆုံး ကျပ်သုံးသိန်းအထိ ငွေဒဏ်ချမှတ်ရမည်။

၂၈။ မည်သည့်လုပ်ငန်းရှင် သို့မဟုတ် တာဝန်ခံပုဂ္ဂိုလ်မဆို ပုဒ်မ ၇ အရ ထုတ်ပြန်သောအမိန့် သို့မဟုတ် ညွှန်ကြားချက်များကို လိုက်နာရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား အနည်းဆုံး ကျပ်တစ်သိန်းမှ အများဆုံး ကျပ်သုံးသိန်းအထိ ငွေဒဏ်ချမှတ်ရမည်။ ထပ်မံပြစ်မှုကျူးလွန်ခြင်းဖြစ်ပါက ထိုသူအား ထောင်ဒဏ် ၆ လ ချမှတ်ရမည့်အပြင် အနည်းဆုံး ကျပ်ငါးသိန်းမှ အများဆုံး ကျပ်တစ်ဆယ့်ငါးသိန်းအထိ ငွေဒဏ်ချမှတ်ရမည်။

၂၉။ မည်သူမဆို ပုဒ်မ ၈ အရ ကျန်းမာရေးအရာရှိ၏ စီမံဆောင်ရွက်ခြင်းကို လိုက်နာရန်ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား အနည်းဆုံး ကျပ်ငါးသောင်းမှ အများဆုံး ကျပ်တစ်သိန်းအထိ ငွေဒဏ်ချမှတ်ရမည်။ ထပ်မံပြစ်မှုကျူးလွန်ခြင်းဖြစ်ပါက ထိုသူအား ခြောက်လထက်မပိုသော ထောင်ဒဏ်ချမှတ်ရမည့်အပြင် အနည်းဆုံး ကျပ်ငါးသိန်းမှ အများဆုံး ကျပ်တစ်ဆယ့်ငါးသိန်းအထိ ငွေဒဏ်ချမှတ်ရမည်။

၃၀။ အိမ်ထောင်ဦးစီး သို့မဟုတ် အိမ်ထောင်စုဝင်မည်သူမဆို ပုဒ်မ ၁၄ ပါ လုပ်ငန်းများကို ဆောင်ရွက်ရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ပထမအကြိမ် ပြစ်မှုကျူးလွန်ခြင်းဖြစ်ပါက ထိုသူအား အနည်းဆုံး ကျပ်တစ်သောင်းမှ အများဆုံး ကျပ်သုံးသောင်းအထိ ငွေဒဏ်ချမှတ်ရမည်။ ထပ်မံပြစ်မှုကျူးလွန်ခြင်းဖြစ်ပါက ထိုသူအား အနည်းဆုံး ကျပ်ငါးသောင်းမှ အများဆုံး ကျပ်တစ်သိန်းအထိ ငွေဒဏ် ချမှတ်ရမည်။

၃၁။ မည်သည့်လုပ်ငန်းရှင် သို့မဟုတ် တာဝန်ခံပုဂ္ဂိုလ်မဆို ပုဒ်မ ၁၄ ပါ လုပ်ငန်းများကို ဆောင်ရွက်ရန်ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား အနည်းဆုံး ကျပ်တစ်သိန်းမှ အများဆုံး ကျပ်သုံးသိန်းအထိ ငွေဒဏ်ချမှတ်ရမည်။ ထပ်မံ ပြစ်မှုကျူးလွန်ခြင်းဖြစ်ပါက ထိုသူအား အနည်းဆုံး ကျပ်ငါးသိန်းမှ အများဆုံး ကျပ်တစ်ဆယ့်ငါးသိန်းအထိ ငွေဒဏ် ချမှတ်ရမည်။

**(ဆက်လက်ဖော်ပြပါမည်)**

# ပန်းတောင်းမြို့ ရှေးဟောင်းသမိုင်းဝင် ဖိုးဦးတောင်စေတီတော်မြတ်ကြီး ဗုဒ္ဓါဘိသေက ရတနာစိန်ဖူးတော် အထွတ်တင်မင်္ဂလာအခမ်းအနား ကျင်းပ



**ပဲခူး ဖေဖော်ဝါရီ ၉**

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့ရှိ ရှေးဟောင်းသမိုင်းဝင် ဖိုးဦးတောင်စေတီတော်မြတ်ကြီး ဗုဒ္ဓါဘိသေက ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော် အထွတ်တင်မင်္ဂလာအခမ်းအနားကို ဖေဖော်ဝါရီ ၈ ရက် နံနက် ၉ နာရီက ကျင်းပသည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်း၊ အစိုးရအဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်များနှင့် အလှူရှင်များက စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့ကို ပင့်ဆောင်ကာ စေတီတော်မြတ်ကြီးအား လက်ယာရစ် သုံးပတ်ပူဇော်ပြီး စေတီတော်အထွတ်သို့ စိန်ဖူးတော်နှင့်ငှက်မြတ်နားတော်တို့ကို ရထားပျံပန်းရထားဖြင့် တင်လှူပူဇော်ကြသည်။

အဆိုပါ ဖိုးဦးတောင်စေတီတော်မြတ်ကြီးအား အဇ္ဇကုံ၊ ဘလ္လိက ကုန်သည်ညီနောင်မှ စတင်တည်ထားခဲ့ပြီး ကာလကြာသော် ဆင်ဖြူရှင်မင်းက ၁၁၃၆ ခုနှစ် AD-1774 တွင်ပြုပြင်ခဲ့သည်။ ထို့နောက် အလှူရှင်များက ၂၀၀၀ ပြည့်နှစ် မေ ၂၂ ရက်တွင် တစ်ကြိမ်၊ ၂၀၁၇ ခုနှစ် ဧပြီ ၂၉ ရက်တွင် တစ်ကြိမ် ထီးတော် စိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့အား တပ်ဆင်လှူဒါန်းပေးကြပြီး ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ ၈ ရက်တွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ၊ အလှူရှင်များစုပေါင်းကာ စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်သစ်အား ထပ်မံတပ်ဆင် တင်လှူပူဇော်ကြခြင်းဖြစ်ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**



# အများပြည်သူသယ်ယူပို့ဆောင်ရေးနှင့် ဖွံ့ဖြိုးရေးဆောင်းပါးများစာအုပ် မိတ်ဆက်လှူဒါန်း

**ရန်ကုန် ဖေဖော်ဝါရီ ၉**

စာရေးဆရာဒေါက်တာမောင်အောင် ရေးသားသည့် အများပြည်သူသယ်ယူပို့ဆောင်ရေးဆိုင်ရာ ဆောင်းပါးများစာအုပ်နှင့် ဖွံ့ဖြိုးရေးဆောင်းပါးများ အတွဲ(၄)စာအုပ်သစ်နှစ်အုပ် မိတ်ဆက်လှူဒါန်းပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၈ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းရုံးချုပ် ရွှေဥဒေါင်းခန်းမ၌ ကျင်းပသည်။

ဘေးကင်းလုံခြုံပြီး ဝန်ဆောင်မှုကောင်းသည့် အများပြည်သူ သယ်ယူပို့ဆောင်ရေးနည်းလမ်းများ ပိုမိုထွန်းကားလာစေရန်နှင့် ပြည်သူများအကြား စီးပွားရေးဖွံ့ဖြိုးမှုဆိုင်ရာ အသိအမြင်၊ ဗဟုသုတများ ပိုမိုရရှိလာစေရန် ရည်ရွယ်၍ ရေးသားထုတ်ဝေခြင်းဖြစ်ကြောင်း စာရေးဆရာဒေါက်တာမောင်အောင်က ပြောကြားသည်။

ယင်းစာအုပ်သစ်များကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသို့ အုပ် ၈၀၊ အမျိုးသားစာကြည့်တိုက်သို့ ၃၈ အုပ်၊ မြန်မာနိုင်ငံစာကြည့်တိုက်များအသင်းသို့ အုပ် ၈၀၊ စာပေဗိမာန်စာကြည့်တိုက်သို့ ၃၄ အုပ် စုစုပေါင်း စာအုပ် ၂၃၂ အုပ်အား သက်ဆိုင်ရာတာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းသည်။

**အေးမင်းသူ**

# ရပ်ရွာအခြေပြု မူးယစ်ဆေးဖြတ်ကုသရေးနှင့် ပြန်လည်ထူထောင်ရေး သင်တန်းဖွင့်

**ပင်လည်ဘူး ဖေဖော်ဝါရီ ၉**

ရပ်ရွာအခြေပြုမူးယစ်ဆေးဖြတ်ကုသရေးနှင့် ပြန်လည်ထူထောင်ရေး သင်တန်းဖွင့်ပွဲကို ပင်လည်ဘူးမြို့နယ် ကင်းပန်းကျေးရွာ၌ ဖေဖော်ဝါရီ ၅ ရက် နံနက် ၁၀ နာရီတွင် ကျင်းပသည်။

စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးသန်းနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီး ဦးမိုးကျော်သူတို့က အမှာစကားပြောကြားပြီး ပင်လည်ဘူးမြို့နယ် အမှတ်(၂)တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်က သင်တန်းဖွင့်လှစ်ရခြင်းအကြောင်း ရှင်းလင်းပြောကြားသည်။

ပင်လည်ဘူးမြို့နယ် ဆေးရုံအုပ်ကြီး ဒေါက်တာကျော်နိုင်က ကုသရေးလုပ်ငန်းစဉ်နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ပြန်လည်ထူထောင်ရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးအေးလွင်က ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်အကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ဦးသက်ထွန်းအောင်-ဒေါ်ဝင်းဝင်းရွှေ (သက်ထွန်းအောင်ကုမ္ပဏီလီမိတက်) ကောလင်းမြို့က သင်တန်းသား ၅၀ အတွက် ဝတ်စုံစရိတ် ငွေကျပ် ငါးသိန်းအား ပင်လည်ဘူးမြို့နယ် အုပ်ချုပ်ရေးမှူး ဦးရန်နိုင်စိုးမှတစ်ဆင့် လှူဒါန်းသည်။

ထို့နောက် တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ၊ လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီး၊ ပင်လည်ဘူးမြို့ လွှတ်တော်ကိုယ်စားလှယ်နှင့် ဝန်းသိုမြို့နယ် လွှတ်တော်ကိုယ်စားလှယ်တို့က သင်တန်းသားအိပ်ဆောင်များအားကြည့်ရှုခဲ့ပြီးနောက် ပင်လည်ဘူးမြို့နယ်ဆေးရုံအုပ်ကြီးနှင့်အဖွဲ့မှ ကျန်းမာရေးစစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့သည်။

အဆိုပါသင်တန်းကို သင်တန်းသား ၅၀ ဖြင့် ဖေဖော်ဝါရီ ၅ ရက်မှ မတ် ၁၅ ရက်ထိ ရက် ၄၀ ကြာ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်ရွှေဝင်း(ပြည်)**

## သတင်းစုံကဏ္ဍ

### ရွှေကျင်ဂိုဏ်းလုံးဆိုင်ရာ ဝိနည်းစာတော်ပြန်ပွဲ ကျင်းပ

**ကျောင်းကုန်း**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် အမှတ်(၂)ရပ်ကွက် ဒက္ခိဏာရာမ(ရွှေကျင်) ပရိယတ္တိစာသင်တိုက် ဓမ္မကေသရမဥ္ဇရီဗိမာန်တွင် ဖေဖော်ဝါရီ ၈ ရက် နံနက် ၉ နာရီက (၇၃)ကြိမ်မြောက် ငါးမြို့နယ် ရွှေကျင်ဂိုဏ်းလုံးဆိုင်ရာ ဝိနည်းစာတော်ပြန်ပွဲ ဆုနှင်းသဘင်ကျင်းပသည်။

မူလတန်းအဆင့် ၁၃ ပါး၊ ပထမအဆင့် ၃၇ ပါး၊ ဒုတိယအဆင့် ၂၅ ပါး၊ တတိယအဆင့် ၃၇ ပါး အောင်မြင်ခဲ့ကြကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

### ပထမပြန်စာမေးပွဲ ကျင်းပ

**ရန်ကုန်**

ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်လုံးဆိုင်ရာ စတုတ္ထအကြိမ်မြောက် ဂိုဏ်းပေါင်းစုံသာသနာနုဂ္ဂဟပရိယတ္တိ ပထမပြန်စာမေးပွဲကြီးကို (၉၃) ရပ်ကွက် အောင်သုခပရိယတ္တိဘုန်းတော်ကြီးကျောင်းတိုက်၌ ဖေဖော်ဝါရီ ၈ ရက် မွန်းတည့် ၁၂ နာရီက ကျင်းပခဲ့သည်။

ရှင်သာမဏေ ၂၀၂ ပါးနှင့် သီလရှင်ဆရာလေး အပါး ၄၀ စုစုပေါင်း ၂၄၂ ပါးတို့က ဝင်ရောက်ဖြေဆိုခဲ့ကြောင်း သိရသည်။ **ကျင်မောင်**

### ရေတာရှည်မြို့၌ ဆွမ်းဆန်စိမ်းလောင်းလှူ

**ရေတာရှည်**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့လုံးဆိုင်ရာ သံဃာ့ဒါန ဒုတိယအကြိမ်မြောက် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ဖေဖော်ဝါရီ ၈ ရက် ညနေ ၃ နာရီက ကျင်းပသည်။

ဆရာတော် သံဃာတော်များနှင့် သီလရှင် အပါး ၁၆၀ တို့သည် ရေတာရှည်မြို့ အမှတ် (၁) ရပ်ကွက်ရှိ မြို့ဦးပရိယတ္တိစာသင်တိုက်မှတစ်ဆင့် ရန်ကုန်-မန္တလေးကားလမ်းအတိုင်း တောင်ဘက်သို့ကြွရောက်တော်မူပြီး ကရင်ချောင်းလမ်းနှင့် ဓာတ်တော်ဘုရားကြီးရှေ့အထိ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများနှင့် ကုသိုလ်ရှင်၊ စေတနာရှင်များက စုပေါင်းလောင်းလှူခဲ့ကြကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

### ရွှေဘိုမြို့ ရွှေတန်ဆာဘုရား၌ စတုဒိသာကျွေးမွေး

**ရွှေဘို**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့တွင် ဖေဖော်ဝါရီ ၈ ရက် တပို့တွဲလပြည့်နေ့ ညနေ ၃ နာရီက ရွှေတန်ဆာဘုရားရင်ပြင်၌ ပြုလုပ်သော စတုဒိသာ အလှူတော်တွင် လာရောက်သုံးဆောင်ကြသူများဖြင့် စည်ကားနေသည်ကို တွေ့ရသည်။

လာရောက်သုံးဆောင်သူများအား ထမင်း၊ ငါးခြောက်ချက်၊ ချဉ်ရည်ဟင်း၊ ငရုတ်သီးကြော်၊ ပဲနှပ်ချက်များဖြင့် အာဟာရဒါနကုသိုလ်ပြုခဲ့ကြပြီး ကုသိုလ်ရှင်များမှာ ရွှေတန်ဆာဘုရားသနပ်ခါးတန်း၊ သနပ်ခါးရောင်းဝယ်ရေးမိသားစုများ စုပေါင်းအလှူဖြစ်ကြောင်း သိရသည်။ **မိုးသောက်(ရွှေဘို)**





နေပြည်တော် ဇေယျာသီရိမြို့နယ် ခေတ်အေးကျေးရွာအုပ်စု စက်ကုန်းကျေးရွာတွင် ဖေဖော်ဝါရီ ၉ ရက် မွန်းလွဲပိုင်းက ရွှေတွင်းကုန်းမြို့မရဲစခန်းမှ စခန်းမှူး ဒုရဲမှူး အောင်ဇော်ထွန်းနှင့်အဖွဲ့က ကျေးရွာရာအိမ်မှူး အိမ်၌ ကျေးရွာသူ ကျေးရွာသားများအား မူးယစ်ဆေးဝါး အန္တရာယ်နှင့် မှုခင်းများ မဖြစ်ပွားစေရေး အသိပညာပေး ဟောပြောစဉ်။ ခွန်းဆက်နေ

# သီပေါ၌ သနပ်ခါးနံ့သာဆီမီးပူဇော်ပွဲ ပြန်လည်ဖော်ထုတ်ကျင်းပ

**သီပေါ ဖေဖော်ဝါရီ ၉**

တိမ်မြုပ်ပျောက်ကွယ်လုဖြစ်နေသော ရှေးဟောင်းရိုးရာယဉ်ကျေးမှုတစ်ခုဖြစ်သည့် တပို့တွဲလပြည့်နေ့ မြတ်စွာဘုရားအား သနပ်ခါးနံ့သာ ဆီမီးပူဇော်ပွဲကို တပို့တွဲလပြည့်နေ့ည ၇ နာရီက ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် ရှေးဟောင်းသမိုင်းဝင် ပေါ်ကြိုဘုရားကြီး ဂေါပကအဖွဲ့က ပြန်လည်ဖော်ထုတ်၍ မီးပူဇော်ပွဲကျင်းပခဲ့ကြောင်း သိရသည်။

တပို့တွဲလပြည့်နေ့တွင် မြတ်စွာဘုရားအား မီးဖုန်းသဘင် (မီးပူဇော်ပွဲ)နှင့်အတူ ယာဂုအလှူပွဲဟုခေါ်ဆိုသည့် ထမနဲပွဲကို ဆင်ယင်ကျင်းပကြသည်။ တပို့တွဲလသည် အချမ်းပိုအအေးလွန်ကဲသဖြင့် "ကျွဲချိုဖျားဆတ်ဆတ်ခါ" ဟူသော စာဆိုနှင့်အညီ အလွန်အေးမြသော လရာသီဖြစ်၍ သနပ်ခါးနံ့သာထင်းများကို ပြာသာဒ်ပုံသဏ္ဌာန်နှင့် ဘုရားမီးပူဇော်ပွဲကို ကျင်းပကြသည်။

အလားတူ မြတ်စွာဘုရားအား သနပ်ခါးနံ့သာဆီမီးပူဇော်ပွဲကို မဟာစည်ဂေါပကက ဦးဆောင်ပြီး အောင်တော်မူစေတီတော်မြတ်ကြီး ပရိဝုဏ်အတွင်း သနပ်ခါးနံ့သာပင်များ ပြာသာဒ်ပုံပြုလုပ်၍ ဆီမီးပူဇော်ပွဲကျင်းပခဲ့ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

## ကျိုက်မှော်ဝန်းရေလယ်စေတီတော် ဗုဒ္ဓပူဇနိယပွဲ ကျင်းပမည်

**ကျောက်တန်း ဖေဖော်ဝါရီ ၉**

ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့ရှိ ရှေးဟောင်းသမိုင်းဝင် ကျိုက်မှော်ဝန်း ရေလယ်စေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနိယပွဲတော် ကျင်းပခဲ့ရာယခုအခါ အကြိမ် (၁၁၀)ပြည့် မြောက်ခဲ့ပြီဖြစ်သည်။



အဆိုပါ အကြိမ် (၁၁၀)ပြည့် ဗုဒ္ဓပူဇနိယပွဲတော်ကို တပေါင်းလဆန်း ၇ ရက်မှ လပြည့်နေ့ (ဖေဖော်ဝါရီလ ၂၉ ရက်မှ မတ်လ ၈ ရက်နေ့)အထိ ကိုးရက်တိုင် ဗုဒ္ဓပူဇာဓမ္မပူဇာ သံဃပူဇာ အစီအစဉ်များ၊ ဈေးရောင်းပွဲတော်၊ ပျော်ပွဲရွှင်ပွဲအစီအစဉ်များဖြင့် ကျင်းပရန် စီစဉ်ထားသည်။

ဘုရားပွဲတော် ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၉ ရက် နံနက် ၈ နာရီတွင် ပွဲတော်မှုခ်ဦး၌ ကျင်းပပြီး ထိုညမှ မတ် ၂ ရက် ညအထိ တိပိဋကရေဓမ္မဘဏ္ဍာဂါရိက ဆရာတော်ကြီးများ ကတရားချီးမြှင့်ခြင်း၊ မတ် ၃ ရက်မှ ၈ ရက်အထိ စေတီတော် ငါးစပ်တန်ဆောင်း၌ သံဃာတော် အရှင်သူမြတ် ၂၄ ပါးတို့က အသံမစဲ မဟာပဋ္ဌာန်းမြတ် ဒေသနာကို ရွတ်ဖတ်ပူဇော်ကြမည်ဖြစ်သည်။

တပေါင်းလပြည့် (မတ်လ ၈ ရက်) အရုဏ်တွင် စေတီတော်နှင့် ဗုဒ္ဓရုပ်ပွားတော်မြတ်များအား ဗုဒ္ဓါဘိသေက အနေကဇာတင် ပူဇော်ခြင်းနှင့် အများကောင်းမှု လှူဒါန်းခြင်းအစုစုကို ရေစက်သွန်းချ အမျှပေးဝေကြမည်ဖြစ်သည်။

လပြည့်နေ့တွင် မြို့နယ်အတွင်းမှ ပင့်သံဃာအပါး ၁၉၀ အား နေ့ဆွမ်းဆက်ကပ်၍ မွန်းလွဲ ၁ နာရီတွင် ဆွမ်းဆန်စိမ်း လောင်းလှူကြပြီး ညပိုင်းတွင် ရေလယ်စေတီတော်မြတ်ကြီးအား ဆီမီးမျှောပူဇော်ပွဲ၊ ဈေးရောင်းပွဲ၊ ဇာတ်သဘင်ပွဲများ ထည့်သွင်းကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **စိုးဝင်း(ကျောက်တန်း)**

## ရမည်းသင်းမြို့နယ် မြို့လှရွာ၌ သံဃာအပါး ၇၀၀ ကျော် ဆွမ်းဆန်စိမ်းလောင်းလှူ

**ရမည်းသင်း ဖေဖော်ဝါရီ ၉**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် မြို့လှအုပ်စု မြို့လှရွာတောင်ကျောင်းတိုက် ဒက္ခိဏာရာမ မဟာမုနိဘုရားကြီး၏ (၆၁) ကြိမ်မြောက် သံဃဒါနဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ဖေဖော်ဝါရီ ၈ ရက်က အဆိုပါကျောင်းတိုက်အတွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

အဆိုပါ ဆွမ်းဆန်စိမ်းလောင်းလှူပွဲသို့ ကျောင်းပေါင်း ၅၁ ကျောင်းမှ ပင့်သံဃာ ၇၀၂ ပါး ကြွရောက်တော်မူကြရာ ဆွမ်း၊ ဘောဇဉ်တို့ကို ဆက်ကပ်လှူဒါန်းကြသည်။ မွန်းလွဲပိုင်းတွင် မဟာမုနိဘုရားကြီးဝင်းအတွင်း၌ ဆွမ်းဆန်စိမ်းနှင့် လှူဒါန်းဖွယ်အစုစုတို့ကို လောင်းလှူကြကာ နဝကမ္မဝတ္ထုငွေနှင့် ပစ္စည်းအစုံတို့ကို မဲနှိုက်၍ ဆက်ကပ်လှူဒါန်းကြသည်။

ဒက္ခိဏာရာမ မဟာမုနိဘုရားကြီး သံဃဒါနဆွမ်းဆန်စိမ်းလောင်းလှူပွဲတွင် မြို့လှအုပ်စုအတွင်းရှိ မြို့လှရွာ၊ ငှက်ပျောတောရွာ (မြို့ဟောင်း)၊ တံတားဦးရွာ၊ သီးကုန်းရွာ၊ ပတ်ဝန်းကျင်အုပ်စုအတွင်းရှိ ကျေးရွာများနှင့် ရမည်းသင်းမြို့၊ မန္တလေးမြို့၊ တောင်ကြီးမြို့၊ တောကျွဲအင်းမြို့အစရှိသော မြို့နယ်များမှ အလှူရှင်များက လာရောက်လှူဒါန်းကြကြောင်း သိရသည်။

**လှိုင်သန်းတင့် (ရမည်းသင်း)**

## မန္တလေးမြို့၌ (၇၃)ကြိမ်မြောက် မွန်အမျိုးသားနေ့ အခမ်းအနားကျင်းပ

**မန္တလေး ဖေဖော်ဝါရီ ၉**

(၇၃)ကြိမ်မြောက် မွန်အမျိုးသားနေ့အခမ်းအနားကို မန္တလေးမြို့ ၈၄ လမ်းနှင့် ၄၅ လမ်းထောင့်ရှိ သာသနာ ၂၅၀၀ ဓမ္မာရုံတွင် ဖေဖော်ဝါရီ ၉ ရက် နံနက် ၉ နာရီက ကျင်းပသည်။

မန္တလေးတိုင်းဒေသကြီးလုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်ကျော်မင်း၊ မန္တလေးမြို့တော်ဝန် ဒေါက်တာရဲလွင်နှင့် ရှမ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစိုင်းပန်ဆိုင်၊ မွန်တိုင်းရင်းသားများ ဂုဏ်ထူးဆောင်နာယကကြီး ဦးနိုင်အောင်စိန်နှင့် မန္တလေးအခြေစိုက်တိုင်းရင်းသားလူမျိုးစုများအဖွဲ့ဥက္ကဋ္ဌ ဦးနိုင်မောင်မြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ယင်းနောက် မန္တလေးအခြေစိုက်တိုင်းရင်းသားလူမျိုးစုများအဖွဲ့ဥက္ကဋ္ဌ ဦးနိုင်မောင်မြင့်က (၇၃)နှစ်မြောက် မွန်အမျိုးသားနေ့ အခမ်းအနားရှင်းလင်းပြောကြားသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**

### သတင်းစုံကဏ္ဍာ

## ဗိုလ်ချုပ်မွေးနေ့အထိမ်းအမှတ် ပုံတူပန်းချီပြိုင်ပွဲ ကျင်းပ

**လှိုင်းဘွဲ့**

ဖေဖော်ဝါရီ ၁၃ ရက်တွင် ကျရောက်မည့် ဗိုလ်ချုပ်အောင်ဆန်း၏ (၁၀၅) နှစ်မြောက် မွေးနေ့အထိမ်းအမှတ်ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အထက်တန်းအဆင့် ပုံတူပန်းချီပြိုင်ပွဲကို ဖေဖော်ဝါရီ ၈ ရက် နံနက်ပိုင်းက လှိုင်းဘွဲ့မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ ကျင်းပသည်။

လှိုင်းဘွဲ့မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ အထက်တန်းအဆင့် ပုံတူပန်းချီပြိုင်ပွဲသို့ ပြိုင်ပွဲဝင် ၃၂ ဦး၊ အလယ်တန်းအဆင့် ပုံတူပန်းချီပြိုင်ပွဲသို့ ၂၇ ဦး စုစုပေါင်း ၅၉ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ချင်းစာပေဆိုင်ရာကော်မတီ အစည်းအဝေး ကျင်းပ

**ဂန့်ဂေါ**

ဂန့်ဂေါခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတွင် ဖေဖော်ဝါရီ ၈ ရက် နံနက် ၉ နာရီက မြို့နယ်ချင်းစာပေဆိုင်ရာကော်မတီနှင့် မြို့ပေါ်နှင့် ပတ်ဝန်းကျင်ကျေးရွာများတွင် ချင်းစာပေသင်ကြားသည့် ဆရာ ဆရာမများ တွေ့ဆုံဆွေးနွေးပွဲ ပြုလုပ်သည်။ မြို့နယ် ချင်းစာပေဆိုင်ရာကော်မတီဥက္ကဋ္ဌ ဦးကုန်မာန်းလျန်က တွေ့ဆုံဆွေးနွေးပွဲနှင့် ပတ်သက်သည်တို့ကို ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသည့် ဆရာ ဆရာမများက ချင်းစာပေဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးတင်ပြကြသည်။

**စိန်ကျော်**

## ဈေးမီးဘေးကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်

**ကျောက်ပန်းတောင်း**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့ မြို့မစည်ပင်သာယာဈေးကြီး မီးဘေးကြိုတင်ကာကွယ်ရေး ဆောင်ရွက်မှုအဖြစ် ဖေဖော်ဝါရီ ၈ ရက် နံနက် ၁၀ နာရီခွဲက မီးငြိမ်းသတ်ခြင်းဇာတ်တိုက်လေ့ကျင့်မှုကို အဆိုပါဈေးကြီးအတွင်း ပြုလုပ်ခဲ့သည်။ မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဇော်ငွေနှင့် သန္နေတပ်ဖွဲ့ဝင် ၁၅ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ငါးဦးတို့က မီးသတ်ယာဉ်နှစ်စီး၊ ရေသယ်ယာဉ်တစ်စီးတို့ဖြင့် ဈေးကြီးအတွင်း မီးငြိမ်းသတ်ခြင်း ဇာတ်တိုက်လေ့ကျင့်ခဲ့ကြသည်။

**ကိုနေ(ကျောက်ပန်းတောင်း)**

## သုဝဏ္ဏဝတီမြို့၌ (၇၃)ကြိမ်မြောက် မွန်အမျိုးသားနေ့ ကျင်းပ

